# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်    ၂၀၁၅ ခုနှစ်၊ ဇွန် ၉ ရက်၊ အင်္ဂါနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၆၇]


**အေးစေ မြစေ မေတ္တာရေ**

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံမမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်သည့် တိုးတက်မှုများကို အသိအမှတ်ပြုသည့်ဂုဏ်ပြုလက်မှတ် မြန်မာနိုင်ငံအား ချီးမြှင့်

သတင်း၊ စာ » ၉

# မြန်မာနှင့် တရုတ် သံတမန်ဆက်ဆံမှုထူထောင်သည့် (၆၅)နှစ်မြောက်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှန်တို့သည် ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုထူထောင်သည့် (၆၅)နှစ်မြောက်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် နှစ်နိုင်ငံ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ရန်ဟို့လန်နှင့်ဇနီးတို့က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သံတမန် ဆက်ဆံမှု ထူထောင်သည့် (၆၅)နှစ် မြောက်နေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ တက်ရောက်လာကြသော ဧည့်သည်တော်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**




# မြန်မာနိုင်ငံမှကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက်အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်း

## သတင်းထုတ်ပြန်ချက်

၁။ မေ ၂၁ ရက်နေ့တွင် တပ်မတော်(ရေ) က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူ ၂၀၈ ဦးအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် အတည်ပြုပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို ဇွန် ၈ ရက်နေ့တွင် နှစ်နိုင်ငံ နယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းပြီး ဖြစ်ပါသည်။ ယင်းလွှဲပြောင်းခြင်း အခမ်းအနားပြုလုပ်သည့် တောင်ပြို(လက်ဝဲ)သို့ ဘင်္ဂလားဒေ့ရှ်၊ ကော့ဘဇားနယ်ခြားစောင့်တပ်ဖွဲ့ (၁၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာဆိုင်ဖူ အာလမ် ခေါင်းဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါ ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၈ရက်နေ့ နံနက် ၁၁ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို စစ်ဆေးပြီး နှစ်ဖက်လက်မှတ်ရေးထိုး၍ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်လွှဲပြောင်းခဲ့ပါသည်။ ယင်းအခမ်းအနားတွင် မြန်မာဘက်မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ဒုတိယဒေသကွပ်ကဲရေးမှူး ရဲမှူးကြီးမျိုးဆွေက ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများကို လွှဲပြောင်းပေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်၊ ကော့ဘဇားနယ်ခြားစောင့် တပ်ဖွဲ့(၁၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာဆိုင်ဖူ အာလမ်က လက်ခံခဲ့ပါသည်။ ယင်းအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကိုလက်ခံခေါ်ဆောင်၍ ညနေ ၃နာရီ ၁၀မိနစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။ လေ့လာသူများအဖြစ် စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မစ္စတာ မိုဟာမက်ဘူဘာရာမန်နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့၊ နယ်မြေခံဗျူဟာမှူး ဗိုလ်မှူးကြီးမိုဟာမက် ခါလက်အူဇမန်တို့လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၂။ မေ ၂၁ ရက်နေ့တွင် ကယ်ဆယ်ထားပြီး ယာယီခိုလှုံခွင့်ပေးထားသူ ၂၀၈ ဦးအနက် နိုင်ငံသားစိစစ်မှုဆောင်ရွက်ဆဲဖြစ်သည့် ကျန်ရှိသူများနှင့် မေ ၂၉ ရက်နေ့တွင် ကယ်ဆယ်၍ ယာယီခိုလှုံခွင့်ပေးထားသူ ၇၀၀ ကျော်တို့ကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ တာဝန်ရှိသူများက ဆက်လက်စိစစ်မှုများ ပြုလုပ်လျက်ရှိပါသည်။ စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**နေပြည်တော်။**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဆန္ဒနှင့်ဝီရိယကို အခြေခံကြိုးစား

မည်သည့် အောင်မြင်မှုနှင့်တိုးတက်မှုမဆို ဆန္ဒနှင့် ဝီရိယတို့ကို အခြေခံ၍ ကြိုးစားအားထုတ်မှသာ အောင်မြင်တိုးတက်မှုများ ရရှိနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓစာပေကျမ်းဂန်တို့၌ ''ဆန္ဒဝတော ကိံ နာမ ကမ္မံန သိဇ္ဈတိ''ပြင်းပြသော ဆန္ဒရှိသောပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့်အလုပ်ကိစ္စဟူ၍မရှိ။ ''ဝီရိယဝတော ကိံ နာမ ကမ္မံန သိဇ္ဈတိ'' ပြင်းပြသောဝီရိယရှိသောပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိဟု ဆိုထားသည်။ မှန်ပေသည်။ အောင်မြင်မှုတစ်ခုခုကို ရလိုသူတိုင်းသည် ဦးစွာပထမ ပြင်းပြသောဆန္ဒရှိရမှာဖြစ်သည်။ ထိုပြင်းပြသော ဆန္ဒနှင့်အတူ ဝီရိယစိုက်ထုတ်ကြိုးစားမည်ဆိုလျှင် အောင်မြင်မှုသည် မုချမသွေရရှိရမည်သာဖြစ်သည်။ ပြီးခဲ့သည့် ဇွန် ၆ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပါသည်။

ယခုနှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူပေါင်း ၅၉၇၉၄၆ ဦးရှိသည့်အနက် ၂၂၄၈၄၇ ဦး အောင်မြင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၆၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယမန်နှစ်က ဖြေဆိုသူ ၅၄၁၉၄၆ ဦးအနက် အောင်မြင်သူ ၁၇၁၆၄၇ ဦးရှိခဲ့ပြီး ၃၁ ဒသမ ၆၇ ရာခိုင်နှုန်းရှိသည်။ ယခုနှစ်သည် ယမန်နှစ်ကနှင့် နှိုင်းစာလျှင် ၅ ရာခိုင်နှုန်းပို၍ အောင်မြင်ခဲ့သည်။ ဤအချက်များကို တွက်ချက်စဉ်းစားလျှင် ဆန္ဒနှင့် ဝီရိယတို့ကို အခြေခံ၍ ကြိုးစားအားထုတ်မှုမှာ အားနည်းခြင်း၊ အားသာခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ အောင်မြင်သူများမှာ ဆန္ဒနှင့်ဝီရိယတို့ကို အခြေခံ၍ ပြင်းထန်စွာ ကြိုးစားအားထုတ်သူများဟု ဆိုရမည်သာဖြစ်ပါသည်။ ကျရှုံးသူများမှာ ဆန္ဒနှင့်ဝီရိယ လုံ့လပြုအားစိုက်မှု လိုအပ်ချက်များ ရှိနေသည်ဟု ဆိုနိုင်ပေသည်။

ငါသည် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းစွာဖြေဆို၍ အောင်မြင်အောင် ကြိုးစားအားထုတ်ပါမည်ဟု ပြင်းထန်သောဆန္ဒနှင့် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချမှတ်နိုင်ရမည်ဖြစ်ပါသည်။ ထိုထက်ပို၍ ဂုဏ်ထူးမည်မျှထွက်အောင် ကြိုးစားမည်ဟု ဆန္ဒနှင့်ဆုံးဖြတ်ချက်ကို အခိုင်အမာချမှတ်နိုင်လျှင် ပို၍ကောင်းပါသည်။ ဤသို့ ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အညီ လုံ့လဝီရိယပြု၍ ကြိုးစားအားထုတ်ဖို့လိုပါသည်။ မည်မျှပင်ဆန္ဒပြင်းပြ၍ ဆုံးဖြတ်ချက်ခိုင်မာစေကာမူ လုံ့လဝီရိယစိုက်ထုတ်၍ ကြိုးစားခြင်းမရှိလျှင် အောင်မြင်မှုရနိုင်မည်မဟုတ်ပါ။ အောင်မြင်မှုတစ်ခုအတွက် ဆန္ဒလည်းပြင်းပြရမည်ဖြစ်သလို ဝီရိယစိုက်ထုတ်ကြိုးစားဖို့လည်း လိုအပ်ပါသည်။

ကျောင်းသား ကျောင်းသူများသည် မည်သည့်အတန်း၌မဆို စာမေးပွဲကို ထူးချွန်စွာအောင်မြင်လိုလျှင် အောင်ရမည်ဟူသော အောင်စိတ်ကို ဦးစွာမွေးမြူ၍ ဝီရိယစိုက်ထုတ်ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။ ယခုနှစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကား စတင်လေပြီ။ အတန်းတင်စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်ရန် ယခုကတည်းက ဆန္ဒပြင်းပြမှုနှင့် ဝီရိယတို့ကို အခြေခံ၍ ကြိုးစားအားထုတ်ကြဖို့လိုပါသည်။ အောင်ရမည်ဆိုသော ပြင်းထန်သည့်ဆန္ဒနှင့် ကြိုးစားအားထုတ်မှုဝီရိယတို့နောက်တွင် အောင်မြင်မှုသည် အသေအချာရှိနေပါသည်။ သို့ပါ၍ အောင်မြင်မှုအတွက် ဆန္ဒနှင့်ဝီရိယတို့ကို အခြေခံ၍ ကြိုးစားအားထုတ်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊ မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

## တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု သီပေါမြို့နယ်၌ ယမန်နှစ်ထက်အောင်ချက်မြင့်

**သီပေါ ဇွန် ၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက် နံနက် ၆ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ပညာရေးမှူးရုံး၌ အောင်စာရင်းများ ကပ်နှံထားရာ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများ စည်ကားစွာ လာရောက်ကြည့်ရှုကြသည်ကို တွေ့ရသည်။

သီပေါမြို့နယ် စာစစ်ဌာနအနေဖြင့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ သုံးဦး၊ နှစ်ဘာသာ ခြောက်ဦး၊ တစ်ဘာသာ ၄၁ ဦး ထွက်ရှိပြီး တစ်မြို့နယ်လုံး အောင်ချက် ၃၈ ရာခိုင်နှုန်း ဖြစ်၍ ယခုနှစ်အောင်ချက်မှာ ယမန်နှစ်ထက် အောင်ချက်မြင့်မားကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က ပြောသည်။

**စိုင်း(သီပေါ)**






## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ဒေါ့ဖုန်းယန် ဇွန် ၈**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့ မိုးလဲချောင်းဒေသ ဖာကေကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၆ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ့ဖုန်းယန်မြို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီတို့နှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုအကြောင်းရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးသိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးသိကောင်းစရာများကို ရှမ်းဘာသာစကားဖြင့် ဟောပြောဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှုအကြောင်း သိကောင်းစရာများ ပြောကြားခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၃.၆၁ |
| ထိုင်း | တစ်ဘတ် | ၃၂.၅၇၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၂၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၃၉ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၅၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၀၀-၄၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၂၀၀-၂၆၀၀ |
| ကြက်သွန်ဖြူ (ကြူကုတ်သစ်) | တစ်ပိဿာ | ၁၉၀၀ |
| အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၅၈၀-၈၂၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၁၅၀-၁၁၈၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

၁-၆-၂၀၁၅မှ ၅-၆-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၇၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၆၅ ကျပ်ဖြစ်ပြီး လက်လီဆိုင် များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (စွမ်းအင်ဝန်ကြီးဌာန)

# ကျန်းမာရေးဆိုင်ရာသုံးစွဲငွေ လိုအပ်ချက်များဖြည့်ဆည်းရန် ပြည်သူများနှင့်စေတနာရှင်အလှူရှင်များ၏ပံ့ပိုးမှုလည်းလိုအပ်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့ရှိ အရိုးရောဂါအထူးကုဆေးရုံကြီးနှင့် တက္ကသိုလ်များဆေးရုံတို့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

နံနက် ၈ နာရီခွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင် ၃၀၀ ဆံ့ ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ရောက်ရှိရာ စာသင်ဆောင်ခန်း၌ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးတို့က ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီးသို့ လာရောက်ရသည့် ရည်ရွယ်ချက်မှာ ဆေးရုံ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် ဤအရိုးရောဂါအထူးကုဆေးရုံကြီးမှ အရိုးဘက်ဆိုင်ရာ ရောဂါများကို နိုင်နင်းစွာ ကုသမှုပေးနိုင်ခြင်းအားဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးအပေါ် ပိုမိုကျရောက်လာမည့် တာဝန်များကို မျှဝေထမ်းဆောင်သွားနိုင်စေရန် ဖြစ်ပါကြောင်း၊ ဝန်ထမ်းအင်အား၊ စက်ပစ္စည်းလိုအပ်ချက်နှင့် ဝန်ထမ်းများ၏ လူမှုရေးလိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရသစ်ကာလတွင် ကျန်းမာရေးဆိုင်ရာအသုံးငွေများကို လေးဆငါးဆအထိ တိုးမြှင့်သုံးစွဲလျက်ရှိရာ ယခုဆိုလျှင် ၇၈၃ ဘီလီယံအထိ ကျခံသုံးစွဲလျက်ရှိကြောင်း၊ သို့သော် လိုအပ်ချက်များလည်း ရှိနေဦးမည်ဖြစ်ကြောင်း။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုအားကိုလည်း ရယူဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အရိုးရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ခုတင် ၃၀၀ ဆံ့ ရန်ကုန်အရိုးအထူးကုဆေးရုံကြီးသည် ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းတွင် တည်ရှိပြီး ၁၄ ဒသမ ၇ ဧက ကျယ်ဝန်းသည်။ ၁၈၉၅ ခုနှစ်တွင် ခရစ်ယာန်သာသနာပြုအဖွဲ့၏ အနာကြီးရောဂါလူနာများနှင့် မသန်မစွမ်းလူနာ၊ နာတာရှည်လူနာများကို စောင့်ရှောက်ပေးသော ဂေဟာဖြစ်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် အရိုးရောဂါအထူးကုဆေးရုံကြီးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် ခုတင် ၃၀၀ ဆံ့ အရိုးရောဂါကုသရေးနှင့် သင်ကြားရေး ဆေးရုံကြီးအဖြစ် အရိုးရောဂါဆိုင်ရာ Doctorate ဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ အရိုးရောဂါသူနာပြု ဒီပလိုမာနှင့် ဘွဲ့ကြိုသင်တန်းများအား စာတွေ့လက်တွေ့ ပုံမှန်သင်ကြားပေးလျက်ရှိပြီး နေ့စဉ်ပျမ်းမျှ ပြင်ပလူနာ ၁၅၀ မှ ၂၅၀ နှင့် တစ်လလျှင် ခွဲစိတ်လူနာ ၃၀၀မှ ၅၀၀ အထိကို လက်ခံကုသပေးလျက်ရှိသည်။

လူနာများအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် ခါးရိုးပိုင်းဆိုင်ရာ ခုတင် ၅၀ ဆံ့ သုံးထပ်တိုးချဲ့ဆောင်သစ်ကို ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဆေးရုံ(ရန်ကုန်)သို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက တက္ကသိုလ်များဆေးရုံ (ရန်ကုန်)၏ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ယဉ်ယဉ်ထွေးက ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်း လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တက္ကသိုလ်များဆေးရုံ(ရန်ကုန်)ကို ရန်ကုန်ဒေသတစ်ဝန်းရှိ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်ပြေစေရန် ရည်ရွယ်ဖွင့်လှစ်ပေးထားခြင်း ဖြစ်ကြောင်း၊ တက္ကသိုလ်များနှင့် ဆိုင်သောဆေးရုံများမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် နည်းပါးသေးသည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ ရန်ကုန်တက္ကသိုလ်များဆေးရုံကို တက္ကသိုလ်ကျောင်းသူကျောင်းသားများ၊ ဝန်ထမ်းများ၊ မိသားစုများနှင့် အသုံးတည့်အောင် ထည့်သွင်း ဆောင်ရွက်စေလိုပါကြောင်း၊ လက်ရှိမြေဧရိယာအပေါ်တွင် လိုအပ်သည့် အဆောက်အအုံများကို ထပ်မံတိုးချဲ့ ဆောက်လုပ်ရာတွင် ရေရှည်စီမံချက်ဖြင့် ဆောက်လုပ်သွားရန်နှင့် ရန်ကုန်တက္ကသိုလ်ရှိ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်လည်း စဉ်းစားဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်များဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက္ကသိုလ်များဆေးရုံ(ရန်ကုန်)သည် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းတွင်တည်ရှိပြီး ၃ ဒသမ ၁၉၂ ဧက ကျယ်ဝန်းသည်။ ၁၉၂၇ ခုနှစ်တွင် မြန်မာအမျိုးသားဗိသုကာပညာရှင် ဦးသာထွန်းက ပုံစံပြုလုပ်၍ ပင်မဆောင်ကို ဆောက်လုပ်ခဲ့သည်။

၁၉၂၈ ခုနှစ်တွင် ဆေးရုံဆောက်လုပ်ပြီးစီးသဖြင့် ဇွန် ၃ ရက်တွင် ဆင်နေတိုရီယမ် (Sanatorium) အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ မူလက ကျောင်းသားကျောင်းသူများအတွက် ခုတင်ခြောက်လုံးနှင့် အလုပ်သမားများအတွက် ခုတင်ခြောက်လုံးထားရှိပြီး ဆေးကုသခဲ့ကာ ၁၉၆၃-၁၉၆၄ ခုနှစ်တွင် (U)ပုံ တစ်ထပ်တိုက်ကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။

ထို့နောက် ၁၉၆၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်မြှင့်ဖွင့်လှစ်ခဲ့သည်။

လက်ရှိကာလတွင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရန်ကုန်မြို့ရှိ အခြားတက္ကသိုလ်များတွင် ဆေးခန်းဖွင့်လှစ်ပေးခြင်းနှင့် ဆေးခွင့်များကိုစစ်ဆေးထောက်ခံပေးခြင်း၊ အလုပ်ခန့်မည့် ဝန်ထမ်းများနှင့် နိုင်ငံခြားပညာတော်သင် သွားရောက်ကြမည့်သူများကို ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကျောင်းကျန်းမာရေးဆိုင်ရာသင်တန်းများပေးခြင်း၊ နာမကျန်းသူများအတွက် စာစစ်ဌာန ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများနှင့် မျက်စိကုသမှုဌာန ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်မြို့ရှိ အရိုးရောဂါအထူးကုဆေးရုံကြီး၌ လူနာမိသားစုများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရခိုင်ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေ**

**နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။**

# တောင်ကိုရီးယား၌ မားစ်ဖြစ်ပွားသူ ၈၇ ဦးအထိရှိလာ



**ဆိုးလ် ဇွန် ၈**

တောင်ကိုရီးယားနိုင်ငံတွင် အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(မားစ်) ဖြစ်ပွားမှုမှာ အသစ်ဖြစ်ပွားသူ ၂၃ ဦးနှင့်အတူ တနင်္လာနေ့အထိ ၈၇ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံသည် ၂၀၁၂ ခုနှစ်က ပထမဆုံးအတည်ပြုနိုင်ခဲ့သည့် မားစ်ရောဂါဖြစ်ပွားမှုတွင် လူပေါင်း ၁၀၀၀ ကျော် ဖြစ်ပွားခဲ့သည့် ဆော်ဒီအာရေဗျနိုင်ငံပြီးလျှင် အများဆုံးဖြစ်လာသည်။ တောင်ကိုရီးယားနိုင်ငံသည် ရောဂါကူးစက်ခံရသူ ၇၆ ဦးရှိသည့် ယူအေအီးနိုင်ငံထက်ပင်များပြားလာသည်ဟု သိရသည်။ အသစ်ဖြစ်ပွားသူ ၂၃ ဦးအနက် ၁၇ဦးမှာမေ ၂၇ရက်က ဆိုးလ်မြို့ ဆမ်ဆောင်းဆေးရုံတွင် တက်ရောက်ကုသနေသော ၁၄ဦးမြောက်လူနာနှင့် ထိတွေ့ရာမှ ၁၇ဦး ကူးစက်ခံရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ၁၄ ဦးမြောက် လူနာသည် မေ ၁၅ ရက်က ဖြူန်းတိတ်လမ်းမာရီဆေးရုံ၌ သုံးရက်ကြာ ဆေးရုံတင်ထားသည့်လူနာထံမှ ကူးစက်သည်ဟု ယူဆရပြီး ဆိုးလ်မြို့တောင်ဘက် ကီလိုမီတာ ၆၀အကွာ ဖြူန်းတိတ် ဆေးရုံမှ ဆိုးလ်မြို့သို့ ဘတ်စ်ကားဖြင့် ဆမ်ဆောင်းဆေးရုံသို့ ရောက်ရှိလာခဲ့ကြောင်း တာဝန်ရှိသူက ပြောသည်။ ဆမ်ဆောင်းဆေးရုံ၌ ရောဂါကူးစက်ခံရသူ ၃၄ ဦးရှိပြီး ဖြူန်းတိတ်ဆေးရုံ၌ ၃၇ ဦးရှိသည်။ နောက်ထပ် မားစ်ရောဂါကူးစက်ခံရသူခြောက်ဦးမှာ တောင်ကိုရီးယားအလယ်ပိုင်း ဒေးဂျွန်မြို့ဆေးရုံနှစ်ရုံ၏ ၁၆ ဦး မြောက်လူနာမှ ကူးစက်ခြင်းဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)



# ယီမင်မြို့တော်ကို ဆော်ဒီပုံးကြဲတိုက်ခိုက်

**ဆာနား ဇွန် ၈**

ဆော်ဒီအာရေဗျဦးဆောင်သော လေကြောင်းတိုက်ခိုက်မှုကြောင့် ယီမင်မြို့တော်ဆာနား၌ တနင်္ဂနွေနေ့က လူပေါင်း ၄၄ ဦးသေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆာဘားသတင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

တိုက်လေယာဉ်များသည် ဆာနားမြို့လယ်ရှိ ယီမင်လက်နက်ကိုင်တပ်ဖွဲ့ ဌာနချုပ်ကို ပုံးကြဲတိုက်ခိုက်ရာ ၄၄ ဦး သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်ကို အဆိုပါသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

ဆာဘားနိုင်ငံပိုင် သတင်းအေဂျင်စီကို ၂၀၁၄ ခုနှစ်စက်တင်ဘာလကတည်းက ရှီးယိုက်ဟူသီသူပုန်များက ဆာနားမြို့တော်ကိုသိမ်းပိုက်စဉ် ထိန်းချုပ်ထားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက လေကြောင်းတိုက်ခိုက်မှုအတွင်း ပြိုကျပျက်စီးသွားသော အဆောက်အအုံများကြားမှ လူများကိုရှာဖွေနေဆဲဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ယီမင်နိုင်ငံသည် ၂၀၁၁ ခုနှစ်ကတည်းက သမ္မတအဗ္ဗဒူလာဆာလေကို ရာထူးမှ ဖယ်ရှားရေးအတွက် အကြီးအကျယ်ဆန္ဒပြရာမှ နိုင်ငံရေးမငြိမ်မသက်မှုများဖြစ်ပွားလျက်ရှိသည်။ (ဆင်ဟွာ)

# လူ့အခွင့်အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံတွင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ကြေညာချက်တွင်ဖော်ပြ

**ပေကျင်း ဇွန် ၈**

တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးကိစ္စရပ်နှင့်ပတ်သက်ပြီး အနောက်နိုင်ငံများ၏ ဝေဖန်ထောက်ပြမှုကို ချေပသည့်အနေဖြင့် တနင်္လာနေ့က ထွက်ရှိခဲ့သည့် ရှည်လျားသော လူ့အခွင့်အရေးဆိုင်ရာကြေညာချက်၌ တရုတ်နိုင်ငံသည် သတင်းအချက်အလက်စီးဆင်းမှုများစွာနှင့်အတူ ကျေးလက်ဒေသစာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းကို၊ မိုးလုံလေလုံရုပ်ရှင်ရုံများ တည်ဆောက်ပေးသည့်လုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သော နှစ်နှစ်ခန့်က ယခင်ခေါင်းဆောင်ဟောင်းမှ တရုတ်နိုင်ငံသားများ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိစ္စရပ်များကို ကတိပြုထားခဲ့သည့်အတိုင်း လက်ရှိအစိုးရ၏ နှစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လူ့အခွင့်အရေးကာကွယ်ခြင်းသည် တရုတ်၏တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ပြည်နယ်ကောင်စီသတင်းဌာနမှထုတ်ဝေသော အဖြူရောင်စာတမ်းပါအတည်ပြုချက်ကို ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြထားသည်။

လွတ်လပ်စွာပြောဆိုခွင့်၊ မျိုးနွယ်စုအလိုက်ကိုးကွယ်သည့် ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်၊ နိုင်ငံသားများရရှိသော တန်းတူညီမျှအခွင့်အရေးများစသည်ဖြင့် အဆိုပါစာတန်းတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ယင်းပြောဆိုချက်များကို နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများက လက်မခံခဲ့ပေ။ မကြာသေးမီနှစ်များအတွင်းက အစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ဆန္ဒပြသည့် တရုတ်လူမျိုးဒါဇင်ပေါင်းများစွာကို ထိန်းသိမ်းထားကြောင်း သိရသည်။ (ရိုက်တာ)

# ကမ္ဘာ့အကြီးဆုံး တယ်လီစကုပ် ချီလီတွင်တည်ဆောက်

**စန်တီယာဂို ဇွန် ၈**

ချီလီနိုင်ငံမြောက်ပိုင်း အတာကမာ သဲကန္တာရတွင် လာမည့် ၂၀၂၂ ခုနှစ်၌ အာကာသလေ့လာနိုင်ရန်အတွက် ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့်တယ်လီစကုပ်တစ်ခု တည်ဆောက်နေကြောင်း စီမံကိန်းတာဝန်ခံများက ပြောကြားခဲ့သည်။

ဧရာမအဝေးကြည့် မှန်ပြောင်းတည်ဆောက်ရေး စီမံကိန်းတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပါဝင်မည်ဖြစ်ပြီး ကုန်ကျ ငွေအမေရိကန် ဒေါ်လာသန်း ၅၀၀ သတ်မှတ်ထားသည်ဟု သိရသည်။ ယခုစီမံကိန်းအရ အလွန်ကြီးမားသော အဝေးကြည့်မှန်ပြောင်းအမျိုးအစား၏ ပထမဆုံးသော မျိုးဆက်သစ် ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။

မက်ဂျဲလန်မှ ၂၀၂၁တွင် လုပ်ငန်းများ စတင်လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပြီး ၂၀၂၄ တွင် လုပ်ငန်းများ အပြည့်အဝ လည်ပတ်လုပ်နိုင်မည်ဟု အဆိုပါ စီမံကိန်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကာ ဟက်ဘယ်လ် (Hubble) အာကာသ တယ်လီစကုပ် ထက်လည်း ပုံရိပ်ဆယ်ဆပိုမိုပြတ်သားနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်ဟု သိရသည်။ (ဆင်ဟွာ)

# လက်ရှိ မက္ကဆီကန်အာဏာရပါတီရွေးကောက်ပွဲတွင် ရလဒ်ကောင်းရရှိရန် မျှော်လင့်



**မက္ကဆီကိုစီးတီး ဇွန် ၈**

အကျင့်ပျက်ခြစားခြင်း၊ အုပ်စုဖွဲ့အကြမ်းဖက်ခြင်း၊ စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းအပေါ် ကျေနပ်မှုမရှိကြသော်လည်း မက္ကဆီကန်သမ္မတ အန်ရစ်ပီနာနီတိုး၏ ပါတီသည် သက်တမ်းတစ်ဝက် ရွေးကောက်ပွဲတွင် အောက်လွှတ်တော်၌ ၎င်း၏ အလားအလာနည်းပါးသော လုပ်ဆောင်မှုများကို ပြန်လည်ထိန်းသိမ်းကာ ရွေးကောက်ပွဲ၌ ရလဒ်ကောင်းရရှိရန် မျှော်လင့်ထားကြောင်း တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။

မက္ကဆီကို ပြည်သူများသည် ပြည်နယ်အုပ်ချုပ်ရေးမှူး ကိုးဦးနှင့် ပြည်နယ်များနှင့် မြူနီစီပယ်အုပ်ချုပ်ရေးနေရာ ၁၀၀၀ ကျော်အတွက် မဲပေးကြသည်။ မဲရုံများကို ဒေသစံတော်ချိန် ည ၁၁နာရီတွင် ပိတ်သိမ်းမည်ဖြစ်ပြီး ကနဦးရလဒ်များကို တနင်္လာနေ့ ၃ နာရီတွင် ထုတ်ပြန်ကြေညာမည် ဖြစ်သည်။

အမတ်လောင်း ခုနစ်ဦးနှင့် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်ကိုးဦးမှာ မူးယစ်ဂိုဏ်းသားများနှင့်အစိုးရနှင့်သဘောထား ဆန့်ကျင်ပြီး ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒပြနေသော ကျောင်းဆရာများ၏ လက်ချက်ဖြင့်သေဆုံးသွားခဲ့ကြသည်။

အနားယူ အပန်းဖြေမြို့တော် အကာပူကိုအနီးတွင် ဇွန် ၆ ရက်က လူဆိုးဂိုဏ်းအချင်းချင်း ပဋိပက္ခဖြစ်ကာ ၁၆ ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်မှာ ယခုလတ်တလော ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများထဲမှ တစ်ခုဖြစ်သည်။ သို့သော်လည်း ထိုသို့ဖြစ်ပွားခြင်းက ရွေးကောက်ပွဲနှင့် သက်ဆိုင်ခြင်းမရှိပေ။

ဆန္ဒမဲပေးမှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ရဲဘက်ဆိုင်ရာကာကွယ်မှုများကို မက္ကဆီကိုတောင်ပိုင်းတွင် အပြည့်အဝယူထားသည်။

တက်ကြွလှုပ်ရှားသူများကမငြိမ်မသက်ဖြစ်နေသော ဂူရီယို၊ အော်ဆာကာနှင့် ချီယာပါ့စ် ပြည်နယ်များတွင် မဲပုံးများကို ခိုးယူခြင်း မီးရှို့ခြင်းများ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ယခုအခါ မဲပုံးများမှာ လုံခြုံစိတ်ချရသော အနေအထားတွင်ရှိကြောင်း အရာရှိများက ပြောခဲ့သည်။ (ရိုက်တာ)

# မဲစာရင်းမှန်ကန်ရေးအတွက် ပြည်သူလူထုအနေဖြင့် မဲစာရင်းကပ်ထားကြေညာသည့်အချိန်တွင် သွားရောက်ကြည့်ရှုရန်လိုအပ်

**ရန်ကုန် ဇွန် ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သတင်းမီဒီယာများသို့ မဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာ အသိပညာပေး ရှင်းလင်းခြင်းနှင့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ Myanmar Peace Center အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ယခု သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းမှာ အခြေခံမဲစာရင်းတွင် အမှားများပါရှိနေမှုကို ရှင်းလင်းလို၍ ဖြစ်ကြောင်း၊ ယခင် ရွေးကောက်ပွဲ အတွေ့အကြုံများကို သုံးသပ်၍ မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းပြုစုခြင်း ရှေ့ပြေးစီမံချက်ကို အလုံမြို့နယ်၊ တီးတိန်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့၌ စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်းသည် မဲစာရင်းတွင်ပါရှိမှသာ မဲပေးပိုင်ခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံပိုင်ခွင့်ရှိမည် ဖြစ်ကြောင်း။



မဲစာရင်းပြုစုရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းနှင့် လဝကရှိ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)အရ အသက် ၁၈ နှစ်ပြည့်ပြီးသူများကို ပြုစုခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ရက်ကြေညာပြီးမှ မဲစာရင်းကိုပြုစုပါက အမှားအယွင်းများပြင်ဆင်ရန် အချိန်ကန့်သတ်ချက်ရှိနိုင်သဖြင့် အခြေခံမဲစာရင်းကို ကြိုတင်ပြုစုရခြင်းဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် ပြည်သူလူထုအနေဖြင့် မဲစာရင်း ကပ်ထားကြေညာသည့် အချိန်တွင် သွားရောက်ကြည့်ရှုရန် လိုအပ်ကြောင်း၊ မိမိအမည်မပါက ပုံစံ(၃) ဖြင့်လျှောက်ထားရန်၊ အချက်အလက် မှားယွင်းနေပါက ပုံစံ(၄-က) ပြင်ဆင်ရန်၊ မပါသင့်သူများပါနေက ပုံစံ (၄)ဖြင့် ကန့်ကွက်ရန်လိုကြောင်း။

ယခုကဲ့သို့ အခြေခံမဲစာရင်းတွင် မှားယွင်းမှုများအတွက် ပြည်သူလူထု အနေဖြင့် ကြည့်ရှုပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် မှန်ကန်သောမဲစာရင်းဖြစ်လာမည်ဖြစ်ကြောင်း၊ အခြေခံမဲစာရင်း မှန်ကန်မှသာ ရွေးကောက်ပွဲနီးသည့်အခါ မဲစာရင်းကြေညာပါက မှားယွင်းမှုနှင့် ပြင်ဆင်မှုနည်းမည်ဖြစ်ကြောင်း၊ အသိမှား၊ အမြင်မှားများကို မီဒီယာများက ချေဖျက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်က အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပြီး ဝက်ဘ်ဆိုက်က မဲစာရင်းကြည့်ရှုနိုင်မှုကို သရုပ်ပြရှင်းလင်းကာ ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်ပြသလျက်ရှိသည့် မဲဆန္ဒရှင်ပညာပေး ဇာတ်လမ်းများ ပြသသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲဆက်လက်ပြုလုပ်ရာ သတင်းမီဒီယာအဖွဲ့များက မေးမြန်းသည့် White Card ကိုင်ဆောင်ထားသူများ မဲပေးခွင့် ရှိ/မရှိ၊ IDP Camp ရောက်နေသူများ မဲပေးနိုင်မှုအခြေအနေ၊ ရွေးကောက်ပွဲအတွက် လုံခြုံရေးစီမံထားရှိမှု၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများအား ဆရာ ဆရာမများကိုသာ ခန့်ထားရခြင်းအကြောင်းရင်းနှင့် ပညာပေးဆောင်ရွက်မည့် အစီအစဉ်များ၊ မသန်စွမ်းသူများ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ နိုင်ငံပြင်ပရောက်နေသူများ မဲပေးနိုင်ရေး၊ Observer နှင့် မီဒီယာများ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူရာတွင် လုံခြုံရေးနှင့်ပတ်သက်၍ ကော်မရှင်အနေဖြင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ မဲစာရင်းတွင် ဇွန် ၃၀ ရက်ဟု မွေးနေ့တူများပါဝင်နေသည့် အကြောင်းရင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များ၌ မဲစာရင်းကြေညာမည့် အခြေအနေများကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးဝင်းကြည်၊ ဦးဝင်းကိုတို့က ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဦးဝင်းကို၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် ရွေးကောက်ပွဲအရာရှိ ဦးခင်ဇော်ထွန်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာအဖွဲ့ ၅၁ ဖွဲ့မှ တာဝန်ရှိသူ ၇၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှာငံမြို့နယ်၌ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာ

**ရှာငံ ဇွန် ၈**

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲတွင် အသက် (၁၈နှစ်)ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ အခြေခံ မဲဆန္ဒရှင်စာရင်းကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စုအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ နယ်မြေများအလိုက် ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ထုတ်ပြန်ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် မဲပေးခွင့်ရှိသူစာရင်းများကို အတည်ပြုနိုင်ရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် အသက်ပြည့်မီပြီး မဲပေးခွင့်စာရင်းတွင် ကျန်ရှိနေသူများ၊ အချက်အလက်မှားယွင်း၍ ပြင်ဆင်လိုသူများ၊ မဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နေပါက ကန့်ကွက်ရန်စာရင်းများကို သတ်မှတ်ပုံစံဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းဖြင့် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်တင့်က ရှင်းပြခဲ့သည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ သွားရောက်၍ မဲစာရင်းထုတ်ပြန်ကြေညာထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရှာငံ)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး ဇွန် ၈**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ဇွန် ၆ ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းကအမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်လွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက ဘာသာရပ်အလိုက် သင်ကြားပို့ချသည်။ အဆိုပါ သင်တန်းကို ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့နှင့် ဘုရားသုံးဆူမြို့မှ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**

# ကောလင်းနှင့် နောင်ချို ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ၊ တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့် ဆောင်ရွက်လျက်ရှိသည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက် ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊ သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦး၊ ကန့်ဘလူ၊ ဘော်လခဲ၊ ရှာငံ၊ ဖားဆောင်း၊ ဘိုကလေး၊ ဟားခါး၊ ကျောင်းကုန်း၊ ဟသ်ာတ၊ ထားဝယ်၊ ဘားအံ၊ မိုးကုတ်၊ မြစ်ကြီးနား၊လမိုင်း၊ ကြာအင်းဆိပ်ကြီး၊ သံတွဲနှင့် ပခုက္ကူစသည့် စက်ရုံ ၂၅ ရုံတွင် မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ စက်ရုံမှ မြန်မာ့အသံ FM ရေဒီယို ထုတ်လွှင့်မှုကို စက်ရုံတည်ရှိရာ အကွာအဝေး မိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါကြောင်းကို နေ့စဉ်ထုတ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပြည်သူများသို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဒုတိယအဆင့် ထပ်မံဝယ်ယူခဲ့သည့် FMလွှင့်စက်ရုံ ၃၅ ရုံအနက်မှ ကောလင်းရုပ်သံထပ်ဆင့်လွှင့်စက်ရုံ၌ မေ ၂၆ ရက်မှစတင်၍ လွှင့်အား 150W လှိုင်းနှုန်း 89.8 MHz ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို မြေနီ၊ ဆည်တို၊ သရက်ခုံ၊ ညောင်ပင်သာ၊ ဝွေးချို၊ လွဲမောက်၊ ဇီးဖြူပင်တို့မှ လည်းကောင်း၊ နောင်ချို ရုပ်သံထပ်ဆင့်လွှင့်စက်ရုံတွင် ၁-၆-၂၀၁၅ ရက်နေ့မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း 89.8 MHz ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိရာ အဆိုပါထုတ်လွှင့်မှုကို ဇီးပင်၊ အုမ္မခါး၊ မျက်ချီးနူ၊ နောင်အော၊ ဈေးရပ်ကွက်တို့မှ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိကြပါသည်။

ဒုတိယအဆင့် ဆောင်ရွက်လျက်ရှိသည့် FM လွှင့်စက်ရုံ ၃၅ ရုံအနက်မှ ယနေ့အထိ ဘီးလင်း၊ ပြည်၊ တောင်ငူ၊ သီပေါ၊သိန္နီ၊ ညောင်လေးပင်၊ နေပြည်တော်(တပ်ကုန်း)၊ တောင်တွင်းကြီး၊ ရေဦး၊ ကန့်ဘလူ၊ ဘော်လခဲ၊ ရှာငံ၊ဖားဆောင်း၊ ဘိုကလေး၊ ဟားခါး၊ ကျောင်းကုန်း၊ ဟသ်ာတ၊ ထားဝယ်၊ ဘားအံ၊ မိုးကုတ်၊ မြစ်ကြီးနား၊ လမိုင်း၊ ကြာအင်းဆိပ်ကြီး၊ သံတွဲ၊ ပခုက္ကူ၊ ကောလင်းနှင့် နောင်ချိုစသည့် စက်ရုံ ၂၇ ရုံမှ မြန်မာ့အသံရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့်စက်ရုံများတွင် တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်စာရင်းများ နေ့ချင်းပြီးထုတ်ပေး

**နေပြည်တော် ဇွန် ၈**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ မအောင်မြင်သူ ကျောင်းသား ကျောင်းသူများ၏ ရမှတ်စာရင်းများကို နေပြည်တော် ရုံးအမှတ် (၅၂)ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်မြို့၊ တက္ကသိုလ်များ လှိုင်နယ်မြေဖွဲ့ကပင်ဆောင်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ) တို့တွင် ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ယနေ့မှစ၍ နေ့ချင်းပြီးထုတ်ပေးလျက်ရှိသည်။

အလားတူ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ အောင်လက်မှတ်လျှောက်ထားမှုများနှင့်ပတ်သက်၍ လက်တလောတွင် လျှောက်ထားပြီး ၁၅ ရက်နောက်ပိုင်း ပြန်လည်ထုတ်ပေးကာ ဇူလိုင်လမှစ၍ နေ့ချင်းပြီး ထုတ်ပေး နိုင်ရန်စီစဉ်လျက်ရှိသည်။

ထို့အပြင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ မအောင်မြင်သူများ၏ ဖြေဆိုခဲ့သည့် ဘာသာရပ် တစ်ခုချင်းအလိုက် အဖြေလွှာ စစ်ဆေးပေးရန် လျှောက်ထားမှုများကို ဘာသာရပ် တစ်ခုလျှင် နိုင်ငံတော်သို့ ငွေကျပ် ၅၀၀၀ (ငါးထောင်ကျပ်)ပေးသွင်းပြီး သက်ဆိုင်ရာစာစစ်မှူးချုပ်(ပါမောက္ခ ဌာနမှူး)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြန်လည်စိစစ်ပေးပြီးနောက် လျှောက်ထားသူ ကျောင်းသား ကျောင်းသူ (သို့မဟုတ်) မိဘအုပ်ထိန်းသူထံသို့ (၁)လအတွင်း အကြောင်းပြန်စာပေးပို့ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုကိုလည်း ယနေ့မှစ၍ လက်ခံဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မကြာမီရက် အနည်းငယ်အတွင်း ရွှေ့လျားစနစ်ဖြင့် အမှတ်စာရင်း ထုတ်ပေးခြင်းအစီအစဉ်ကို မန္တလေး၊ တောင်ကြီးနှင့်ပုသိမ်မြို့တွင် ဌာနခွဲများဖွင့်လှစ်၍ ရုံးချိန်အတွင်း ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်နေပြီး သိရှိလိုသည်များကို စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၆၇-၄၃၀၁၆၈၊ ၀၁-၆၅၃၄၆၅၊ ၆၅၃၅၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံမဲဆန္ဒရှင်များစာရင်း စတင်ကြေညာ

**ကြာအင်းဆိပ်ကြီး ဇွန် ၈**

အခြေခံမဲဆန္ဒရှင်များစာရင်းကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇွန် ၈ ရက် နံနက် ၇ နာရီက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် လမ်းများတွင် စတင်ကြေညာထားပြီးဖြစ်သည်။

ထိုသို့ အခြေခံမဲဆန္ဒရှင်များ စာရင်းကြေညာထားရှိမှုကို ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အဖွဲ့ဝင် ဦးစောဂေးလ်ဘတ်ဂျီးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်လွင်၊ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မျိုးမင်းဦး**

# ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ

မြင်းမူမောင်နိုင်မိုး

နွေနှောင်းကာလရဲ့ နေ့တစ်နေ့က ဖြစ်ပါတယ်။

ဒီတစ်ရက်တော့ဖြင့် မဖြစ်မနေအနားယူမယ်လို့ စိတ်ဆုံးဖြတ်ပြီး များပြားလှတဲ့ စာပေထုတ်လုပ်ရေး ကိစ္စတွေကိုဖြတ်တောက်ကာ အိမ်မှာနေရင်း ဓမ္မစာပေများ ဖတ်ရှုလို့နေခဲ့မိရဲ့။

မဟာဗုဒ္ဓဝင် တတိယတွဲနဲ့စတုတ္ထတွဲကို ဖတ်ရှုရင်း ဘုရားရှင်လက်ထက်တော်က အဖြစ်အပျက်ကလေး တစ်ခုကို ဖတ်မဝရှုမဆုံး နှလုံးစိတ်ဝမ်းချမ်းမြေ့နေမိပါတယ်။

ကဗျာရေးသူ စာရေးသူတစ်ယောက်ဖြစ်လေတော့ မိမိဖတ်ရှုမိတဲ့အကြောင်းအရာလေးကို ကဗျာဖတ်သူ စာဖတ်သူတွေကို တစ်ဆင့်မျှဝေချင်စိတ်ဖြစ်ပေါ်မိတယ်။ အကြောင်းအရာက အင်မတန်နှစ်သက်ဖွယ်ရာ ကောင်းလွန်းလို့ပါ။

**မြတ်ဘုရားရှင်၏ ကိုးဝါပြည့်မြောက် ၁၀ ဝါအရောက်**

ဘုရားရှင်ဟာ ကိုးဝါပြည့်မြောက်ပြီး ၁၀ ဝါ အရောက်မှာ ကောသမ္ဗီပြည်သူပြည်သားများရဲ့ ပင့်ဖိတ်ချက်အရ အဲဒီကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်မှာ ကြွရောက်သီတင်းသုံးတော်မူတဲ့ အချိန်မှာပဲ ကျောင်းတိုက်မှာ ရဟန်းအချင်းချင်း မညီမညွတ်ခိုက်ရန်ဖြစ်ပွားမှု ပေါ်ပေါက်ခဲ့ပါတယ်။

စတင်ဖြစ်ပွားရပုံက ဒီလိုပါ။ တစ်နေ့မှာ ရဟန်းတစ်ပါးဟာ ကုဋီသို့တက်ရောက်ပါတယ်။ အဲဒီရဟန်းဟာ ကုဋီကဆင်းသွားတဲ့အခါ ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေ (သန့်စင်ရန် အသုံးပြုသောရေ) အနည်းငယ်ကျန်ရစ်ခဲ့ပါတယ်။ မကြာမီပဲ နောက်ရဟန်းတစ်ပါးက အဲဒီကုဋီထဲကိုဝင်လိုက်တော့ အင်တုံထဲမှာ ကျန်ရစ်ခဲ့တဲ့ရေအနည်းငယ်ကို တွေ့သွားပါတယ်။

ဒုတိယရဟန်းဟာ ပထမရဟန်းနောက်ကို ချက်ချင်းလိုက်သွားပါတယ်။ ပြီးတော့ "အရှင်ရဟန်း၊ အရှင်ရဟန်းဟာဖြင့် ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေ အနည်းငယ်ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့် ရှင်ရဟန်းရဲ့အပြုအမူဟာ ဘုရားရှင်ပညတ်တော်မူတဲ့ ဘယ်ဝိနည်း ဘယ်သိက္ခာပုဒ်တွေနဲ့ဖြင့် မညီညွတ်ပါဘူး။ ဒါကြောင့် ရှင်ရဟန်းတော့ အာပတ်သင့်ပြီ" လို့ သွားရောက်ပြောဆိုပါတယ်။ အဲဒီလိုပြောတဲ့အခါ အပြောခံရတဲ့ ရဟန်းကလည်း-

"အရှင်. . . ငါဟာ အဲဒီအင်တုံထဲမှာ ကျန်စေလိုတဲ့ စေတနာနဲ့ ချန်ခဲ့တာမဟုတ်ဘူး။ အမှုမဲ့ အမှတ်မဲ့ ကျန်ရှိခဲ့ခြင်းပဲဖြစ်တယ်။ အဲသလိုဆိုတော့ ငါဟာ အဲဒီ အာပတ်သင့်တယ်လို့ မဆိုနိုင်ဘူး မဟုတ်လား။"

အဲဒီလို ရဟန်းနှစ်ပါးဟာ အပြန်အလှန်ငြင်းခုံကြပြီး သူ့အဆောင် ကိုယ့်အဆောင် ပြန်သွားကြလေရဲ့။

ပထမရဟန်းကလည်း သူအာပတ်မသင့်ကြောင်း၊ ဒုတိယရဟန်းက သက်သက်မဲ့ လာရောက်စွပ်စွဲတာဖြစ်ကြောင်း သူ့တပည့်နောက်ပါ ရဟန်းများကို ရှင်းပြတယ်။

ဒုတိယရဟန်းကလည်း ဟိုရဟန်းတော့ဖြင့် အာပတ်သင့်သွားပြီ၊ ဘုရားရှင်ရဲ့ ဝိနည်းသိက္ခာပုဒ်ကို မလိုက်နာဘူး စသည်ဖြင့် သူ့ရဲ့တပည့်နောက်ပါ ရဟန်းများကို ရှင်းပြတယ်။

ဒီလိုနဲ့ပဲ အဲဒီရဟန်းနှစ်ပါး ဦးဆောင်တဲ့အုပ်စု နှစ်စုဟာ တစ်ဖက်နဲ့တစ်ဖက် စောင်းမြောင်းပြောဆိုရာက ငြင်းခုံ၊ ငြင်းခုံရာက စကားများ၊ အဲဒီကမှ တစ်ဆင့် ခိုက်ရန်ဖြစ်ပွားကြသည်အထိ ပြင်းထန်လာခဲ့တယ်။

**ဘုရားရှင်က တားမြစ်ဆုံးမပါသော်လည်း**

ရဟန်းအုပ်စုနှစ်စုရဲ့ အချင်းများခိုက်ရန် ဖြစ်ပွားမှုကို ဘုရားရှင်ဟာ သိရှိတော်မူတာနဲ့ အဲသလိုရန်မဖြစ်ကြဖို့ တားမြစ်တော်မူပါတယ်။ တစ်ကြိမ်မက နှစ်ကြိမ်မက အကြိမ်ကြိမ် တားမြစ်တော်မူပါတယ်။ ရှေးဟောင်းသာဓက၊ ပုံဆောင်ပြပြီး အထပ်ထပ်ဆုံးမတော်မူပါတယ်။

သို့သော်လည်း ရဟန်းများက မလိုက်နာကြပါဘူး။ ရန်ပွဲဟာကြီးမားသည်ထက် ကြီးမားလာခဲ့ပါတယ်။

ဒီအခါမှာ ဘုရားရှင်က ဩော်. . . ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်က ဤရဟန်းများသည် ဆိုဆုံးမခက်လေစွတကား၊ ငါသည် ဤရဟန်းများနှင့် ဝေးရာသို့ ကြွချီတော့အံ့လို့ ဆင်ခြင်သုံးသပ်ဆုံးဖြတ်တော်မူပြီးနောက် အရှေ့အရပ်ဆီသို့ တစ်ပါးတည်း ဧကစာထွက်ကြွသွားတော်မူပါတယ်။

ဘုရားရှင်တို့က ခေါ်တော်မူခြင်း မပြုလျှင် မည်သူမှ ဘုရားရှင် နောက်ပါးက လိုက်ပါခွင့် မရှိပါဘူး။ ဒါ့ကြောင့် ကောသမ္ဗီပြည်သား ရဟန်းများဟာ ဘုရားရှင်ကြွချီတော်မူသွားတဲ့နောက်ကို ဘယ်သူမှလိုက်ပါခွင့် မရခဲ့ပါဘူး။

**တစ်ပါးတည်း သီတင်းသုံးနေသော မထေရ်ကြီးတစ်ပါး**

အဲဒီလို ဘုရားရှင်ထွက်ကြွသွားတော်မူတဲ့အခါ ရှေးဦးစွာ တောအုပ်တစ်ခုအတွင်းသို့ ရောက်တော်မူပါတယ်။ အဲဒီတောအုပ်ကြီးထဲမှာ အဖော်မမှီးတစ်ကိုယ်တည်း သီတင်းသုံးနေတဲ့ ဘဂုမထေရ်ကြီးနှင့်တွေ့ဆုံပါတယ်။ ဘဂုမထေရ်ကြီးဟာ ဘုရားရှင်ရဲ့အဆုံးအမကို နာယူပါတယ်။ ဘဂုမထေရ်ကြီးရဲ့ ကျောင်းသခ်မ်းမှာ တစ်ညမျှ သီတင်းသုံးအိပ်စက်တော်မူပြီးတဲ့နောက် ဘုရားရှင်ဟာ တစ်ပါးတည်း နေထိုင်ခြင်းရဲ့ ချမ်းသာမှုကို ချီးကျူးဟောကြားပြီး အရှေ့စူးစူးရှိ ဝါးတောထဲကို ဆက်လက်ထွက်ကြွသွားတော်မူပါတယ်။

**မထေရ်သုံးပါး သီတင်းသုံးရာဆီသို့**

အရှေ့အရပ်မှာရှိတဲ့ အဲဒီဝါးတောထဲမှာက ရှင်အနုရုဒ္ဓါ၊ ရှင်နန္ဒိယ၊ ရှင်ကိမိလဆိုတဲ့ မထေရ်သုံးပါး အညီအညွတ်သီတင်းသုံး နေထိုင်ကြပါတယ်။ အဲဒီ သုံးပါးထဲမှာ ရှင်အနုရုဒ္ဓါကတော့ အကြီးအမှူးဖြစ်ပါတယ်။ ဘုရားရှင် ကြွချီလာပြီဆိုတာကို အဦးဆုံး သိလိုက်သူကတော့ ရှင်အနုရုဒ္ဓါပဲဖြစ်ပါတယ်။ ပထမတော့ ရှင်အနုရုဒ္ဓါဟာ ဘုရားရှင်မိမိတို့တောအုပ်အတွင်း ကြွချီလာတာကို အတိုင်းမသိပီတိဖြစ်တော်မူပြီး သွားရောက်ခရီးဦးကြိုပြုမယ်လို့ စိတ်အကြံဖြစ်မိပြီးမှ. . . ဩော် ငါတို့ ရဟန်းသုံးပါးဟာ ဒီတောအုပ်အတွင်းမှာ အညီအညွတ်နေထိုင်ကြတာပါလား။ ငါတစ်ဦးတည်း သွားရောက်ကြိုဆိုရင် ဘယ်မှာအညီအညွတ်နေထိုင်ရာရောက်တော့မလဲ၊ ငါ့ရဲ့သီတင်းသုံးဖော်ရဟန်းနှစ်ပါးကို ခေါ်ချေဦးမှလို့ မြော်မြော်မြင်မြင်တွေးခေါ်ပါတယ်။

ကြည့်စမ်းပါဦးနော်၊ သူတော်ကောင်းတို့ရဲ့ နှလုံးသားဟာ ဘယ်လောက်များဖြူစင်မြင့်မြတ်ပါသလဲ။ အဲဒီအချိန် အဲဒီအခါက သက်ရှိထင်ရှား မြတ်စွာဘုရားဟာ သာသနာ့အကြီးအမှူး၊ သာသနာ့ဦးသျှောင်၊ အတုမဲ့ အနှိုင်းမဲ့ဓမ္မရာဇာဖြစ်ပါတယ်။ ဒီတစ်ခါဖြင့် ဘုရားရှင်ကို ငါကြိုခွင့်ရပြီ။ ငါအဦးဆုံးချဉ်းကပ်ခွင့်ရပြီရယ်လို့ ရှင်အနုရုဒ္ဓါဟာ မကြံစည်မတွေးခေါ်ဘဲ တစ်နည်းအားဖြင့် ကြည်နူးနှစ်သက်ခြင်း ပီတိကိုသော်မှ တစ်ပါးတည်းခံစားမှုမပြုပါဘဲ လုပ်ဖော်ကိုင်ဖက်၊ သီတင်းသုံးဖော်များကို အသိပေးပြီး ကြည်နူးပီတိသန္တိသုခကိုပင် မျှဝေခံစားစေလိုတဲ့ စိတ်ဆန္ဒရှိသူ သူတော်စင်တစ်ဦးပါ။

"အို. . . . ရဟန်းတို့၊ ရဟန်းတို့၊ ငါတို့၏ ဘုရားရှင်ကြွချီတော်မူလာပြီ။ ငါတို့သုံးဦးလုံးအညီအညွတ်ကြိုဆိုကြပါစို့" လို့ ကျန်တဲ့ရဟန်းနှစ်ပါးကြားလောက်အောင် ပင့်ဖိတ်ခေါ်ယူလိုက်ပါတယ်။

**ရဟန်းသုံးပါးတို့အညီအညွတ်ကြိုဆို**

ဘုရားရှင်ထံပါးကို ရောက်ရှိလာတဲ့ ရဟန်းသုံးပါးဟာ ပကတိအေးချမ်းတည်ငြိမ်လှပါတယ်။ တစ်ပါးက ဘုရားရှင်ပွေ့ယူလာတဲ့ သပိတ်တော်ကို၊ တစ်ပါးက ဘုရားရှင်ရဲ့ပခုံးတော်ပေါ်မှာတင်လာတဲ့ သင်္ကန်းတော်ကို အသီးသီးရိုသေစွာဆောင်ယူကြပါတယ်။ ကျန်တဲ့တစ်ပါးကတော့ ဘုရားရှင်ခြေဆေးတော်မူဖို့ ရေအိုးထဲက ရေကို ရေမှုတ်နှင့်တကွခပ်ယူပြီး ခြေတော်ကိုလောင်းပေးပါတယ်။ ခြေတော်အစုံ ပွတ်သပ်သန့်စင်ရလေအောင် အိုးခြမ်းပဲ့ကို ချထားပေးပါတယ်။

အဲဒီနောက် ဘုရားရှင်ကို မြင့်မြတ်သောနေရာမှာ ထိုင်တော်မူဖို့ပြင်ဆင်ပေးပြီး သူတို့သုံးပါးကတော့ ဘုရားရှင်ရဲ့ခြေတော်ရင်း သင့်တင့်လျောက်ပတ်တဲ့နေရာမှာ ကျုံ့ကျုံ့ကလေးထိုင်ကြပါတယ်။ ပြီးတော့ ဘုရားရှင်ထံမှ မိန့်ကြားလာမယ့် စကားသံကိုနာခံဖို့ အသင့်ပြင်လက်အုပ်ချီပြီး စောင့်စားမျှော်လင့်နေကြပါတယ်။

ကောသမ္ဗီပြည်သားရဟန်းများရဲ့ အချင်းချင်း ရန်သတ္တရုပြုကြ၊ အော်ကြ၊ ဟစ်ကြ၊ မောင်းမဲပြစ်တင်ကြတဲ့အမူအရာတွေနဲ့ ဒီရဟန်းသုံးပါးရဲ့ အမူအရာတွေဟာ မိုးနဲ့မြေ၊ ရေနဲ့မီးလိုကွာခြားလွန်းလှပါတယ်။

ဘုရားရှင်ဟာ ရဟန်းသုံးပါးရဲ့ညီညွတ်မှု၊ စည်းကမ်းသေဝပ်မှု၊ အထက်အကြီးအကဲအပေါ် ရိုသေလေးစားမှုတွေနဲ့ ပြည့်စုံလှတဲ့ အသွင်သဏ္ဌာန်ကို ရှုမြင်တော်မူရတဲ့အခါ သန္တပီတိ ဖြစ်မိသည်နှင့်အညီ မေးခွန်းများကို စတင်မေးမြန်းပါတယ်။

"ရဟန်းတို့ အသင်တို့ ရဟန်းသုံးပါးသည် အဘယ်ကဲ့သို့ ကျင့်ကြံပွားများသောနည်းလမ်းဖြင့် ဤကဲ့သို့ အညီအညွတ်နေထိုင်ကြပါသလဲ"

ဒီနေရာမှာ ဘုရားရှင်ရဲ့အမေးကို ရဟန်းသုံးပါး တစ်ပြိုင်တည်း အညီအညွတ်ဖြေကြားလိုက်ပုံကတော့. . .

**"အရှင်ဘုရား…. ဘုရားတပည့်တော်တို့ သုံးဦးသည် တစ်ဦးကိုတစ်ဦး ချစ်သောမျက်စိဖြင့်သာ ကြည့်ကြပါသည် အရှင်ဘုရား"**

ကြည့်စမ်းပါဦး။ ဒီ့ထက်ကောင်းတဲ့အဖြေ၊ ဒီ့ထက်ကောင်းတဲ့စကားလုံး၊ ဒီ့ထက်ကောင်းတဲ့အသုံးအနှုန်း ဘယ်မှာများရှိနိုင်ပါ့မလဲ။

ဟုတ်တာပေါ့။ တစ်ဦးကိုတစ်ဦး ချစ်သောမျက်စိနဲ့သာ ကြည့်မှတော့ အချစ်တွေချည်း ဝင်တော့မှာပေါ့။ ဘယ်မှာအပြစ်မြင်ပါတော့မလဲ။ ဩော် . . . ဒါ့ကြောင့်လည်း အညီအညွတ်နေထိုင်နိုင်ကြတာပါပဲလေ။

အဲဒီအခါ ဘုရားရှင်က ဆက်ပြီးမေးတော်မူပြန်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့ဘယ်လောက်အထိ အညီအညွတ်သင့်တင့်မျှတစွာ နေထိုင်ကြပါသလဲဆိုတော့. . .။

"အရှင်ဘုရား. . . နို့နှင့်ရေကို ရောစပ်ပြီးသည့်အခါ နို့ချည်းသပ်သပ်၊ ရေချည်းသပ်သပ်ပြန်လည်ခွဲယူလို့မရတော့သည့်ပုံပမာတူ၊ တပည့်တော်တို့ သုံးဦးသည်လည်း အတူပေါင်းစည်းနေထိုင်ပြီးသကာလ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတည်းဟူသော မေတ္တာသုံးပါးဖြင့် လွှမ်းခြုံကာ ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ သုံးပါးအလို မဖောက်မိသည်၊ သုံးကိုယ်တစ်စိတ်နေထိုင်ကြပါသည်ဘုရား။"

ရဟန်းသုံးပါးရဲ့ အဖြေစကားများဟာဖြင့် ကြက်သီးမွေးညင်းထလောက်အောင် မွန်မြတ်လှပါပေတယ်။

ဒီအဖြေစကားများရဲ့ နောက်ကွယ်မှာ ချစ်ခင်မှု၊ စည်းလုံးမှု၊ တည်ကြည်မှု၊ ခိုင်မြဲမှု၊ မြင့်မြတ်မှုတွေနဲ့ ပြည့်စုံနေတာကို ဖတ်ရင်း၊ ဖတ်ရင်း နားလည်သဘောပေါက်လာမိပါတယ်။

ဩော်. . . ဟုတ်ပေသားပဲ။ လောကကြီးမှာ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း၊ မိသားစုဝင်အချင်းချင်း၊ အတူတကွနေထိုင်ကြတဲ့အခိုက်မှာ ချစ်သောအကြည့်၊ ချစ်သောမျက်စိဖြင့်ကြည့်တတ်ဖို့ တကယ်လိုအပ်လှပါလား။ ဒါမှသာ ပတ်ဝန်းကျင်ကို အလှဆင်နိုင်မှာပါကလား။ တစ်ဦးကိုတစ်ဦး ဂုဏ်တုဂုဏ်ပြိုင်အနိုင်ရလိုမှု၊ အာဃာတထားရန်လိုမှု၊ မယုံသင်္ကာစိတ်ပွားများမှု၊ ကိုယ့်ထက်သာမနာလိုမှု၊ သူလုပ်တာကမကောင်း၊ ကိုယ်လုပ်တာကမှ အကောင်းထင်မှု၊ လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်ဆိုတဲ့ အကောင်းမမြင် အဆင်ခြင်ကင်းမဲ့မှုတွေနဲ့ ဖုံးလွှမ်းသောမျက်စိဖြင့် ကြည့်ရှုမယ်ဆိုရင်တော့. . . လောကကြီးဟာ အလှတရားတို့ ပျောက်ကွယ်လျော့ပါးသွားမှာပါလား စသည်ဖြင့် အတွေးလှေ့ငယ်ကိုရေလယ်မှာ မျှောမိသလို မျှောမိပါလေရဲ့။

"တပည့်တော်တို့ သုံးဦးဟာ တစ်ဦးကိုတစ်ဦး အင်မတန်ရတောင့်ရခဲ မိတ်ဆွေတွေလို သဘောထားကြပါတယ်ဘုရား။ ကိစ္စရပ်တိုင်းမှာ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ၊ မခွဲခြားဘဲ ဦးသူကအလျှင် ပြုမှုဆောင်ရွက်ပေးကြပါတယ်ဘုရား။"

ရဟန်းသုံးပါး လျှောက်တင်တဲ့ စကားများကို ကြည်ညိုသဒ္ဓါဖြစ်လွန်းတဲ့စိတ်နဲ့အတူ အောက်ပါကဗျာလေးကို ရေးဖွဲ့စပ်ဆိုခဲ့ကြောင်း တင်ပြရပါတယ်။

**ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ**

※ အခါတစ်ပါး၊ မြတ်ဘုရားသည်
သုံးပါးသံဃာ၊ ညီညွတ်စွာဖြင့်
သာယာချမ်းမြေ့၊ တောမှီမွေ့သည့်
အရှေ့ဝါးတော၊ ပြည်ကောသမ္ဗီ
အနီးဆီသို့
ကြွချီတော်မူခဲ့သည်တကား။

※ "အို. . . . ချစ်သားတို့
ဘယ်သို့စိတ်ထား
ကျင့်ကြံပွားလျက်၊ သုံးပါးညီထွေ
နေထိုင်ပေဟု"
မိန့်ခြွေ ဗုဒ္ဓ၊ မေးသမျှကို
ဖြေကြသည်မှာ ဤသို့တကား။

※ "အရှင်ဘုရား. . . .
ဘုရားတပည့်တော်
သုံးဖော် သံဃာ၊ နေပါသည်ကား
တစ်ပါးကိုလျှင်၊ တစ်ပါးမြင်သော်
ချစ်ခင်သောအကြည့်၊ ထိုမျက်စိဖြင့်
ကြည့်ကြပါသည် အရှင်ဘုရား"။

※ "ထို့ပြင် နိုင်းချိ၊ ပြုဖွယ်ရှိသော်
မိမိကိစ္စ၊ သူ့ကိစ္စဟု
ကိစ္စပိုင်းခြား၊ ငြင်းမပွားဘဲ
သုံးပါးညီစွာ၊ နေထိုင်ပါသည်
ပမာနို့နှင့် ရေပါဘုရား။"

※ "ထို့ပြင် စိတ်တွင်း၊ နှလုံးသွင်း၏
သီတင်းသုံးဖော်၊ ငါတို့သော်ကား
သင့်လျော်တူကွ၊ နေပေရသည်
အရတော်စွာ၊ မိတ်ရင်းချာဟု
ကာယကံ မေတ္တာ၊ ဝစီကံမေတ္တာ
မနောကံ မေတ္တာ
ထာဝရတည်ဆောက်
ကြံသက်ရောက်သည်
မျက်မှောက် မျက်ကွယ်ပါ ဘုရား။"

※ "ထို့နောက်တွင်ကား၊ ဤသုံးပါးတွင်
တစ်ပါးချင်းက၊ ကိုယ့်ဆန္ဒ၌
လုံးဝမလိုက်၊ နှစ်ပါးကြိုက်ကို
လိုက်လျောကြည်သာ၊ ဖြည့်စွမ်းပါ၏
ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ
သုံးပါးအလို၊ မဖောက်မိသည်
သုံးကိုယ် တစ်စိတ်ပါ အရှင်ဘုရား။

※ ဩော်. . . အရှင် အနုရုဒ္ဓါမထေရ်
အရှင်နန္ဒိယမထေရ်
အရှင်ကိမိလ မထေရ်
မထေရ်သုံးပါး၊ မြတ်ဘုရားကို
ပန်ကြားလျှောက်တင်၊ စကားစဉ်၌
နားဝင်ချိုလှစ်၊ အမြင်သစ်ခဲ့
ချစ်ခြင်းအပြည့်၊ ထိုမျက်စိဖြင့်
ရှုကြည့်လေက၊ မြင်တိုင်းလှလိမ့်
လောဘ ဒေါသ၊ အာဃာတနှင့်
မာန မျက်စိ၊ ရှိတုံဘိက
ကြည့်တိုင်းမလှ၊ ဖြစ်တတ်စွတည့်
လောကကိုလျှင်၊ လှစေချင်က
ငြိုငြင်မာန်တင်း၊ ငြူစူကင်းလျက်
"ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါ"ဟု
ကဗျာတစ်ပုဒ်၊ ရင်မှထုတ်၍
ကျွန်ုပ်လက်ဆောင်ပေးချင်၏။ ။

**(မဟာဗုဒ္ဓဝင် တတိယတွဲနှင့် စတုတ္ထတွဲကို မှီငြမ်းပါသည်။)**

**လောကကြီးမှာ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း၊ မိသားစုဝင်အချင်းချင်း၊ အတူတကွနေထိုင်ကြတဲ့အခိုက်မှာ ချစ်သောအကြည့်၊ ချစ်သောမျက်စိဖြင့် ကြည့်တတ်ဖို့ တကယ်လိုအပ်လှပါလား။ ဒါမှသာ ပတ်ဝန်းကျင်ကို အလှဆင်နိုင်မှာပါကလား။**

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ရန်ကုန်အနောက်ပိုင်း မြို့နယ်များသို့ သောက်သုံးရေ ဂါလန် သန်း ၆၀ ပေးဝေနိုင်ရန် စီမံထားရှိ

**နေပြည်တော် ဇွန် ၈**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ရက် ၆၀ မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **၁၆၃/ ၁၆၇ပန်းဆိုးတန်းလမ်းရှိ စိန်ဘရားသားအဆောက်အအုံနှင့် ၁၂၂/၁၃၂(၃၆)လမ်းရှိ ဂိုဒေါင်တို့အား လက်ရောက်ပိုင်ဆိုင်ခွင့် ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက စိန်ဘရားသား အဆောက်အအုံကို ၁၉၈၆ ခုနှစ်တွင် နိုင်ငံတော်က အပြီးတိုင်သိမ်းယူထားပြီး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ ပြည်သူပိုင်အဖြစ်ထိန်းသိမ်းရန် ၂၀၀၁ ခုနှစ်တွင် ဆုံးဖြတ်ထားပါကြောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ ပြည်တွင်း အခွန်ဦးစီးဌာနမှ ရုံးဖွင့်လှစ်အသုံးပြုထားပါကြောင်း၊ လက်ရှိတွင်လည်း တရားမကြီး အမှု တရားစွဲဆိုထားသည့်အတွက် ပြန်လည်လွှဲပြောင်း မရပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကျေးရွာများအတွက် သောက်သုံးရေ လုံလောက်မှုရရှိရန် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကြည့်မြင်တိုင် တစ်ဖက်ကမ်းတွင် ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်ရှိပြီး လူဦးရေ ၄၀၀၀၀ ကျော်နေထိုင်ပါကြောင်း၊ အဆိုပါ ရပ်ကွက်များအတွက် သောက်သုံးရေရရှိရန် ရေကန် ၅၀ ကျော်ရှိပါကြောင်း၊ ယခုနှစ်နွေရာသီတွင် ရေဂါလန် သုံးသန်းခွဲကျော် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း။

ကြည့်မြင်တိုင် တစ်ဖက်ကမ်း ရပ်ကွက်များသို့ ရေပေးဝေရေးစနစ်များ တည်ဆောက်နိုင်ရေးအတွက် မြေအောက်ရေထုတ်ယူသုံးစွဲရန် မြေအောက်ရေအရင်းအမြစ်မှ ပေးဝေရန်ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ရေချိုရေသန့်လုံလောက်စွာ ဖြန့်ဖြူးနိုင်မည့် ဂျပန်နိုင်ငံအစိုးရမှ ODA LOAN ရရှိရေးညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ စီမံကိန်း ပထမအဆင့်ပြီးစီးပါက ကြည့်မြင်တိုင် တစ်ဖက်ကမ်းရပ်ကွက်များ အပါအဝင် လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် အလုံမြို့နယ် အစရှိသော ရန်ကုန်အနောက်ပိုင်း မြို့နယ်များသို့ သောက်သုံးရေဂါလန် သန်း ၆၀ ပေးဝေနိုင်ရန် စီမံထားရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးသန်းစိန်မေးမြန်းစဉ်။ (သတင်းစဉ်)

ဂန့်ဂေါမဲဆန္ဒနယ်မှ **ဦးအောင်မြင့်က ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်း ကျေးရွာနှင့် ဟံသာဝတီကျေးရွာတို့ရှိ အထက်တန်းကျောင်းခွဲများအား အခြေခံ ပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ လာဘို့ကျေးရွာ၊ မောက်လင်းကျေးရွာနှင့် နှမ်းခါးကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲများအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ဘော်ပြင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ် လည်းကောင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဂန့်ဂေါမြို့နယ် ဟံသာဝတီ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ လာဘို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ မောက်လင်း အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ ဘော်ပြင်း အခြေခံပညာမူလတန်းလွန်ကျောင်းတို့အား သတ်မှတ်မူဘောင်နှင့် မကိုက်ညီပါသဖြင့် ယခုပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှမ်းခါး အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ တောင်ခင်ရန်း အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)တို့ကို အဆင့်တိုးမြှင့်ပေးပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ရွှေ့ပြောင်းသူများနှင့်ပတ်သက်၍ ပြတ်သားသော မူဝါဒချမှတ်ဆောင်ရွက်ရန် အဆိုနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များထောက်ခံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမော်ထွန်း၏ **နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုကို သုတေသန ပြုလုပ်၍ မှတ်တမ်းတင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က မြေအောက်ရေနှင့် သက်ဆိုင်သည့် ဥပဒေပြုမှု၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်အတွက် နည်းပညာ၊ ကျွမ်းကျင်မှု၊ အစိုးရဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေ သုတေသနနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းကို နိုင်ငံတော်အဆင့် ဖွဲ့စည်းထားရှိသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **မြန်မာခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းခြင်းများအား အခြားမည်သည့် ဥပဒေနှင့် အရေးယူ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ရှင်းလင်းဖြေကြားပေးပို့ချက်များအရ နိုင်ငံတစ်ဝှမ်းလုံးတွင် စည်ပင်သာယာအဖွဲ့များမှ သားသတ်ခြင်းလုပ်ငန်းအား စည်းကမ်းချက်များအတိုင်း သတ်မှတ်ထားသည့် သားသတ်ကောင်ရေအတိုင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်းဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းများကို စစ်ဆေးတွေ့ရှိပါက တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာအဖွဲ့ ဥပဒေအရလည်းကောင်း၊ ၂၀၁၂ ခုနှစ် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ(၄)နှင့် ပုဒ်မ(၅)အရ လည်းကောင်း၊ ၁၉၄၇ ခုနှစ် အရေးကြီး ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ (၄)၊ ပုဒ်မ(၅) အရ အရေးယူဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **လေ့စီးပြေး ရွှေ့ပြောင်းသူများနှင့် ပတ်သက်၍ ပြတ်သားသော မူဝါဒ ချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အရေးတကြီးအဆိုနှင့် စပ်လျဉ်း၍** ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်ခင်ဝိုင်းကြည်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က နိုင်ငံတော်၏ မူဝါဒဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး စီမံကိန်းနှင့် ပတ်သက်၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ထားမှုများ၊ လူကုန်ကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများအပေါ် အရေးယူဆောင်ရွက် ထားရှိမှုများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က အဆိုနှင့် ပတ်သက်၍ တပ်မတော်၏ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးအောင်ခင်စိုးအား ဘူတန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၈**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင် ဦးဂျိဖုန်ဆန်းခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၄၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေါက်တာသန်းထွဋ် ခေါင်းဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဒေသခံပြည်သူ ၇၁ ဦး၊ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစိုးဝင်းအောင် ခေါင်းဆောင်သည့် ဆရာ ဆရာမများ၊ နိုင်ငံရေးသိပ္ပံဒီပလိုမာသင်တန်း (DPS)၊ နိုင်ငံတကာဆက်ဆံရေး ဒီပလိုမာသင်တန်း (DIR) နှင့် နိုင်ငံတကာရေးရာထူးချွန် ကျောင်းသား ကျောင်းသူ ၁၅၀ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)၏ မိတ်ဆွေတစ်ဦး စုစုပေါင်း ၂၇၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၀ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

## မိုးသည်းထန်ပြီး လေပြင်းတိုက်မှုကြောင့် ကျိုက်ထီးရိုးစေတီတော် ကျောက်လုံးမှ ရွှေသရိုးဖတ်များကွာကျ

**ကျိုက်ထို ဇွန် ၈**

ကျိုက်ထိုမြို့နယ်တွင် ဇွန် ၆ ရက် ည ၁၀နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်သဖြင့် ကျိုက်ထီးရိုး စေတီတော် ကျောက်လုံးတော်ကြီးမှ ပပ်ကြားအက်ကာ တစ်လက်မပတ်လည်ခန့်ရှိ ရွှေသရိုးဖတ်များ ကွာကျခဲ့ကြောင်း သိရသည်။

အဆိုပါရွှေသရိုးဖတ်များကို တာဝန်ရှိသူများက ရှာဖွေခဲ့ရာ သစ်စေး(စစ်စီး) ရွှေရောထားသည့် ရွှေသရိုးဖတ် ခန့်မှန်းအလေးချိန် တစ်ပိဿာ ၄၅ ကျပ်သားခန့်ကို တွေ့ရှိသဖြင့် ရင်ပြင်တော်အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးအောင်မြင့်ထံတွင် အပ်နှံထားကြောင်း၊ ဇွန် ၇ ရက် နံနက် ၇ နာရီခွဲခန့်က ရင်ပြင်တော်ချောက်အတွင်းမှ တစ်လက်မခန့်ရှိ ရွှေသရိုးဖတ် ငါးပိဿာ ၆၀ ကျပ်သားခန့်တို့ကို ထပ်မံရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းဂေါပကအဖွဲ့ဝင်ထံပင် ထပ်မံအပ်နှံထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲအနိုင်ရသည့် အင်အားစုအားလုံးနှင့်လက်တွဲပြီး မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ ရှေ့ခရီးအတွက် ဆက်လက်အားထုတ်သွားမည်

နေပြည်တော် ဇွန် ၈

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ Australian National University (ANU)၌ ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နှင့် ၆ ရက်ကကျင်းပခဲ့သည့် "မြန်မာ့ရေးရာ ဆွေးနွေးပွဲ (၂၀၁၅)၊ ပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာခြင်း"ကွန်ဖရင့်သို့ ANU ၏ ဖိတ်ကြားချက်အရ တက်ရောက်ပြီး ဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားသည်။** (ယာပုံ)

အခမ်းအနားတွင် ANU Myanmar Research Centre Launch နှင့်ပတ်သက်၍ ANU College of Asia and the Pacific၏ Dean ဖြစ်သော Professor Veronica Taylor, Associate Professor Helen James, ANU College of Arts and Social Sciences မှ Dr. Charlotte Galloway နှင့် ANU မှ ဒေါ်ခင်သီတာအေးတို့က ဆွေးနွေးကြသည်။

မျက်မှောက်နိုင်ငံရေးနှင့် ပတ်သက်၍ University of Washinton မှ Associate Professor Mary Callahan က A perfect storm? Politics, elections and the peace process in 2015 ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားပြီး University of New South Wales (UNSW)မှ Dr. Morten Pedersen က ဆွေးနွေးသည်။

မျက်မှောက်ခေတ် စီးပွားရေးနှင့် ပတ်သက်၍ Sydney University of Technology မှ Professor Mike Woods၊ Australian Treasury ဒေါ်နုနုဝင်း၊ Centre for Policy Development မှ Mr. sam Hurley တို့ကလည်းကောင်း၊ ANU East Asian Bureau of Economic Research နှင့် Crawford School of Public Policy က Key findings from the Myanmar Trade and Investment Strategy Consultation Paperကိုလည်းကောင်း စာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ANU Department of Political and Social Change မှ Dr. Nick Cheesman ရေးသားသည့် Opposing the rule of Law; How Myanmar's courts make law and order (Cambridge University Press) စာအုပ်နှင့် ပတ်သက်၍ University of Washington မှ Associate Professor Mary Callahan၊ Griffith University မှ Adjunct Associate Professor Andrew Selth နှင့် UNSW မှ Dr. Melissa Crouch တို့က ဆွေးနွေးကြသည်။

ဆက်လက်၍ Borderland conflicts and peace negotiations ခေါင်းစဉ် ပထမပိုင်းတွင် Myanmar Peace Center မှ Dr. Min Zaw Oo၊ University of Hongkong မှ မဆုမွန်သဇင်အောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ANU မှ Dr. Nicholas Farrelly တို့က စာတမ်းများ ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာဘာသာ ဆွေးနွေးပွဲကိုကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ဒေါက်တာမင်းဇော်ဦး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီမှ ဦးကျော်မင်း၊ မဆုမွန်သဇင်အောင်၊ ဦးခင်မောင်ရင်၊ မောင်နိုင်ကိုကိုနှင့် မခင်ခင်မရတို့က ဆွေးနွေးကြသည်။

ကွန်ဖရင့် ဒုတိယနေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပရာ Border Land conflicts and Peace negotiations ခေါင်းစဉ် ဒုတိယပိုင်း၊ Communal violence and the "Western gateway" with Bangladesh၊ Electoral politics and Legislature the many dimensions of conflict စသည်ဖြင့် ခေါင်းစဉ်များခွဲ၍ စာတမ်းများ ဖတ်ကြားဆွေးနွေးကြရာ Deakin University၊ Monash University၊ City University of Hongkong၊ Oxford University၊ University of Melbourne၊ International Research Institute of Bangladesh၊ Macquarie University၊ University of Yangon၊ National Taiwan University၊ University of Tasmania နှင့် Australian National University မှ ပညာရှင်များ တက်ရောက်ကြသည်။

၂၀၁၅ Myanmar Update ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အနောက်နိုင်ငံ မီဒီယာအချို့က **"မြန်မာ့နွေဦး"**ဟု တင်စားခေါ်ဝေါ်နေကြသည့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲကို နိုင်ငံတကာက စိတ်ဝင်စားသည့်အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် နှစ်ထောင်းအားရဖြစ်ပါကြောင်း၊ **"မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ စတင်ပုံ၊ သဘောသဘာဝနှင့် ရောက်ရှိနေသည့်အခြေအနေ၊ ရှေ့အလားအလာ"** စသည့် မေးခွန်းများ၏အဖြေကို သိချင်ကြမည်ဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲတွင် ထဲထဲဝင်ဝင် ပါဝင်ခဲ့သူတစ်ဦးအနေဖြင့် ၎င်းမေးခွန်းများကို ဖြေကြားပေးရန် တာဝန်ရှိသည်ဟု ခံယူထားပါကြောင်း၊ ရရှိသည့်အချိန်တိုအတွင်း အနှစ်ချုပ်တင်ပြသွားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် စဉ်းစားဆင်ခြင်မိသည့် သမိုင်းဆိုင်ရာ ကောက်ချက်အချို့ကို ကြားဖြတ်တင်ပြလိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအရေးမှာ ယနေ့အချိန်ထိ မဖြေရှင်းနိုင်သေးသည့် "အခြေခံပြဿနာ"နှစ်ရပ်ရှိကြောင်း၊ ပထမအချက်မှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဗဟိုအစိုးရအဆက်ဆက်နှင့် တိုင်းရင်းသားလူမျိုးစုများကြား ပြဿနာဖြစ်ပြီး ဒုတိယအချက်မှာ ၁၉၆၂ ခုနှစ် နောက်ပိုင်းအစိုးရအဆက်ဆက်နှင့် ပြည်သူလူထု၏ ဆက်ဆံရေးပြဿနာဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ် နောက်ပိုင်းအစိုးရများသည် တပ်မတော်နှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသဖြင့် ၎င်းအချက်ကို **"အရပ်ဘက် စစ်ဘက်ဆက်ဆံရေး"**ဟု ဆိုနိုင်ပါကြောင်း။

၎င်းပြဿနာနှစ်ရပ်ကို ဖြေရှင်းရမည့် တစ်နည်းအားဖြင့် မြန်မာ့ဒီမိုကရေစီရေးတွင် ရှောင်လွှဲမရနိုင်သည့် သမိုင်းပေးအမွေများလည်း ရှိနေပါကြောင်း၊ ၎င်းတို့မှာ စွဲခိုင်နေပြီဖြစ်၍ **"မြန်မာ့နိုင်ငံရေးမလေ့"**ဟု လည်း ဆိုနိုင်ကြောင်း၊ ၎င်းတို့မှာ နှုန်းစံအစွဲသန်မှု၊ ရယ်ဒီကယ်အစွဲသန်မှု၊ ဂိုဏ်းဂဏအစွဲသန်မှုနှင့် ပုဂ္ဂိုလ်ကိုးကွယ်မှုတို့ဖြစ်ကြောင်း၊ ၎င်းသမိုင်းအမွေများကို နှလုံးသွင်းနိုင်မှသာ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ၏ စိန်ခေါ်ချက်များကို ထဲထဲဝင်ဝင် သိမြင်နိုင်မည်ဟု ဆင်ခြင်မိကြောင်း။




အပြောင်းအလဲတွင် မိမိတို့ကြုံတွေ့ခဲ့ရသော ဒီမိုကရေစီအပြောင်းအလဲ၏ ပထမအကြိမ် ကြိုးပမ်းမှုသည် **"၁၉၈၈ ဒီမိုကရေစီအုံကြွမှုကြီး"**ဟု ဆိုနိုင်ကြောင်း၊ ဒုတိယအကြိမ်ကြိုးပမ်းမှုသည် **"၂၀၁၀ ခုနှစ်တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး"**ဟု ဆိုနိုင်ကြောင်း၊ ၎င်းအပြောင်းအလဲပုံစံသည် ပါမောက္ခရှမစ်ထာ ရည်ညွှန်းသည့် **"သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲ (Imposed Transition)"**နှင့် သဘောသဘာဝချင်းနီးစပ်တူညီသည်ဟုယူဆရကြောင်း၊ ၎င်းပုံစံ၏ ထူးခြားချက်မှာ အခြားသော ဒီမိုကရေစီအပြောင်းအလဲပုံစံများကဲ့သို့ လူထုအုံကြွမှုနှင့် စတင်ခြင်းမဟုတ်ကြောင်း၊ တည်ဆဲအစိုးရက စတင်လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်၍ **"အထက်ကလာသည့် အပြောင်းအလဲ"**ဟု ဆိုနိုင်ကြောင်း။

ငါးနှစ်တာကာလ အတွေ့အကြုံများအနေဖြင့် အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်မှု ဖြစ်စဉ်သုံးရပ်ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ခဲ့ရကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ၎င်းဖြစ်စဉ်များအနက် အရှိန်အဟုန်အမြင့်ဆုံး၊ ပြည်တွင်း ပြည်ပမှ အသိအမှတ်ပြုလက်ခံမှုအရရှိဆုံး ဖြစ်ကြောင်း၊ ၎င်းဖြစ်စဉ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေး ကြွေးကြော်သံဖြင့် အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတ၏ ကတိသစ္စာပြု အဖွင့်မိန့်ခွန်း၌ပင် **"တိုင်းပြည်ကောင်းရာ ကောင်းကြောင်းအတွက် သဘောကွဲလွဲမှုတွေကို ဘေးဖယ်ပြီး အတူလက်တွဲကြိုးပမ်းကြပါစို့"**ဟု နိုင်ငံရေးအင်အားစုအားလုံးကို တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း၊ လက်တွေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပြီး NLD ကို တရားဝင်နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရန် လမ်းဖွင့်ပေးနိုင်ခဲ့ကြောင်း၊ တစ်ဆက်တည်းတွင် နိုင်ငံရေးအကျဉ်းသားများကို ဆက်တိုက်လွှတ်ပေးပြီး **"ဖြေလျှော့ရေး(Liberarization)"**ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတွင် ထင်ရှားသည့် သာဓကများအနေဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည့် ဖြေလျှော့ရေးဆိုင်ရာ ဥပဒေများဖြစ်ကြောင်း၊ အစိုးရသစ်၏ သက်တမ်းတစ်နှစ်အတွင်း၌ပင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့် အလုပ်သမားအဖွဲ့အစည်းဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

သို့ရာတွင် **"အဖွဲ့အစည်းမှုဘောင်တည်ဆောက်ရေး(Institutionalization)"**ဖြစ်စဉ်၌ ကာလရှည် အဆက်ပြတ်မှု၊ ကျွမ်းကျင်ပညာရှင်ရှားပါးမှု စသည့် လိုအပ်ချက်များကြောင့် စိတ်ရှိလက်ရှိဖြင့် အရှိန်မမြင့်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ မိမိတို့ အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်မှာ ဖြေလျှော့ရေးဖြစ်စဉ်၏ မြန်နှုန်းကို မထိန်းချုပ်နိုင်၍ ၂၀၁၃ ခု နှစ်ကုန်ခန့်မှစတင်ပြီး မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ **"မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ၏ အဓိကပြဿနာသည် ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြင့်မားလွန်းနေခြင်းပင်ဖြစ်ကြောင်း"**ဟု အီကိုနောမစ်မဂ္ဂဇင်းကြီးက ဝေဖန်ထောက်ပြခဲ့ပါကြောင်း၊ ၎င်းဝေဖန်ချက်ကို မိမိတို့အနေဖြင့် ယေဘုယျသဘောတူပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ ရည်မှန်းချက်မှာ တံခါးပိတ်အမိန့်ပေးစီးပွားရေးစနစ်မှ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို လှည့်ပြောင်းနိုင်ရန်ဖြစ်ကြောင်း၊ ၎င်းရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကဲ့သို့ အရှိန်မမြင့်နိုင်ခဲ့သော်လည်း အရေးကြီးသည့် အောင်မြင်မှုအချို့ကို ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ကာလကြာမြင့်စွာ တရားဝင်နှင့် လက်တွေ့ပေါက်ဈေး များစွာကွာဟနေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို **"စီမံခန့်ခွဲမှုနှင့်ယှဉ်သည့် အရှင်မျောစနစ်"**နှင့် ပြန်လည်ထိန်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကူးသန်းရောင်းဝယ်ရေးနှင့် အခွန်ဆိုင်ရာ ပြင်ဆင်မှုဥပဒေများ၊ မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် "အသေးစားချေးငွေဆိုင်ရာ ဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ" များကို ပြဋ္ဌာန်းပေးပြီး အရင်းအနှီးလိုအပ်ချက်ပြဿနာကို ဖြေရှင်းပေးရန် လမ်းဖွင့်ပေးနိုင်ခဲ့ပါကြောင်း၊ သို့ရာတွင် မိမိတို့၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အားကြိုးမာန်တက် ဆောင်ရွက်နေဆဲသာရှိပါကြောင်း၊ ၎င်းမှာလည်း အချိန်တိုအတွင်း ကျော်လွှားနိုင်ရန် မလွယ်ကူသည့် အတိတ်၏ စီးပွားရေး အရိပ်များနှင့် သက်ဆိုင်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်ရချိန်တွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေသည် **"အဆင့်နိမ့် စက်မှုထူထောင်ရေး"**မျှသာ ရှိပါသေးကြောင်း၊ ၎င်းအပြင် မအောင်မြင်ခဲ့သည့် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အကျိုးဆက်အနေဖြင့် အားနည်းချည့်နဲ့လှသည့် ဘဏ်လုပ်ငန်းနှင့် ပံ့ပျက်မှုများ၊ စွမ်းဆောင်ရည်မပြည့်မှုများကို အမွေဆက်ခံခဲ့ရပါကြောင်း၊ ၎င်းအခြေအနေကြားမှပင် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှုန်းကို သိသာစွာတိုးတက်လာစေရန် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်နှုန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်တွင် ၅ ဒသမ ၆ရာခိုင်နှုန်း၊ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၃ရာခိုင်နှုန်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းဟု သိရပါကြောင်း။

ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်မှု၏ရည်မှန်းချက်မှာ အထက်တွင် မိမိပြောကြားခဲ့သည့် အခြေခံပြဿနာကြီးနှစ်ရပ်အနက်မှ ပထမတစ်ခုကို ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲနေသော ပြည်တွင်းစစ်ဖြစ်နေသည့် အနေအထားမှ အမျိုးသား ပြန်လည်သင့်မြတ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး ရရှိသည့် အခြေအနေရောက်ရှိရန် လှည့်ပြောင်းနိုင်ရေးပင်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ်ကိုလည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကဲ့သို့ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလွန်တိုတောင်းလှသည့် အချိန်ကာလတစ်ခုအတွင်း၌ပင် လူမျိုးစုလက်နက်ကိုင် အင်အားစု ၁၁ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူနိုင်ခဲ့ကြောင်း၊ အဓိက လက်နက်ကိုင်အင်အားစုအနေဖြင့် ကချင်လက်နက်ကိုင်အဖွဲ့ (KIO)တစ်ဖွဲ့သာ ကျန်ရှိပါကြောင်း၊ သို့ရာတွင် တစ်ပြည်လုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ကြိုးပမ်းစဉ်ကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့များသည် လျော့မသွားဘဲ တိုး၍သာလာခဲ့ကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအနေဖြင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့ ပါဝင်သည့် "တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)" ကို ဖွဲ့စည်းပြီး National Ceasefire Accord ကို စိတ်ရှည်လက်ရှည် ညှိနှိုင်းနေပါကြောင်း၊ အစိုးရအနေဖြင့် လက်ရှိ NCA ကို သဘောတူသည့် လက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင် နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေးပြီး NCA ကို လက်မှတ်ရေးထိုးကာ တရားဝင်နိုင်ငံရေး ဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ခြုံငုံသုံးသပ်ချက်အနေဖြင့် ယခုအခါ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ၏ ငါးနှစ်တာသက်တမ်းကုန်ဆုံးရန် လအချို့သာ ကျန်ရှိပါကြောင်း၊ ၎င်းအချိန်တွင် မိမိတို့နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းခန့်က ထွက်ပေါ်လာခဲ့သည့် **"အာရပ်နွေဦး"** အပြောင်းအလဲများကို ကြည့်မည်ဆိုလျှင် ကသောင်းကနင်း ဖြစ်ရပ်မျိုးစုံနှင့် ဝမ်းနည်းဖွယ် အခြေစိုက်နေသည်ကို တွေ့မြင်နေရပါကြောင်း၊ ၎င်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံမှာ ဖြေသိမ့်ဖွယ်အနေအထားများ အပြည့်အဝရှိနေပါကြောင်း၊ **"မြန်မာ့နွေဦး"**ကို နောက်ကြောင်း မပြန်ရန်၊ ရှုန်းရင်းဆန်ခတ် အခြေအနေတွင် နစ်မနေစေရန် ထိန်းကျောင်းပေးမှုဖြင့် ခရီးဆက်နိုင်ခြင်းသည်ပင် "မသေးလှသည့် အောင်မြင်မှု"ဟု ဆိုချင်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြင့် အနားသတ်နိုင်မည်ဆိုပါက မိမိတို့၏ ပထမငါးနှစ်သက်တမ်းမှာ သမိုင်းတာဝန်ကျေပွန်မည်ဟု ဆိုနိုင်မည် ဖြစ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ်များအနေဖြင့် မိမိသဘောအရဆိုလျှင် ရှေ့လုပ်ငန်းစဉ်သုံးရပ်ကို ဆောင်ရွက်သွားရန် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းတို့မှာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို နောက်အကျဆုံး ၂၀၁၅ နှစ်ကုန်ပိုင်းခန့်တွင် အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီ ကြားကာလနှင့် ရွေးကောက်ပွဲအပြီး တည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့်လွှတ်တော်နှင့်အစိုးရထံ အာဏာလွှဲပြောင်းနိုင်ရေးတို့ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းဖြစ်စေ ရွေးကောက်ပွဲအနိုင်ရသည့် အင်အားစုအားလုံးနှင့်လက်တွဲပြီး မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ ရှေ့ခရီးအတွက် ဆက်လက်လုံးပန်းအားထုတ်သွားမည်ဖြစ်ကြောင်း။

ရှေ့အလားအလာအနေဖြင့် မိမိညွှန်းဆိုပြောကြားခဲ့သည့် ပါမောက္ခရှမစ်တာက **"မြန်မာ့နွေဦး"**ဟု သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲပုံစံ၏ သဘောသဘာဝကို **"ဒီပုံစံဟာ မျှော်လင့်ထားတာထက် ပိုရှုပ်ထွေးသိမ်မွေ့လိမ့်မယ်၊ ရှည်ကြာနိုင်တယ်၊ ဆန့်ကျင်ဘက်အင်အားစုတွေ စေ့စပ်ညှိနှိုင်းမှုနဲ့သာ ခရီးဆက်စရာ ရှိလိမ့်မယ်၊ အချိန်တိုအတွင်း အောင်မြင်နိုင်ဖွယ်ရာမရှိ၊ တဖြည်းဖြည်းနဲ့သာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ကြရမယ့် ဖြစ်စဉ်ဖြစ်လိမ့်မယ်"** စသည်ဖြင့်ဖြစ်ပါကြောင်း၊ ၎င်းမှတ်ချက်အရ စဉ်းစားကြည့်မည်ဆိုလျှင် မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲ ပထမငါးနှစ်သက်တမ်းကို ဝိုင်းဝန်းဦးဆောင်ခဲ့ကြသည့် မိမိတို့အနေဖြင့် မိမိတို့သက်တမ်းအတွင်း မိမိတို့လုပ်ပေးနိုင်သည်ကို ကြိုးပမ်းလုပ်ဆောင်နေခြင်းသည် နောင်လာမည့် မျိုးဆက်သစ်များအတွက် ခိုင်မာသည့် ဒီမိုကရေစီအုတ်မြစ်ကို အမွေချန်ထားပေးနိုင်ရန်သာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါ ကွန်ဖရင့်သို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်းနှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ လိုက်ပါသွားကြသော အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများသည် ဇွန်လ ၇ ရက် ညနေပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်သည့် တိုးတက်မှုများကို အသိအမှတ်ပြုသည့်ဂုဏ်ပြုလက်မှတ် မြန်မာနိုင်ငံအား ချီးမြှင့်

**ရောမ ဇွန် ၈**

အီတလီနိုင်ငံ ရောမမြို့တွင် ဇွန် ၆ ရက်မှ ၁၃ ရက်အထိ "ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉)ကြိမ်မြောက်ညီလာခံ ကျင်းပနေစဉ် ဇွန် ၇ ရက်တွင် **"ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်သည့် တိုးတက်မှုများအား အသိအမှတ်ပြုသည့် အထူးအခမ်းအနား"** တစ်ရပ် ကျင်းပခဲ့သည်။




အခမ်းအနားတွင် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအရ ၁၉၉၀-၁၉၉၂ ခုနှစ်မှ ၂၀၁၄-၂၀၁၆ ခုနှစ်အထိ ကာလများအတွင်း အာဟာရလုံလောက်မှုမရှိသော လူဦးရေ ထက်ဝက်လျှော့ချရေးကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံတို့ကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကိုယ်စား မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဂုဏ်ပြုလက်မှတ်အား တက်ရောက်လက်ခံရယူခဲ့သည်။ **(ယာပုံ)**

**"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ၁၉၉၀- ၁၉၉၂ ခုနှစ် ကာလများတွင် အာဟာရချို့တဲ့မှုနှုန်းသည် ၆၂ ဒသမ ၆ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၄-၂၀၁၆ ခုနှစ် ကာလများတွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းသို့ ကောင်းမွန်စွာ လျှော့ချနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ဂုဏ်ပြုလက်မှတ်အား ချီးမြှင့်ခြင်းဖြစ်ကြောင်း"** သိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်ပေးပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟိုစေးဂရာဇီယာ နိုဒါဆီးလ်ဗားနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ အီသရင်းကာစင်တို့က ဖိတ်ကြားခဲ့ရာ နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တက်ရောက်လက်ခံခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံပေါင်း ၂၅ နိုင်ငံ၌ မားစ်ရောဂါကူးစက်ပြန့်ပွားလျက်ရှိရာ မြန်မာနိုင်ငံနှင့် ကူးသန်းသွားလာမှုများသော နိုင်ငံများနှင့် ဆက်သွယ်ရာ ဝင်ပေါက်လမ်းကြောင်းများကို စောင့်ကြည့်ရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၈**

အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ မားစ်ကူးစက်မြန်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီက ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းထွေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်တွင် ကူးစက်ရောဂါတစ်ခုခုဖြစ်ပွားပါက ကမ္ဘာ့နိုင်ငံအများအပြားသို့ ကူးစက်မှုမြန်ဆန်နိုင်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌လည်း ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ယခင်ကတည်းက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိကြောင်း၊ စီမံချက်များရေးဆွဲဆောင်ရွက်ရန်နှင့် ရန်ကုန်၊ မန္တလေး၊ ပုဂံ(ညောင်ဦးမြို့နယ်)တို့ရှိ လေဆိပ်များတွင် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုမှုများကို ချက်ချင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့်ပုဂံညောင်ဦးတို့တွင် သံသယလူနာများကိုထားရှိနိုင်ရန် ဆေးရုံများကိုကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ ယခုအခါတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံ၌ မားစ်ရောဂါကူးစက်ပြန့်ပွားလျက်ရှိကာ မြန်မာနိုင်ငံနှင့် ကူးသန်းသွားလာမှုများသော နိုင်ငံများနှင့်ဆက်သွယ်ရာ ဝင်ပေါက်လမ်းကြောင်းများကိုစောင့်ကြည့်ရန်နှင့် မားစ်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်နှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်၊ ရောဂါလက္ခဏာများတွေ့ရှိလာပါက အမြန်ဆုံးကုသနိုင်ရန်၊ လူ၊ ပစ္စည်း၊ ဆေးဝါးများကြိုတင်စီစဉ်ထားရန်၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီတင်ပြကြရန်၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်နှင့် ဆောင်ရွက်ကြရန်၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အစည်းအဝေးအစီအစဉ်အရ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာ သန်းထွန်းအောင်က မားစ်ရောဂါ ကမ္ဘာပေါ်တွင် ဖြစ်ပွားမှုအခြေအနေ၊ ရောဂါကူးစက်သည့်နည်းလမ်းများ၊ ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြခဲ့ပြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လေဆိပ်၊ ရေဆိပ်နှင့် နိုင်ငံတကာဝင်ပေါက်နှင့် ထွက်ပေါက်များတွင် နိုင်ငံတကာကျန်းမာရေးပြဌာန်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အီဘိုလာရောဂါကဲ့သို့ရောဂါများဖြစ်ပွားသည့်နိုင်ငံများကို အဓိကထားဆောင်ရွက်မည်မဟုတ်ဘဲ နိုင်ငံတကာခရီးသွားရာဇဝင်ရှိပြီး မားစ်ရောဂါဖြစ်ပွားသူများကို ထိတွေ့ကိုင်တွယ်ပြုစုသူများတွင် အဖျားရောဂါရှိပါက သံသယလူနာအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လိုအပ်သောစစ်ဆေးမှုများကို ကျန်းမာရေးအဖွဲ့များဖြင့် စနစ်တကျစစ်ဆေးမည်ဖြစ်ပြီး သံသယလူနာများကို သတ်မှတ်ဆေးရုံများသို့ ရောဂါထိန်းချုပ်မှုအစီအစဉ်များနှင့် လွှဲပြောင်းကုသပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ဓာတ်ခွဲစမ်းသပ်အတည်ပြုခြင်းကိုလည်း ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာန ရန်ကုန်နှင့်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကအနေဖြင့် လက်ဆေးခြင်း၊ နှာစေး၊ ချောင်းဆိုးပါက လက်ကိုင်ပဝါအကာအကွယ်များ အသုံးပြုခြင်း စသည်တို့ကို ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများက လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံအလံတင်အစည်းအဝေးကျင်းပ၊ လှေ့စီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၈**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ အလံတင်အစည်းအဝေးနှင့် မေ ၂၁ ရက်က ရခိုင်ပြည်နယ် မောင်တောခရိုင် သဘော်ကွေ့ကျေးရွာအနီး ပင်လယ်ပြင်တွင် တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေ့စီးသွားလာသူများအနက် ကောင်စစ်ဆိုင်ရာ စိစစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေ့စီးသွားလာသူများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြို(လက်ဝဲ)မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့်အမှတ်(၁၇)ကော့ဘဇားအခြေစိုက် နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာဆိုင်ဖူအာလမ်တို့က နှစ်နိုင်ငံအလံတင်အစည်းအဝေးကို ဦးဆောင်ဆွေးနွေးကြပြီး လှေ့လာသူအဖြစ် မြန်မာနိုင်ငံမှ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမျိုးဆွေ၊ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးကိုကို၊ အမှတ်(၁)နယ်ခြား စောင့်ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်တေဇတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကော့ဘဇားအခြေစိုက် Colonel Md. Khalequzzaman, Deputy Director General, Sector Commander, Border Guard Bngladesh, Coxsbazar၊ ကော့ဘဇားခရိုင်ရဲအရာရှိ၊ ကော့ဘဇားခရိုင်အုပ်ချုပ်ရေးမှူးနှင့် စစ်တွေအခြေစိုက် ဘင်္ဂလားဒေ့ရှ် ကောင်စစ်ဝန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် နှစ်နိုင်ငံတာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့်အမှတ်(၁၇)ကော့ဘဇား အခြေစိုက် နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာဆိုင်ဖူ အာလမ်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေ့စီးသွားလာသူများ လွှဲပြောင်းပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ စာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။



ဆက်လက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ် တောင်ပြို(လက်ဝဲ) ဝင်/ထွက် စခန်းတွင် မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားအခြေစိုက် Colonel Md. Khalequzzaman, Deputy Director General, Sector Commander, Border Guard Bngladesh, Coxsbazar ထံ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေ့စီးသွားလာသူ ၁၅၀အား လွှဲပြောင်းပေးအပ်ခဲ့ပြီး နယ်စပ်ဂိတ်တံတားအထိ လိုက်ပါပို့ဆောင်ခဲ့သည်။ **(ဝဲပုံ)**

ကျန်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေ့စီးသွားလာသူများ အမြန်လွှဲပြောင်း ပို့ဆောင်နိုင်ရေး နှစ်နိုင်ငံတာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကိုယ်ထူးကိုယ်ချွန်ကြိုးစား ဆင်ချောင်းရွာသား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ကျော်ဖြိုးနှင့် တစ်ခဏတာ

ပေထွက်းဇော်(ရေစကြို)

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၇၆၂ ဦး အနက် ကျောင်းသား ကျောင်းသူ ၁၀၇၁ ဦးအောင်မြင်ခဲ့ကြောင်း သိရသည်။

ထိုအထဲတွင် ရေစကြိုမြို့နယ်အတွက် ဆင်ချောင်းအထက်တန်း(ခွဲ) အတွက် ဆင်ချောင်းကျေးရွာအတွက် ဂုဏ်ယူစရာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး ပေါ်ထွက်ခဲ့ရာ အဆိုပါခြောက်ဘာသာဂုဏ်ထူးရှင်မှာ ငွေကြေးတတ်နိုင်သူများကဲ့သို့ မြို့ကြီးပြကြီးများရှိ နာမည်ကြီးဘော်ဒါဝေးစွ၊ ရွာနီးချုပ်စပ်က ဘော်ဒါပင်မတက်နိုင်၊ ရွာမှ ဝိုင်းကျူရှင်လေးကိုတက်၍ ကိုယ်ထူးကိုယ်ချွန်ကြိုးစား ဆင်ချောင်းရွာသား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ကျော်ဖြိုးနှင့် တစ်ခဏတာတွေ့ဆုံရန် ရေစကြိုမြို့မှ ၁၂ မိုင်ခန့်ဝေးသော ဆင်ချောင်း အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ခဲ့သည်။

"ကျွန်မက ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းရီပါ၊ ဒီကလေးက အတန်းငယ်လေးကတည်းက ထူးချွန်တဲ့ကလေးဖြစ်ပါတယ်။ ရိုးသားပြီး အမြဲတမ်းကြိုးစားနေသူလည်းဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းက တက္ကသိုလ်ဝင်တန်းကို ၅၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာမှာ ၁၂ ဦး အောင်မြင်ခဲ့ပါတယ်။ အဲဒီအောင်မြင်သူတွေထဲမှာ ဘာသာစုံဂုဏ်ထူးရှင် မောင်အောင်ကျော်ဖြိုး အပါအဝင် မြန်မာစာဂုဏ်ထူး တစ်ဦး၊ အင်္ဂလိပ်စာဂုဏ်ထူး တစ်ဦး၊ သင်္ချာဂုဏ်ထူး တစ်ဦး၊ ဓာတုဗေဒဂုဏ်ထူး တစ်ဦး၊ ရူပဗေဒဂုဏ်ထူး တစ်ဦး ပါဝင်ပါတယ်။ အောင်ချက်ရာနှုန်းကတော့ ၂၁ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ အခုလို ကျွန်မတို့ကျောင်းက တစ်မြို့နယ်လုံးမှာ တစ်ဦးတည်း ခြောက်ဘာသာဂုဏ်ထူးရှင်ပေါ်ထွက်ခဲ့လို့ မြို့နယ်အတွက်၊ ကိုယ့်ကျောင်းအတွက်၊ ဆင်ချောင်းရွာအတွက် ဂုဏ်ယူဝမ်းသာရပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ယူသောအပြုံးဖြင့် ပြောပြသည်။

"ကျွန်တော်က မောင်အောင်ကျော်ဖြိုးတို့ရဲ့ အတန်းပိုင်ဆရာ ဦးမြင့်စိုးပါ။ ဒီကလေးက အေးဆေးတည်ငြိမ်စွာနဲ့ စာကြိုးစားတဲ့ကလေးပါ။ စည်းကမ်းလည်းလိုက်နာတယ်။ ငယ်ငယ်ကတည်းက အတန်းတိုင်း ပထမချည်းရခဲ့တာပါ။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် ပညာရည်ချွန်ဆုစာမေးပွဲတွေကို ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းထိ ဖြေဆိုခဲ့တဲ့အတွက် ဒီကလေးရဲ့ အခြေအနေကိုကြည့်ပြီး ဒီနှစ်တော့ ကျွန်တော်တို့ကျောင်းက ဂုဏ်ထူးထွက်မယ်လို့ ရဲရဲကြီး မျှော်လင့်ထားခဲ့တာပါ။ အခုတော့ ဘာသာစုံဂုဏ်ထူးထွက်လာတော့ အတန်းပိုင်ဆရာ



တစ်ယောက်အနေနဲ့ ပြောမပြတတ်လောက်အောင် ဝမ်းသာဂုဏ်ယူရပါတယ်။ ပြီးတော့ သူကလည်း ဆရာဝန်ဖြစ်ချင်တယ်လို့ပြောတယ်။ ကျွန်တော်ကလည်း တို့ရွာက စစ်ဗိုလ်ချုပ်ကြီးတွေသာ ပေါ်ထွက်တာ၊ ဆရာဝန်မရှိသေးဘူး။ ငါ့တပည့်ကြိုးစားကွာလို့ အမြဲလိုလိုအားပေးခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့ မျှော်လင့်ချက်တွေ ပြည့်ဝတော့မှာပါ" ဟု ဝမ်းသာအားရပြောပြသည်။

"ကျွန်တော့်နာမည်က မောင်အောင်ကျော်ဖြိုးဖြစ်ပါတယ်၊ ခြောက်ဘာသာထိတော့ မမှန်းခဲ့ပါဘူး။ ငါးဘာသာထိတော့ မှန်းခဲ့ပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးထွက်တော့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရခဲ့တာဟာ အဓိကကတော့ သားကို သင်ကြားပြသပေးတဲ့ ကျောင်းက ဆရာ ဆရာမတွေရဲ့ စေတနာကျေးဇူး၊ အဖေ အမေရဲ့ ကျေးဇူး ပြီးတော့ အနီးကပ်ကူညီသွန်သင်ပြသပေးတဲ့ အစ်မဝမ်းကွဲ မနှင်းနုဝါ တို့ရဲ့ ကျေးဇူးကြောင့်ပါ။

"ကျွန်တော့်အဖေက ဦးသောင်းရင်ပါ။ မြေစာရင်းဌာနကဝန်ထမ်းပါ။ အခုတော့ ဌာနက ထွက်ထားပါတယ်။ အမေက ဒေါ်စန်းတင်ပါ။ ထွေ/အုပ် ဝန်ထမ်းပါ။ ကျွန်တော်တို့မိသားစုမှာ အစ်ကိုကြီးက အင်္ဂလိပ်စာမေဂျာနဲ့ တတိယနှစ်တက်နေပါတယ်။ ညီနှစ်ယောက်က ဒီနှစ်ကိုးတန်းနဲ့ ပထမတန်း တက်ကြမှာပါ။ အခုလို ဘာသာစုံဂုဏ်ထူးရအောင် အတိုင်းအတာတစ်ခုထိတော့ ပေးဆပ် အားထုတ်ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့က အခြားသူတွေလို စီးပွားရေး မတောင့်တင်းတော့ ဘော်ဒါလည်းမတက်နိုင်ပါဘူး။ ရွာနဲ့မနီးမဝေး စည်သာရွာမှာတော့ ဘော်ဒါရှိပါတယ်။ နှစ်စကတည်းက ကျောင်းက ဆရာ ဆရာမတွေသင်ကြားပို့ချတာကို သေသေချာချာဂရုစိုက်ပြီး နာယူမှတ်သားတယ်။ နေ့စဉ်စာမှန်မှန်ကျက်ပါတယ်။ လေ့ကျင့်ခန်းတွေမှန်မှန်လုပ်ပါတယ်။ မသိနားမလည်တာရှိရင် ဘာသာရပ်သင် ဆရာ ဆရာမတွေကို မေးပါတယ်။ ဘော်ဒါ မတက်နိုင်တော့ ရွာထဲမှာကျောင်းက ဆရာ ဆရာမတွေစုပြီးသင်ပြတဲ့ ဝိုင်းကျူရှင်ကိုတော့ ကျောင်းဆင်းညနေပိုင်း တက်ခဲ့ပါတယ်။

"ကျွန်တော့်ရည်မှန်းချက်ကတော့ ဆရာဝန်ဖြစ်ချင်တာပါပဲ။ ငယ်ငယ်ကတည်းက မက်ခဲ့တဲ့ အိပ်မက်ပါ။ ဘာဖြစ်လို့ ဆရာဝန်ဖြစ်ချင်တာလဲဆိုတော့ ကျွန်တော်တို့ဆင်ချောင်းရွာက ဗိုလ်ချုပ်ကြီးတွေပေါ်ထွန်းခဲ့ပေမယ့် ဆရာဝန် မရှိသေးဘူး။ ဘဘဦးစိုးမောင်ဆိုရင် ဒုတိယဗိုလ်ချုပ်ကြီး၊ ဘဘသူရဦးမြင့်မောင်လည်း ဗိုလ်မှူးချုပ်၊ ဘဘဦးဝင်းမြင့်ကလည်း ဗိုလ်ကြီး၊ ဘဘဦးမျိုးဝင်းအောင်လည်း ဗိုလ်ကြီး၊ ဒါ့အပြင် အခုဗိုလ်အဆင့် သုံးဦးလောက်ရှိသေးတယ်။ အဲဒီလိုစစ်ဘက်မှာ အကြီးအကဲတွေ ပေါ်ထွက်ခဲ့ပေမယ့် ဆရာဝန်တစ်ယောက်မှ မပေါ်ထွန်းသေးဘူး။ ဒါကြောင့် ဆရာဝန်ဖြစ်ချင်တဲ့ဆန္ဒက ပြင်းပြပြီးကြိုးစားခဲ့တာပါ"ဟု ပြောသည်။

"ကျွန်တော့်အနေနဲ့ ပြောစရာတော့ထူးထူးခြားခြားမရှိပါဘူး။ တက္ကသိုလ်ဝင်တန်းတက်ကြမယ့် ညီငယ်၊ ညီမတွေအတွက် ပြောရရင်တော့ ကျွန်တော့်လို ငွေကြေးမတောင့်တင်းသူ ညီငယ်၊ ညီမငယ်တွေဘာမှအားမငယ်ပါနဲ့၊ သိမ်းဆယ်ချီပြီး ဘော်ဒါတက်မှ ဘာသာစုံ ဂုဏ်ထူးရတာ မဟုတ်ပါဘူး။ စာမေးပွဲအောင်ချင်တဲ့စိတ်ကို အဓိကထားပြီး ကျောင်းက ဆရာ ဆရာမ တွေသင်တာကို သေသေချာချာဂရုစိုက် နာယူမှတ်သားလို့ နေ့စဉ်စာမှန်မှန် ကျက်၊ လေ့ကျင့်ခန်းမှန်မှန်လုပ်၊ မိဘဆရာသမားတွေရဲ့စကားကို နားထောင်ပါလို့ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းကသင်တာလည်း ဒီစာပဲ၊ ဘော်ဒါကသင်တာလည်းဒီစာပဲ၊ ဒါကြောင့် အောင်ချင်တဲ့စိတ် နဲ့ကြိုးစားကြပါလို့ ပြောချင်ပါတယ်" ဟု မောင်အောင်ကျော်ဖြိုးက သူဖြတ်သန်းခဲ့သည့်ဘဝ သူ့ရည်မှန်းချက်နှင့် သူ့ကြိုးစားမှုကို ပြောပြသည်။

ဤသို့လျှင် ရေစကြိုတစ်မြို့နယ်လုံးတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် တစ်ဦးတည်း ကိုယ်ထူးကိုယ်ချွန်ကြိုးစား ဆင်ချောင်းရွာသား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ကျော်ဖြိုးအား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

---

❖ *ကျောဖုံးမှ*



ကိုစိုးမိုးကျော်



အောင်သူ





မဝင်းသီရိလွင်

**ကိုစိုးမိုးကျော်**
**(ပြန်ကြားရေးဒါရိုက်တာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)**

ပြည်သူတွေ အခုလိုအုပ်စုကထွက်လာတာတောင် ဒီလောက်သောင်းသောင်းဖြဖြကြိုတာကို ကျွန်တော် ဝမ်းသာလွန်းလို့ မျက်ရည်မကျအောင် တော်တော်လေး ထိန်းထားရတယ်။ အမေရိကန်ကို ၂-၁ နဲ့ရှုံးထားတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံကအားပေးနေတဲ့ ပြည်သူအားလုံး တစ်ခဲနက်အားပေးနေတာတွေ့ရတော့ ဝမ်းသာလုံးဆို့မိတယ်။ ငါတို့သာနိုင်လိုက်ရင် ပြည်သူတွေ ဘယ်လောက်ပျော်မလဲကွာလို့ တပည့်တွေကို ပြောပြမိတယ်။ တစ်ခုဝမ်းသာမိတာက ယူ-၂၀ အခုလို ကမ္ဘာ့ဖလားသွားကန်လိုက်ရတာ ကမ္ဘာ့ဘောလုံးလောကရဲ့ အသိအမှတ်ပြုခြင်းကိုခံခဲ့ရတယ်။ အောင်သူဆိုရင် ကစားသမားတစ်ဦးတင်မရဘဲ နှစ်ဦးသုံးဦးလောက် ကပ်ကစားနေကြတာကိုတွေ့ရတယ်။ ကစားအားကောင်းတဲ့အပြင် တစ်ဦးတည်းထိုးဖောက်မှု အားကောင်းတာကို အင်အားကြီးဘောလုံးအသင်းတွေတောင် သတိထားမိခဲ့ပုံရတယ်။ ကျွန်တော်တို့ မြန်မာအသင်းကလေးငါးယောက်လောက်ကို ကမ္ဘာကတော်တော်လေးကြိုက်ပြီး အသိအမှတ်ပြုတဲ့ ခံစားမှုက အမြတ်လို့ပြောရမှာပါ။

**နန္ဒကျော် (မြန်မာ ယူ-၂၀၊ အသင်းခေါင်းဆောင်)**

ကျွန်တော်တို့အားလုံး အကောင်းဆုံးကစားခဲ့ကြပါတယ်။ ကျွန်တော်တို့ကို မြန်မာပြည်သူတွေ အားပေးမျှော်လင့်နေတယ်ဆိုတဲ့ အသိစိတ်ကြောင့် မြန်မာ့ဂုဏ်ဆောင်နိုင်ဖို့အတွက် အတတ်နိုင်ဆုံး ကျွန်တော်တို့ ကြိုးစားယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နောက်ထပ်ပြိုင်ပွဲတွေမှာ အကောင်းဆုံးဖြစ်အောင်ကြိုးစားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ပြည်သူတွေအားလုံး အခုလိုဝမ်းပန်းတသာနဲ့ နွေးနွေးထွေးထွေးကြိုဆိုတာကို မြင်တွေ့လိုက်ရလို့ ရင်ထဲမှာပြောမပြတတ်အောင် ခံစားရပါတယ်။ ကမ္ဘာ့အဆင့်မှာ အောင်မြင်ဖို့ဆိုတာ ခက်ခဲမယ်ဆိုပေမယ့် ကျွန်တော်တို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ နည်းမှန်၊ လမ်းမှန်နဲ့ ဖွဲ့ လုံ့လကိုရှေ့တန်းတင်ကြိုးစားရင် အောင်မြင်မှုဆိုတာ အလှမ်းမဝေးနိုင်ပါဘူး။

**အောင်သူ (မြန်မာ ယူ-၂၀၊ ရှေ့တန်း)**

ကျွန်တော်တို့နဲ့ တစ်အုပ်စုတည်းကျတဲ့ပြိုင်ဘက်အသင်းတွေကအသင်းကြီးတွေဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေရှိသလို ပါဝါတွေလည်း ကောင်းကြတာကို တွေ့ရတယ်။ သူတို့တစ်တွေက ဘာကို အခွင့်ကောင်းယူကြလဲဆိုရင် ပြိုင်ဘက်အသင်းအားလုံးနီးပါး ပထမပိုင်းမှာ ကျွန်တော်တို့ရဲ့ အားနည်းချက်၊ အားသာချက်ကို စောင့်ကြည့်ကြတယ်။ အားနည်းချက်ကို အခွင့်ကောင်းယူပြီးဂိုးအဖြစ်ပြောင်းလဲနိုင်အောင် သူတို့ ကြိုးစားကြတယ်။ ဒါတွေကသင်ခန်းစာယူစရာပါ။ ကျွန်တော်ဒီပြိုင်ပွဲမှာ ကစားရတာခြေအတွေ့ဆုံးကတော့ နယူးဇီလန်နဲ့ပါပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ ဘောလုံးကိုတော့ ဘဝနဲ့ချီပြီး ဆက်လက်ကြိုးစားသွားမှာပါ။ အခုပြည်သူတွေ ကျွန်တော်တို့ကိုတစ်ခဲနက်အားပေးတဲ့အပြင် အခုလိုလှိုက်လှိုက်လှဲလှဲ ဆီးကြိုတာကိုမြင်ရလို့ ဝမ်းသာကျေနပ်မိပါတယ်။

**မျိုးမင်းလတ် (မြန်မာယူ-၂၀၊ ဂိုး)**

အခုလို ကျွန်တော်တို့ကိုချစ်တဲ့ပြည်သူတွေ လေဆိပ်မှာ သောင်းသောင်းဖြဖြကြိုဆိုတာကိုမြင်တော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ပြိုင်ပွဲမှာ အုပ်စုပွဲစဉ်သုံးပွဲစလုံး ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားခဲ့တယ်။ အင်အားကြီးအသင်းတွေဖြစ်တဲ့အတွက် သူတို့ကအတွေ့အကြုံကောင်းတွေ ပိုင်ဆိုင်ထားတာကြောင့် သုံးပွဲစလုံးခက်ခဲခဲ့ပါတယ်။ သုံးသင်းစလုံး ကမ္ဘာ့အတွေ့အကြုံကောင်းတွေ ရရှိထားတာမို့ ကျွန်တော်တို့ သုံးပွဲစလုံးရှုံးခဲ့ရတာပါ။ ဒါပေမယ့် ကျွန်တော်တို့ အရှုံးအဟုန်မပျက်ကြိုးစားဖို့ လိုပါမယ်။ သူတို့အသင်းတွေလည်း တစ်ချိန်က ကျွန်တော်တို့အဆင့်ကနေ ကြိုးစားရုန်းကန်ရင်း အခုလိုဖြစ်သွားကြတာပါ။ ကမ္ဘာ့ဘောလုံးလောကနဲ့ ရင်ပေါင်တန်းနိုင်ဖို့ ကျွန်တော်တို့ အခုလိုကြိုးစားသွားရင် တစ်ချိန်မှာမျှော်မှန်းထားတဲ့ ပန်းတိုင် အမှန်တကယ်ရောက်ရှိမှာ ဖြစ်ပါတယ်။

**မဝင်းယုနွယ်(ဆေးဝါးတက္ကသိုလ်၊ နောက်ဆုံးနှစ်)**

ကျွန်မ မြန်မာယူ-၂၀ ဘောလုံးအသင်းကို အခုလို လာရောက်ကြိုဆိုဖြစ်တာကတော့ ရှုံးတာနိုင်တာတွေကြောင့် မဟုတ်ပါဘူး။ ရှုံးပေမယ့် အနိုင်မခံ၊ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်သွားတာမို့ တစ်သင်းလုံးရဲ့စည်းလုံးမှုကို ပြသခဲ့တာတွေ့ရတယ်။ ယူ-၂၀ အသင်းရဲ့ ကြိုးစားမှုကို ပထမဆုံးကန်တဲ့ အမေရိကန်နဲ့ပွဲမှာ အကြိုက်ဆုံးပါပဲ။ အထူးသဖြင့် ရှေ့တန်းက ကစားတဲ့ အောင်သူနဲ့ ဂိုးသမား မျိုးမင်းလတ် သူတို့နှစ်ဦးကစားတာကိုပိုပြီးတော့ သဘောကျမိတယ်။ ရှေ့တန်းက အောင်သူကြိုးစားသလို ဂိုးသမား မျိုးမင်းလတ်ကလည်း ကယ်ခဲ့တဲ့ဘောတွေ မနည်းပါဘူး။ ဒါပေမယ့် အားလုံးကစားသမားတွေ ကြိုးစားကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ ပေးဆပ်မှုတွေအတွက် အခုလို လာရောက်အားပေးကြိုဆိုတာ ဖြစ်ပါတယ်။

**မဝင်းသီရိလွင်(ရန်ကုန်နည်းပညာတက္ကသိုလ်၊ တတိယနှစ်)**

မြန်မာယူ- ၂၀ အသင်းပြန်ရောက်မယ်လို့ကြားတာနဲ့ ကြိုဆိုချင်စိတ်က ဘယ်လိုဖြစ်ပေါ်ခဲ့တာမှန်းကို မသိအောင်ပါပဲ။ မြန်မာယူ-၂၀ အသင်းကို အဓိကကြိုက်တာက တစ်သင်းလုံးထားရှိတဲ့စိတ်ဓာတ်ပါ။ ရှုံးနေတာတောင် လုံးဝစိတ်ဓာတ်လျှော့ကျသွားတာမျိုးမရှိဘဲ ဆက်ပြီးအနိုင်မခံအရှုံးမပေးယှဉ်ပြိုင်ခဲ့တယ်။ တစ်သင်းလုံး အခုလို ရှုံးပေမယ့် တိုင်းပြည်တာဝန်ကျေပွန်တယ်လို့ ယူဆလို့ လာရောက်အားပေးကြိုဆိုတာဖြစ်တယ်။ မြန်မာယူ-၂၀ အသင်းကို အောင်မြင်စေချင်တယ်။ ဆက်လက်ကြိုးစားပြီး အခုလို ကမ္ဘာ့အဆင့်မီပြိုင်ပွဲတွေကို သွားရောက်ယှဉ်ပြိုင်ပြီးအောင် ပန်းဆွတ်ခူးတာကို မြင်ချင်ပါတယ်။ ဆက်ပြီး ကြိုးစားကြပါလို့ အားပေးစကားပြောချင်ပါတယ်။

ယခုကမ္ဘာ့ဖလား ယူ-၂၀ ဘောလုံးပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာဘောလုံးသမားအများစုကို မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အနာဂတ်မျိုးဆက်သစ်များအဖြစ် ဆက်လက်ရွေးချယ်မွေးမြူသွားမည်ဖြစ်ပြီး အဆိုပါ ယူ-၂၀ ဘောလုံးအသင်းကိုလည်း ကမ္ဘာ့အဆင့်ပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။ **(မြန်မာ့အလင်း)**

# (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လှုပ်ရှားမှုပုံရိပ်များ

SINGAPORE 2015
28th SEA GAMES
5 – 16 JUNE 2015

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၈-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၄၁ | ၂၇ | ၄၇ | ၁၁၅ |
| ၂ | ဗီယက်နမ် | ၂၆ | ၁၃ | ၃၀ | ၆၉ |
| ၃ | ထိုင်း | ၂၃ | ၃၀ | ၂၆ | ၇၉ |
| ၄ | မလေးရှား | ၁၅ | ၁၉ | ၂၃ | ၅၇ |
| ၅ | အင်ဒိုနီးရှား | ၁၃ | ၁၃ | ၂၇ | ၅၃ |
| ၆ | မြန်မာ | ၉ | ၁၅ | ၁၆ | ၄၀ |
| ၇ | ဖိလစ်ပိုင် | ၇ | ၁၂ | ၂၃ | ၄၂ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၃ | ၂ | ၆ |
| ၉ | လာအို | ၀ | ၃ | ၁၁ | ၁၄ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂျူဒိုပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## ဆီးဂိမ်းတွင် ရွှေ(၁)၊ ငွေ(၅)၊ ကြေး(၂)ရရှိသော မြန်မာအားကစားအဖွဲ့များအား ကြိုဆို

**ရန်ကုန် ဇွန် ၈**


စင်ကာပူနိုင်ငံတွင် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် စောထူးဂေး၊ ဇော်မင်း၊ စောမိုးအောင်၊ထက်ဝေလွင်၊ မင်းနိုင်၊ ဇော်မိုးအောင်တို့အဖွဲ့က ရိုးရာလှေ M6 Crews 500 m ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခုနှင့် M6 Crews 200 m ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ရိုးရာလှေ W6 Crews 200 m ပြိုင်ပွဲနှင့် W6 Crews 500 m ပြိုင်ပွဲတို့တွင် နော်အာကာမိုး၊ ပြည့်ပြည့်ဖြိုး၊ ပပဝင်း၊ ချိုသီ၊ ဆုဝေဖြိုး၊ သက်ဖြိုးနိုင်တို့အဖွဲ့က ငွေတံဆိပ်နှစ်ခု၊ M12 Crews 500 m မှ ငွေတံဆိပ်တစ်ခု၊ W12 Crews 500 m မှ ငွေတံဆိပ်တစ်ခု၊ M12 Crews 200 m မှ ကြေးတံဆိပ်တစ်ခု၊ W12 Crews 200 m မှ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ရွှေ တစ်၊ ငွေ ငါး၊ ကြေး နှစ် ဆွတ်ခူးရရှိပြီး 8M-232 လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်လာရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်နန်းအေးခိုင်နှင့် အဖွဲ့ဝင်က ပန်းစည်းများဖြင့်ကြိုဆိုခဲ့ကြသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့လက်ရွေးစင် ဘော်လီဘော၊ မြားပစ်၊ ဘိုးလင်းအသင်းတို့ ပြိုင်ပွဲဝင်ရန် စင်ကာပူသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၈**

ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမား ၂၉ ဦး၊ မြားပစ်အားကစားသမား ခြောက်ဦး၊ ဘိုးလင်း အားကစားသမား တစ်ဦးနှင့် အားကစားအောင်နိုင်ရေးအထောက်အကူပြုအဖွဲ့ ၁၃ ဦးသည် ယနေ့ နံနက် ၈ နာရီက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(မြန်မာ့အလင်း)**




အသင်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထိုင်းနှင့် စင်ကာပူတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## မလေးရှားငလျင်လှုပ်မှု၌ သေဆုံးခဲ့သည့် စင်ကာပူကလေးများအတွက် ဝမ်းနည်းအထိမ်းအမှတ်အဖြစ် ဆီးဂိမ်းပြိုင်ပွဲဝင်များ တစ်မိနစ်ခန့်ငြိမ်သက်

**စင်ကာပူ ဇွန် ၈**

မလေးရှားငလျင်ကြောင့် သေဆုံးသွားသည့် ကလေးငယ်များအတွက် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံ ဆားဘားပြည်နယ်များ၌ ဇွန် ၈ ရက်တွင် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်နှင့် စင်ကာပူဆီးဂိမ်းကျင်းပရေး ကော်မတီတို့က အောက်မေ့ဖွယ်နေ့အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ပြိုင်ပွဲအားလုံးကို တစ်မိနစ်ခန့် ငြိမ်သက်ရပ်နားခဲ့သည်။



မလေးရှားနိုင်ငံ ဆားဘားပြည်နယ် ဘော်နီယိုကျွန်း၌ ဇွန် ၅ ရက်က ပြင်းအား ရစ်ချ်တာစကေး ၆ ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ကီနာဘာလူ တောင်ပြိုကျမှုကြောင့် စင်ကာပူနိုင်ငံမှ လေ့လာရေးခရီးသွား မူလတန်းကျောင်းသား ကလေးငယ်ခြောက်ဦးအပါအဝင် ဆရာတစ်ဦးနှင့် ဧည့်လမ်းညွှန်တစ်ဦးတို့ သေဆုံးခဲ့ရသည်။

အဆိုပါဖြစ်ရပ်ကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဇွန် ၈ ရက်တွင် စင်ကာပူနိုင်ငံအလံကို ဆီးဂိမ်းပြိုင်ပွဲကျင်းပရာ နေရာနှင့် အစိုးရရုံး အဆောက်အအုံများ၌ တိုင်တစ်ဝက်လွှင့်ထူခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဇင်ဦး**




ဇွန် ၇ ရက်က မြန်မာယူ-၂၃ ဘောလုံးအသင်းကို လာရောက်အားပေးနေသည့်ပရိသတ်များ။ ဓာတ်ပုံ-စိုးညွန့်

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**နေပြည်တော် ဇွန် ၈**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေးများမကျင်းပမီ မြန်မာနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် အစည်းအဝေးသို့ လာရောက်ကြမည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအတွက် တည်းခိုနေထိုင်ရေး၊ လုံခြုံရေးနှင့်ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧည့်သည်တော်များ အဆင်ပြေစွာတည်းခိုနေထိုင်ရေးနှင့် ပတ်သက်၍ အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပခဲ့စဉ်က တာဝန်ယူဆောင်ရွက်ခဲ့သော နိုင်ငံတော် ဧည့်ဂေဟာများထဲမှ ငါးလုံးရွေးချယ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဧည့်ဂေဟာများတွင် အာဆီယံထိပ်သီး အစည်းအဝေး ကျင်းပခဲ့စဉ်ကထက် ကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်နေကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဧည့်သည်တော်များ တည်းခိုနေထိုင်ကြမည့် ဧည့်ဂေဟာအသီးသီးတွင် အစားအသောက် အချက်အပြုတ်ပြင်ဆင်သူများကို ဆေးစစ်ရန်နှင့် ဆေးလက်မှတ်များ တင်သွင်းခြင်း၊ အစားအသောက် ကုန်ကြမ်းများ စစ်ဆေးခြင်း၊ ဧည့်ဂေဟာအတွင်း ပန်းဥယျာဉ်အပြင်အဆင်နှင့် သန့်ရှင်းညီညာလှပစေရေး၊ ဧည့်ဂေဟာအတွင်းအပြင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် အခန်းများနေရာချထားခြင်းများကို စနစ်တကျပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွန်းထံမှ သိရသည်။

ဧည့်ဂေဟာများအား လိုအပ်ချက်၊ အားနည်းချက်များ မရှိစေရေးအတွက် အာဆီယံထိပ်သီးအစည်းအဝေးမှ အတွေ့အကြုံများကို နမူနာယူ၍ လုပ်ငန်းတာဝန်များ လစ်ဟာမှုမရှိအောင် ကြိုတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အက်မက်စ် ထိပ်သီးအစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအမှတ်(၁)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ခြူးစန္ဒီနွေး၊**
**သိမ့်သိမ့်မိုး ( မြန်မာ့အလင်း)**
**ဓာတ်ပုံ- စန္ဒီမိုး**



ဧည့်သည်တော်များအတွက် ဧည့်ဆောင်တစ်ခု ပြင်ဆင်ထားမှုကို တွေ့ရစဉ်။



ဧည့်သည်တော်များအတွက် အစားအသောက်ခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# ဆီတင်ရေယာဉ် ဆီပန့်မော်တာမောင်းနှင်ရာမှ မီးလောင်မှုဖြစ်

**မော်လမြိုင် ဇွန် ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက် ကျောက်မီးသွေးဆိပ်ကမ်း၌ ဇွန် ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ဆီတင်ရန် ဆိုက်ကပ်ရပ်နားထားသော ရာဇာမင်း B-1 သင်္ဘောဆီတင်ယာဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရေယာဉ်မှ ကမ်းပေါ်ရှိ ဆီဘောက်ဆာသို့ ဆီတင်ပို့ရန် ဆီပန့်မော်တာအား မောင်းနှင်စဉ် မော်တာမှမီးပွားလွင့်စဉ်မှုကြောင့် သင်္ဘောအင်ဂျင်စက်ခန်းရှိ ဆီပိုက်လိုင်းအဖွင့်ဘားကို မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းရလျှင်ရချင်း မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ သန္ဓေမီးသတ် ၃၀၊ အရန်မီးသတ် ၅၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် အင်ဂျင်စက်ခန်းရှိ ကေဘယ်လ်ကြိုးများ မီးလောင်ကျွမ်းခဲ့ပြီး ရေယာဉ်မှူး အပါအဝင် ဝန်ထမ်းငါးဦး၊ မီးဟပ်ခံရကာ(မစိုးရိမ်ရ) ဒဏ်ရာများရရှိသောကြောင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရသည်။ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မုပွန်နယ်မြေရဲစခန်းက ရေယာဉ်မှူး ဦးဝင်းအောင်ကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဝသန်ထွန်း**



ဓာတ်ပုံ-တင်ထွဋ်

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အင်းစိန်မြို့နယ်တရားရုံးနှင့် အချုပ်စခန်းတို့အား ကြည့်ရှု

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးသည် ဇွန် ၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးနှင့်အတူ အင်းစိန်မြို့နယ်တရားရုံးနှင့် အင်းစိန်(မော်တော်ယာဉ်) တရားရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ အင်းစိန်မြို့မရဲတပ်ဖွဲ့အချုပ်စခန်းသို့ သွားရောက်၍ အချုပ်သားများအား ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၈ အရ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး စသည့်အခွင့်အရေးရရှိနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုပ်ငန်းခွင်ထိခိုက်သေဆုံးသူအတွက် အကျိုးခံစားခွင့်ပေး

**ရွှေတောင် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်လူမှုဖူလုံရေးရုံးမှ အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က မြို့နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံ ဦးစောတင်ဦးက အမှာစကားပြောကြားပြီး အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ ပြည်ရေနံမြေအမှတ်(၂)စခန်း စက်မှုအင်ဂျင်နီယာဌာန မီးသတ်ဌာနစိတ်မှ မီးသတ်တပ်ကြပ်ကြီး အာမခံအလုပ်သမား ဦးလှစိုး၏ ကျန်ရစ်သူမိသားစုအား ဥပဒေနှင့်အညီ ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၂၆၁၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မွေး**

# မှန်လုံယာဉ်တိမ်းမှောက်၍ ခရီးသည်တစ်ဦးသေပြီး ၂၀ ဒဏ်ရာရ

**နေပြည်တော် ဇွန် ၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ပလွေးအမြန်လမ်းရဲစခန်းပိုင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၀၃/၂) နှင့် (၂၀၃/၃)အကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းတည့် ၁၂ နာရီက မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း နိုင်လင်းအောင် (၃၅ နှစ်) ဈေးကြီးရပ်ကွက် လှည်းကူးမြို့နေသူ မောင်းနှင်သော နေကြာခရီးသည်တင် မှန်လုံယာဉ်သည် မိုးရွာသွန်းနေချိန် လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ အလူမီနီယံပေါင်တန်းများအား တိုက်မိကာ ဝဲဘက်သို့တိမ်းမှောက်ပြီးနောက် လမ်းဘေး စည်းရိုးအုတ်ခုံတန်းနှင့် ထပ်မံတိုက်မိကာ အတည့်ပြန်ကျခဲ့သည်။

ယာဉ်ပေါ်၌ ယာဉ်မောင်းပါ သံဃာတစ်ပါး၊ အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၂၇ ဦး လိုက်ပါလာသည့်အနက် အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား ၁၆ ဦး၊ အမျိုးသမီးလေးဦး ဒဏ်ရာများရရှိခဲ့သည်။ သေဆုံးသူအလောင်းနှင့် ဒဏ်ရာရရှိသူများအား အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေဝင်းက ကြပ်မတ်၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ကူညီပို့ဆောင်ခဲ့ပြီး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက နေပြည်တော်ခုတင် ၁၀၀၀သို့သွားရောက်၍ ဒဏ်ရာရရှိသူများအား ကြည့်ရှုအားပေးစကား ပြောခဲ့ကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**



# ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**သီပေါ ဇွန် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရှေ့လီ(၂)စစ်ဆင်ရေးအရ ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီးတွင် လားရှိုးဘက်သို့ စိုင်းဆု(ခ) လှိုင်းပန်မောင်းနှင်ပြီး ၎င်း၏ ဇနီးနန်းစောခမ်း လိုက်ပါသော ဟွန်ဒါစီအာဗွီယာဉ်အမှတ် ၅ဃ/ . . . အား ရပ်တန့်ရှာဖွေရာ ခတ်ခူး အလေးချိန် ၁၅ ဂရမ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၊ အလေးချိန် ၁၆ ဂရမ်နှင့် ယာဉ်နောက်ခန်းရှိ မီးခံသေတ္တာအတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀၊ အလေးချိန် ၁၅ ဒသမ ၁၆ ကီလို၊ ကာလတန်ဖိုးငွေကျပ် ၃၀၃၂ သိန်း သိမ်းဆည်းရမိခဲ့သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးများကို ရောင်းချရန် သယ်ဆောင်လာသော စိုင်းဆု(ခ) လှိုင်းပန် (၄၄ နှစ်)နှင့် နန်းစောခမ်း (၄၁ နှစ်)တို့အား လားရှိုးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**




# ရှေးဟောင်းဆင်းတုတော်နှစ်ဆူသယ်ဆောင်လာသူများအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

ဇွန် ၆ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် အင်းပုတ်ကျေးရွာနှင့် ပုန်ကုန်းကျေးရွာသွားလမ်း၌ ၃၄ယ/--- KENBO-125 ဆိုင်ကယ်စီးနင်းလာသည့် လူနှစ်ဦးထံမှ ရှေးဟောင်းဆင်းတုတော်နှစ်ဆူ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်နေ နေသော်(၄၈နှစ်)နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးဘိုကျေးရွာနေ ကိုသောင်း(၄၅နှစ်)တို့သည် ၎င်းတို့စီးနင်းလာသည့်ဆိုင်ကယ် ရှေ့ခွကြားရှိ ခရီးဆောင်အိတ်အတွင်းမှ ရှေးဟောင်းဆင်းတုတော်ဟု ယူဆရသည့် ဉာဏ်တော် ၁၀ လက်မခန့်ရှိ ပလ္လင်ပါ ကြေးသွန်းဆင်းတုတော်တစ်ဆူနှင့် ဉာဏ်တော် ၁၂ လက်မခန့်ရှိ ကြေးသွန်း ဆင်းတုတော်တစ်ဆူ၊ နေသော်၏ လွယ်အိတ်အတွင်းမှ ငွေကျပ် ၁၀၀၀၀၀၊ Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ကိုသောင်းထံမှ Samsung အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ တွေ့ရှိရသဖြင့် စစ်ဆေးရာ အဆိုပါပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် နေသော်နှင့် ကိုသောင်းတို့နှစ်ဦးကို ပြင်ဦးလွင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# နောင်ချိုမြို့၌ တစ်ရက်တည်းတွင် မူးယစ်ဆေးဝါးသုံးမှုဖမ်းဆီးနိုင်ခဲ့

**နောင်ချို ဇွန် ၈**

ရှေ့လီစစ်ဆင်ရေး ယင်းမာစီမံချက်အရ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ ရဲအုပ်ငြိမ်းချမ်းစိုး ဦးစီးသောတပ်ဖွဲ့ဝင်များနှင့်နောင်ချိုမြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၄ ရက်က လားရှိုးဘက်မှ မန္တလေးဘက်သို့ ဦးငြိမ်းချမ်းကျော်သူ မောင်းနှင်လာသော ဧရာဝတီ VAN အသင်း ခရီးသည်တင်ယာဉ်အမှတ် 2B/------- ယာဉ်နောက်ခန်း ခရီးသည်ပစ္စည်းများထားသောနေရာမှ ရောင်စုံဆပ်ပြာခွက် ၆၅ ခွက်အတွင်းမှ ဘိန်းဖြူမှုန့် အလေးချိန် ၇၈၀ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားပါ အိတ် ၆၀၊ ဆေးပြားပေါင်း ၁၁၈၈၀ သယ်ဆောင်လာသူ ဝူမိုလွင်(ကျား) ရပ်ကွက်(၃) ကွတ်ခိုင်မြို့နေသူအား လည်းကောင်း၊ လားရှိုးမြို့မှ နောင်ချိုမြို့နယ်ဘက်သို့ အောင်မိုးလွင် မောင်းနှင်လာသော ၁၂၅ အနက်ရောင် ဆိုင်ကယ်ဖရိန်အတွင်း သို့ဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်အိတ်၊ ၆၀ ပါတစ်အိတ် စုစုပေါင်းဆေးပြား ၄၆၀၊ ဘိန်းဖြူမှုန့် ၂ ဂရမ်ခန့်တစ်ဘူး၊ ၃ ဂရမ်ခန့်တစ်ဘူးကို လည်းကောင်း၊ လားရှိုးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းအိုက်မောင်အေး မောင်းနှင်လာသည့် 5C/----- VAN အဖြူရောင်ကိုယ်ပိုင်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်းသူ ကြမ်းခင်းခြေနင်းပေါ်မှ ဘိန်းဆီခဲ အညိုရောင် အခဲ ၂၅ ဂရမ်ခန့်ကို လည်းကောင်း ရှာဖွေသိမ်းဆည်းရမိသည်။

ဇွန် ၄ ရက် တစ်ရက်တည်းတွင် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(၂၄)လားရှိုးကို လည်းကောင်း နောင်ချိုလှုပ်ရှားတပ်ဖွဲ့ဝင်များက မူးယစ်မှုသုံးမှုကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**(ဝဇိ၁)**

# လားရှိုးမြို့နယ်တွင် ဘိန်းဖြူ ၀ ဒသမ ၃၉၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရှေ့လီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်မြို့ဘက်မှ ပြင်ဦးလွင်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် သိန်းမြင့်(ခ) လီကျိန်ရှင်း၏ လက်ကိုင်အိတ်အတွင်းမှ ဘိန်းဖြူရောင်စုံဆပ်ပြာခွက် ၁၁ ခွက်(ဘိန်းဖြူအလေးချိန် ၀ ဒသမ ၁၃၂ ကီလို)၊ ယာဉ်နောက်ခန်းရှိ စက္ကူဂျပ်ဖာအတွင်းမှ ဘိန်းဖြူရောင်စုံဆပ်ပြာခွက် ၂၂ ခွက် (ဘိန်းဖြူအလေးချိန် ၀ ဒသမ ၂၆၄ ကီလို) စုစုပေါင်း ဘိန်းဖြူဆပ်ပြာခွက် ၃၃ ခွက်(ဘိန်းဖြူအလေးချိန် ၀ ဒသမ ၃၉၆ ကီလို)တို့ကို သိမ်းဆည်းရမိသဖြင့် သိန်းမြင့်(ခ)လီကျိန်ရှင်း (၂၀ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



သိန်းမြင့်(ခ) လီကျိန်ရှင်းအား ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ကြည့်မြင်တိုင်ညဈေးကြီး အသစ်ပြန်လည်တည်ဆောက်မည်

**ရန်ကုန် ဇွန် ၈**

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက်တွင် တည်ရှိသော ကြည့်မြင်တိုင် လေဟာပြင်ညဈေးကြီးအား အဆင့်မြင့်ဈေးသစ်ကြီးအဖြစ် ပြန်လည်တည်ဆောက်တော့မည်ဖြစ်ကြောင်း ဈေးရုံကိုယ်စားလှယ်များ ဆယ်ဦးအဖွဲ့မှ အဖွဲ့ဝင် ဦးသိန်းမြင့်က သတင်းစကားဆိုခဲ့သည်။

ဈေးကြီးမှာ အလျား၄၃၈ပေ၊ အနံ ပေ ၂၆၀ အကျယ်အဝန်းရှိပြီး ဈေးရုံအကြီး၊ အငယ်ပေါင်း ၂၅ ရုံတွင် အကျယ်အဝန်းအမျိုးအစားအစုံဖြင့် ဆိုင်ခန်းပေါင်း ၁၃၆၆ ခန်းရှိကြောင်း သိရသည်။

ယင်းဈေးကြီးမှာ အင်္ဂလိပ်လက်ထက်ကတည်းက နိုင်ငံခြားသားများ တည်ဆောက်ခဲ့သော ဈေးကြီးဖြစ်ပြီး "စူရတီဈေးကြီး" အမည်ဖြင့် ကျော်ကြားခဲ့ဖူးသည်။ ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီးအဆင့်ဆင့် ပြန်လည် တည်ဆောက်မှုကြောင့် ဈေးအတွင်းရှိ ရှေးဟောင်းလက်ရာတစ်ခုဖြစ်သည့် ဈေးရုံကြီးမှာ ပျောက်ကွယ်သွားပြီး ခေတ်သစ်ကွန်ဒို အဆောက်အအုံတစ်ခုက နေရာယူသွားပြီကို တွေ့ရသည်။

ဈေးရုံများကိုယ်စားလှယ် ဦးသိန်းမြင့်ကပင် "ဈေးကြီးကိုအဆင့်မြှင့်ပြီး ပြန်လည်တည်ဆောက်တာကိုတော့ ဝမ်းသာပါတယ်။ မြို့နယ်တစ်ခုရဲ့သမိုင်းမှတ်တမ်း ဖြစ်ခဲ့တဲ့ ဈေးကြီးမှာ လက်ရှိ ကျန်နေသေးတဲ့ မီးသတ်ရေကန်ကြီးရယ်၊ ဈေးကြီးလမ်းဘက်ကအဝင် ဈေးမုခ်ဦး ရှေးဟောင်းလက်ရာအမွေအနှစ်တွေကိုတော့ သမိုင်းမှတ်တမ်းအဖြစ် ထိန်းသိမ်းသွားသင့်ပါတယ်" ဟု မြို့နယ်နေပြည်သူများ၊ ဈေးသူ ဈေးသားများနှင့် တစ်ထပ်တည်းကျသော ရင်တွင်းစကားကို ဆိုခဲ့သည်။

ယင်းဈေးတွင် အထက်ကြည့်မြင်တိုင်လမ်းမ ဘူတာအုတ်တံတိုင်းဘေးရှိ ညဈေးတန်းမှ ဈေးသူ ဈေးသားများကို ၁၉၆၉ ခုနှစ်က စတင်နေရာချထားပေးခဲ့ပြီးနောက် မြေနီကုန်းလဟာပြင်ဈေး (ယခု ဒဂုံစင်တာ ၁/၂ နေရာ) ပြန်လည်တည်ဆောက်စဉ်နှင့် ဗားကရာလမ်းမ ကရင်ခရစ်ယာန်သချိုင်းဝင်းမှ ဈေးသည်များကို နေရာချထားပေးခဲ့ခြင်းဖြစ်သည်။

ကြည့်မြင်တိုင် ညဈေးဟောင်းကြီးကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှင့် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်အလိုက်ခွဲ၍ တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိ ဘတ်ဂျက်အရ ပထမအဆင့်တည်ဆောက်ရေးတွင် ပါဝင်သည့် ဈေးရုံများမှ ကိုယ်စားလှယ် ၁၀ ဦးကို ယာယီဖွဲ့စည်းထားပြီး ၎င်းကိုယ်စားလှယ်များနှင့် ဈေးများဌာနမှ တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းတည်ဆောက်သွားမည်ဟု သိရသည်။

ယင်း ၁၀ ဦးအဖွဲ့မှ အတွင်းရေးမှူး ဦးမျိုးဝင်းက "အခု ဘတ်ဂျက်အရ ခုနစ်ပေခွဲအကျယ် ဆိုင်ခန်းများပါတဲ့ ဈေးရုံ ၁၂ ရုံ၊ ငါးပေပတ်လည် ဆိုင်ခန်းများပါတဲ့ ဈေးရုံက သုံးရုံ၊ သုံးပေ-လေးပေ ဆိုင်ခန်းများပါတဲ့ ဈေးရုံကတစ်ရုံ စုစုပေါင်း ဈေးရုံ ၁၆ ရုံကိုဖျက်ပြီး အသစ်ပြန်လည်တည်ဆောက်သွားမှာပါ" ဟု ဆိုခဲ့သည်။

ဈေးအတွင်းရှိ ခြောက်ပေပတ်လည် ဆိုင်ခန်းများ၊ (၅×၁၀)ပေပတ်လည် ဆိုင်ခန်းများနှင့် ကျန်ဆိုင်ခန်းများ ပါဝင်သည့် ဈေးရုံကိုးရုံကို နောင်နှစ်ရရှိလာမည့် ဘတ်ဂျက်ငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၀ ဦးကော်မတီ၏ အဆိုအရ ဈေးကြီးကို လက်ရှိရုံကြီးများနေရာတွင် တစ်ထပ်ဈေးနှင့် ရုံငယ်လေးများနေရာတွင် နှစ်ထပ်ဈေးအဖြစ် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနက အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ပြီး ဈေးသူ ဈေးသားများထံမှ ငွေကြေး ကောက်ခံမှုပြုသွားမည်မဟုတ်ကြောင်း ၁၀ ဦးအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ထို့အပြင် နှစ်ထပ်ဈေး အပေါ်ထပ်၌ လမ်းဘေးဈေးသည်များ၊ ပျံကျဈေးသည်များ ပပျောက်ရေးမူအရ အချိန်ပိုင်းနှင့် နေရာပေးရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ မူလဆိုင်ခန်းပိုင်ရှင်များကို ဈေးများဌာနက ထုတ်ပေးထားသည့် ဈေးစာအုပ်အရ မြေညီထပ်တွင် နဂိုအကျယ်အဝန်းအတိုင်း ပြန်လည်နေရာချထားပေးသွားမည်ဟုလည်း အတွင်းရေးမှူး ဦးမျိုးဝင်းက ပြောသည်။

ယခုအခါ ဆိုင်ခန်းများ ယာယီပြောင်းရွှေ့နိုင်ရေးအတွက် သက်ဆိုင်ရာက ဈေး၏ အရှေ့ဘက်ဈေးကြီးလမ်း ယာဉ်ရပ်နားရန် နေရာနှင့် ဈေး၏ ညာဘက် သစ်ခွပန်းလမ်း၌ ယာယီဆိုင်ခန်းများ တည်ဆောက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# စာပေတည်းဖြတ်မှုအတတ်ပညာ သင်တန်းဖွင့်လှစ်



**ရန်ကုန် ဇွန် ၈**

စာပေဖြင့်အသက်မွေးဝမ်းကျောင်းပြုလိုသော လူငယ်များအတွက် မြန်မာစာ အသိအမြင်များ တိုးပွားစေရန်နှင့် မြန်မာစာဘာသာရပ်ကို အခြေခံသည့် စာပေလုပ်ငန်းအတတ်ပညာနှင့် အရည်အသွေးဖြည့်ဆည်းပေးနိုင်ရန်အတွက် စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်းကို ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှိ မြန်မာစာဌာန၌ ဇွန် ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် စာကောင်းပေမွန် သဘောလက္ခဏာနှင့် စာပေဖန်တီးရေးသားမှု၊ ဘာသာပြန်နည်းလမ်း၊ စာနယ်ဇင်းကျင့်ဝတ်၊ စာပေတည်းဖြတ်မှုနှင့် စာပေထုတ်ဝေမှုလုပ်ငန်းဆိုင်ရာ၊ အပြောအဟောအတတ်ပညာနှင့် အပြောစကားပြေစသည့် အကြောင်းအရာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ဦးအောင်သောင်း၊ ဟိန်းလတ်၊ ဖေမြင့်၊ ကောင်းသန့်၊ မျိုးမြတ်သူ၊ မောင်သာချို၊ မမိုးမြေ စသည့် စာပေပညာရှင်များ၊ စာရေးဆရာကြီးများအပြင် မြန်မာစာဌာနမှူး ဒေါက်တာအောင်မြင့်ဦးနှင့် ပါမောက္ခဒေါက်တာ ညိမ်းညိမ်းတို့ကလည်း စာကောင်းပေမွန်သဘောလက္ခဏာ၊ စာပေပုံသဏ္ဍာန်၊ ဘာသာစကားထိတွေ့မှုနှင့် ဘာသာစကားရောသုံးမှုပြဿနာ၊ ဘာသာပြန် နည်းလမ်းများ စသည်တို့ကို အားဖြည့်သင်ကြားပေးမည်ဖြစ်သည်။

ယခုဖွင့်လှစ်သော စာပေတည်းဖြတ်အတတ်ပညာသင်တန်းမှာ တတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ပညာရေး)**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာ ယူ-၂၀အသင်းကိုကြိုဆို၊ အမှတ်တရဂုဏ်ပြုစာသားများ ရေးသား

**သတင်း-မောင်အာကာ၊ ဓာတ်ပုံ-ကေဇင်**

**ရန်ကုန် ဇွန် ၈**

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာလူငယ်အသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇွန် ၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ပြန်လည်ရောက်ရှိလာရာ မြန်မာ ယူ-၂၀အသင်းကို အားပေးသည့်ပရိသတ်များက နံနက် ၉ နာရီခန့်ကတည်းက လေဆိပ်သို့ရောက်ရှိလာပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၍ ကြိုဆိုခဲ့ကြသည်။

မြန်မာ ယူ-၂၀အသင်းကို ချစ်ခင်အားပေးသူများစုစည်းပြီး အမှတ်တရအဖြစ် လေဆိပ်အတွင်း ရောက်ရှိနေသော ပရိသတ်များအား ဆော့ပင်များပေး၍ ပိတ်အဖြူပေါ်တွင် အမှတ်တရစာသားများကို ရေးသားစေခဲ့ရာ လေဆိပ်အတွင်းရောက်ရှိနေသော ပရိသတ်များကလည်း မြန်မာ ယူ-၂၀ အသင်းအတွက် အမှတ်တရဂုဏ်ပြုစာသားများ ရေးသားခဲ့ကြသည်။

တစ်ဖန် မြန်မာ ယူ-၂၀အသင်းအား ဂုဏ်ပြုသောအားဖြင့် ယူ-၂၀ အထိမ်းအမှတ်ပါ ကြိုးသိုင်းလွယ်အိတ်လေးများကို လိုက်လံဝေပေးရာ ပရိသတ်များကလည်း ယူ-၂၀ဘောလုံးအသင်းနှင့် ဘောလုံးသမားများ၏အမည်အမှတ်အသားပါ ကြိုးသိုင်း အိတ်ကလေးများလွယ်၍ ဘောလုံးသမားများအား ကြိုဆိုခဲ့ကြသည်။

"ကျွန်မက ရန်ကုန်စီးပွားရေးတက္ကသိုလ် ပထမနှစ်ကျောင်းသူတစ်ဦးပါ။ ယူ-၂၀အသင်းရဲ့ အမာခံပရိသတ်မို့ သူငယ်ချင်းတွေစုပြီးလာရောက်ကြိုဆိုတာဖြစ်ပါတယ်။ သူတို့တွေ နိုင်ပွဲမရခဲ့ပေမယ့် အစွမ်းကုန်ကြိုးစားခဲ့ကြပါတယ်" ဟု လေဆိပ်အတွင်း ကြိုဆိုရန်ရောက်ရှိနေသည့် စီးပွားရေးတက္ကသိုလ်ကျောင်းသူတစ်ဦးက ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း မြန်မာ ယူ-၂၀အသင်းကို လာရောက်ကြိုဆိုသောပရိသတ်များ၊ မိဘဆွေမျိုးများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၅၀၀ ကျော်က ပန်းစည်းများ၊ လက်ကိုင်ပိုစတာများကိုင်ဆောင်ကာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကို တွေ့ရသည်။

**(မြန်မာ့အလင်း)**



## iPay ကတ်သီးသန့်သုံး ဘတ်စ်ကားလိုင်းသစ်နှစ်ခု ပြေးဆွဲမည်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့၌ ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေရေးအတွက် iPay ကတ်သီးသန့်အသုံးပြုရမည့် အဲယားကွန်းဘတ်စ်ကားလိုင်းသစ်နှစ်ခုကို မကြာမီတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ကုန်းလမ်းပို့ဆောင်ရေးအနေနဲ့ ပုဂ္ဂလိကကုမ္ပဏီများနဲ့ ပူးပေါင်းပြီး ရန်ကုန်မြို့ရဲ့ခရီးသည်ပို့ဆောင်ရေးမှာ ခရီးသွားပြည်သူတွေ နိုင်ငံတကာအဆင့်မီသွားနိုင်ဖို့ အိုင်ပေးကတ်သုံး အဲယားကွန်းဘတ်စ်ကားလိုင်းသစ်တွေ ဖွင့်လှစ်ပြေးဆွဲလျက်ရှိပါတယ်။ အိုင်ပေးကတ်သီးသန့်သုံး အားမာန်သစ်နဲ့ SRT(၂) ဘတ်စ်ကားလိုင်းနှစ်လိုင်းကို မကြာမီအချိန်အတွင်းမှာ တိုးချဲ့ပြေးဆွဲဖို့ စီစဉ်နေပါတယ်။ ဒီယာဉ်လိုင်းနှစ်လိုင်းအတွက် ကိုရီးယားနိုင်ငံထုတ် ဘတ်စ်ကားကြီးများ မှာယူထားပြီးဖြစ်ပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါယာဉ်လိုင်းနှစ်လိုင်း ပြေးဆွဲမည့် လမ်းကြောင်းများကိုမူ အတိအကျမသိရသေးကြောင်း၊ ယာဉ်လမ်းကြောင်းများသတ်မှတ်ခြင်း၊ ယာဉ်စီးခနှုန်းထားများသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့၌ အိုင်ပေးကတ်သီးသန့်အသုံးပြုသည့် အဲယားကွန်းဘတ်စ်ကားလိုင်းများအဖြစ် SRT(၁)နှင့် အမြဲစိမ်းယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိကာ လိုက်ပါစီးနင်းသူခရီးသွားများအတွက် သက်တောင့်သက်သာရှိသကဲ့သို့ ယာဉ်စီးခမှာလည်း လမ်းကြောင်းတစ်ဖြတ်လျှင် ကျပ် ၅၀ နှုန်းသာ သတ်မှတ်ထားပြီး အိုင်ပေးကတ်ဖြင့်ဖြတ်ယူသဖြင့် ခရီးသွားများအတွက် အဆင်ပြေကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများအနက် အိုင်ပေးကတ်ဖြင့် စီးနင်းနိုင်သော ယာဉ်လိုင်းများမှာ SRT(၁) အိုင်ပေးကတ်သီးသန့်ယာဉ်လိုင်း၊ Forever Green အမြဲစိမ်းအထူး(၁) အိုင်ပေးကတ်သီးသန့်ယာဉ်လိုင်း၊ အဓိပတိ(အပြာ)၊ မထသ ၁၂၄(အထူး)၊ အဓိပတိ(အဝါ) ၁၇၉၊ ၁၇၃၊ အဓိပတိ(အဖြူ) ယာဉ်လိုင်းများဖြစ်သည်။

အိုင်ပေးကတ်ကို စလုပ်ချိန်တွင် ကျပ် ၃၀၀ သာကျသင့်ပြီး ကတ်ထဲသို့ ငွေကျပ်အနည်းဆုံးတစ်ထောင်မှ ထည့်လိုသလောက်ထည့်ထားနိုင်ကာ အိုင်ပေးကတ်သုံးယာဉ်လိုင်းများကို စီးနင်းရာ၌ ယာဉ်စီးခပေးနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့၏ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ယာဉ်နောက်လိုက်အသုံးမပြုဘဲ အိုင်ပေးကတ်သုံး ဘတ်စ်ကားလိုင်းများ ပြေးဆွဲလာကြသော်လည်း ခရီးသွားပြည်သူများမှာ ကတ်အသုံးပြုမှု နည်းပါးနေဆဲဖြစ်သည်ကို တွေ့ရသည်။

**ကြံတိုင်းအောင်**


### ပြည်ထဲရေးဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၁၁-၆-၂၀၁၅ ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက်-၁၈-၆-၂၀၁၅ ရက်
၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်-၁၉-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
၅။ တင်ဒါဖွင့်မည့်ရက်/အချိန်-၂၂-၆-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင်ကျပ် တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက ဖုန်း-၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရေကြောင်းရဲတပ်ဖွဲ့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကျောက်မီးသွေးရုံလမ်း၊ အိမ်အမှတ်(၅၁)နေ ဦးဂျလာ(ခ)ဦးတင်ရွှေ-ဒေါ်စန်းနု၏ တစ်ဦးတည်းသောသား အဒူကရင်(ခ)မောင်သန်းဇော်ဦး MME-၆၅၄၀၅၁ သည် မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

**ဦးဂျလာ(ခ)ဦးတင်ရွှေ-ဒေါ်စန်းနု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့နယ်၊ ဒါန်းတိုင်ကျေးရွာမှ မခင်မျိုးဆွေ (ဒု/ရူပ)၊ မအိအိမိုး(တက္ကသိုလ်ဝင်တန်း)၏ ဖခင် ဦးမောင်ချို(ခ)ဦးကျော်ဆွေ ၉/တသန(နိုင်)၀၆၅၃၉၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ချို(ခ)ဦးကျော်ဆွေ**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ကျောက်ဆောက် အ·မ·က မှ မောင်ဝေထက်ကျော် (ဒုတိယတန်း)နှင့် သာစည် အ·လ·က မှ မောင်မင်းဦး(အဋ္ဌမတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်းဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း**

### ရွှေလက်ရာမြန်မာထမင်းဆိုင်
### ထမင်းချိုင့်လပေး
### အထူးချက်ပြုတ်သည်။

ဖုန်း-၀၁-၅၂၅၄၂၅
၀၉-၉၇၆၂၁၅၅၂၂

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(G) မှ ဦးတင်ထွေ၏သမီး မနန္ဒာလွင်အား မနန္ဒာမိုးဟု ပြောင်းလဲခေါ်ပါရန်။

**မနန္ဒာမိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ ပန်းအိုင်အခြေခံပညာအထက်တန်းကျောင်းမှ မပြည့်ဇာဦး (သတ္တမတန်းအောင်)နှင့် မောင်သန့်ဇင်ဟိန်း(တတိယတန်းအောင်)တို့၏မိခင် ဒေါ်မာလာ ၉/မလန(နိုင်)၁၄၉၈၆၆နှင့် ဒေါ်ကျင်စိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မချမ်းဘောမြို့ မြို့မရပ်ကွက်-၂၊ အ·လ·က အဋ္ဌမတန်းမှ မဂွမ်ဖန်ဂျာခမ်၏ ဖခင်အမည်မှန်မှာ ဦးဆဂါ့မုန်ဂေါ်န်ဖြစ်ပါကြောင်း။

**ဦးဆဂါ့မုန်ဂေါ်န်**

### အမည်ပြောင်း

ကြံခင်းမြို့၊ ရွာသစ်ရပ်နေ ဦးလှိုင်မြင့်၏သမီး မနှင်းအိအိလှိုင်အား မနှင်းအိအိဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းအိအိ**

### ဖောင်းကြွပျောက်
### လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5265 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

### ဖခင်အမည်မှန်

မန်စီမြို့၊ အေးသာယာရပ်ကွက်နေ မသဥ္ဇာလင်း မောင်စိုင်းလှမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဦး ၁/မစန(နိုင်)၀၂၈၀၄၄ဖြစ်ပါကြောင်း။

**ဦးစိုင်းဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ ပန်းအိုင်အခြေခံအညာအထက်တန်းကျောင်းမှ မပြည့်ဇာဦး (သတ္တမတန်းအောင်)နှင့် မောင်သန့်ဇင်ဟိန်း(တတိယတန်းအောင်)တို့၏ဖခင် ဦးမိုးဝင်း ၉/မလန(နိုင်)၀၉၄၄၁၀ နှင့် ဦးချမ်းမင်း(ခ)ဦးစံညိမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစံညိမ်း**

### တေဇ(၁၇) မိသားစုဝင်များမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဗိုလ်မှူးကျော်သူရ(ငြိမ်း)-ဒေါ်ခင်မအေးတို့၏သား မောင်မင်းသုခ(ဆကရ-၄၆)သည် (၅)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးကြီးကျော်ကျော်ထွန်း(စစ်ဦးစီးတက္ကသိုလ်-ကလော)- ဒေါ်အေးအေးမော်တို့၏သား မောင်ဟိန်းရာဇာထွန်း(ဆမ၃-၁၅၅)သည် (၄)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဦးဇော်မျိုး(ဒုတိယအမြဲတမ်းအတွင်းဝန်၊ သမဝါယမဝန်ကြီးဌာန)-ဗိုလ်ကြီးဒေါ်ကြော့ဝတ်မှုံ(ငြိမ်း)တို့၏သား မောင်ကောင်းဇော် (နဥန-၆၈)သည် (၃)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဦးသန်းထွဋ်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်)-ဒေါ်သန်းသန်းဦးတို့၏သမီး မနှင်းမြတ်နိုးဦး (ဆသက-၆၇၉)သည်(၃)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ဦးထွန်းထွန်းဝင်း(ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်စိုးစိုးအိတို့၏သား မောင်ရဲမာန်ထွန်း (ဆကရ-၂၀၅၃)သည် (၂)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးစိုးပိုင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာစောတို့၏သမီး မထက်ဝေစိုး(ဆစခ-၆၀)သည် (၁)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဦးမြင့်မောင်ထွန်း(Operation Manager, Autovox Myanmar)-ဒေါက်တာခင်ခင်ထား(ကလေးအထူးကုဆရာဝန်ကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံ)တို့၏သား မောင်မင်းခန့်မြင့်မောင် (ဆသက-၈၂၃)သည် (၁)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ကြသည့်အပြင် တေဇ(၁၇) မိသားစုဝင်များမှ သားသမီးစုစုပေါင်း ငါးဦးသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ချင်းပေါက်အောင်မြင်မှုများ အသီးသီးရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်မှုများ ဆွတ်ခူးနိုင်ပါရန် ဆန္ဒပြုအပ်ပါသည်။

**တေဇ (၁၇) မိသားစု**

### ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ ဒိုမာကျေးရွာ အထက ကလော့သော့မှ သတ္တမတန်း(C) တွင် ပညာသင်ကြားနေသော မပွင့်ဖူးမွန်၏ ဖခင်အမည်မှန်မှာ ဦးစံမွန် ၁၀/မဒန(နိုင်)၁၂၈၄၀၂ ဖြစ်ပါကြောင်း။

**ဦးစံမွန်**

# အစိုးရသစ်လက်ထက် ဆန်းသစ်ဖွံ့ဖြိုးလာသည့် နည်းပညာနှင့် သက်မွေးပညာရေး

မင်းမင်းဇော် (ကလေး)

ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသည့် ခေတ်သစ်စနစ်သစ်တွင် နိုင်ငံ၏ဈေးကွက်စီးပွားရေး မူဝါဒအရ ပေါ်ပေါက်လာသည့် စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် စီမံခန့်ခွဲမှုအပါအဝင် နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သား လိုအပ်ချက်များ မြင့်မားလာသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းကျောင်းများကို နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးရာ သင်တန်းကျောင်းများအဖြစ် ဒေသလိုအပ်ချက်များနှင့် အညီ ပြုပြင်ပြောင်းလဲသွားရန် ဆောင်ရွက်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့ကျသည့် ပညာရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာ၌ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍသည် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သောကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)သို့ ရောက်ခဲ့စဉ်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကို အခြေခံရမည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းပြည်အနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးကို အခြေခံရသော်လည်း စက်မှုလက်မှုနိုင်ငံ တည်ထောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ထူထောင်နိုင်ရန် အခြေခံအဆင့်အထိနည်းပညာများတတ်မြောက်ရန်လိုအပ်ပြီး စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်းမှာကြားခဲ့သည်။

ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အမျိုးသားပညာရေးဥပဒေရေးဆွဲရေး စတင်ဆွေးနွေးခဲ့ကြသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေ၌ ပညာရေးကဏ္ဍကြီး (၃)ရပ်အနေဖြင့် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့အပြင် နည်းပညာနှင့် သက်မွေးပညာရေးကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။

နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ သက်မွေးပညာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးအတွက် လက်တွေ့နည်းပညာနှင့် အတတ်ပညာကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ စက်မှုလက်မှုအတတ်ပညာရှင်များဖြစ်စေရန် စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်ရန်၊ သက်မွေးပညာဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်နည်းပညာများနှင့် သက်မွေးပညာ သင်တန်းများကို လိုအပ်သလို တိုးချဲ့သင်ကြားပေးရန်၊ နိုင်ငံသားများ အလုပ်အကိုင်ရရှိမှု၊ တစ်ဦးချင်းဝင်ငွေတိုးတက်မှုအတွက် နည်းပညာနှင့် သက်မွေးပညာကဏ္ဍကို မြင့်တင်ဆောင်ရွက်ရန်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် အသိစိတ်ဓာတ်နှင့် ခံယူချက်များပြည့်ဝသည့် အတတ်ပညာနှင့် ကျွမ်းကျင်သူများကို လေ့ကျင့်သင်ကြားပေးရန် စသည့်ရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကိုရီးယားသက်မွေးပညာတက္ကသိုလ်

"နည်းပညာနဲ့ သက်မွေးပညာရပ်ဆိုတာ အလုပ်ခွင်အတွင်း အံဝင်ခွင်ကျ တာဝန်ထမ်းဆောင်နိုင်မည့် လက်တွေ့ကျွမ်းကျင်သူတွေ၊ စက်မှုလက်မှုအတတ်ပညာရှင်တွေ၊ သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေဖြစ်ဖို့အတွက် သင်ပြလေ့ကျင့်ပေးတဲ့ နည်းပညာနဲ့ သက်မွေးပညာရပ်တွေကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒီနည်းပညာနဲ့ သက်မွေးပညာရေးနည်းစနစ်မှာပါတဲ့ နည်းပညာနဲ့ သက်မွေးပညာရပ်တွေကို ကျွမ်းကျင်မှုစံတွေအလိုက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အောင်မြင်ပြီးမြောက်သူတွေကို လေ့ကျင့်သင်ကြားပေးတဲ့အပြင် ကျောင်းပြင်ပ နည်းပညာနဲ့ သက်မွေးပညာရေးဆိုတာ ပညာအရည်အချင်း၊ အမျိုးသား၊ အမျိုးသမီး အသက်အရွယ်တွေကို ကန့်သတ်ပြီးဖြစ်စေ၊ မကန့်သတ်ဘဲဖြစ်စေ ကျွမ်းကျင်မှုကို မြှင့်တင်ဖို့အတွက် စံချိန်စံညွှန်း သတ်မှတ်ချက်တွေနဲ့အညီ အစိုးရ ဒါမှမဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတွေက ဖွင့်လှစ်တဲ့ နည်းပညာနဲ့ သက်မွေးပညာရေးအမျိုးအစားဖြစ်တယ်။ အခြေခံအဆင့် နည်းပညာနဲ့ သက်မွေးပညာရေးမှာ မူလတန်းအဆင့် အောင်မြင်တဲ့သူတွေ တက်ရောက်သင်ကြားနိုင်တယ်။ အလယ်တန်းအဆင့်နည်းပညာနဲ့ သက်မွေးပညာရေးကို အလယ်တန်းအဆင့် အောင်မြင်ပြီးသူတွေ တက်ရောက်နိုင်ပြီး ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာနဲ့ သက်မွေးပညာရေးကို အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးတဲ့သူတွေ တက်ရောက်သင်ကြားနိုင်ပါတယ်။ နည်းပညာနှင့်သက်မွေးပညာသင်တန်းကျောင်းနဲ့ သင်တန်းအမျိုးအစားတွေကိုတော့ အစိုးရကျောင်း၊ သိပ္ပံနဲ့ သင်တန်း၊ အစိုးရနဲ့ပုဂ္ဂလိက ပူးပေါင်းဖွင့်လှစ်တဲ့ကျောင်း၊ သိပ္ပံနဲ့ သင်တန်း၊ ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်း၊ သိပ္ပံနဲ့သင်တန်း၊ ကိုယ်ပိုင်ဒါမှမဟုတ် ပုဂ္ဂလိကကျောင်း၊ သိပ္ပံနဲ့သင်တန်း၊ ဒေသလိုအပ်ချက်အရ သက်မွေးပညာရပ်တွေကို တစ်နေရာတည်းမှာ စုစည်းဖွင့်လှစ်တဲ့ကျောင်း၊ သိပ္ပံ၊ သင်တန်းနဲ့ နည်းပညာနဲ့ သက်မွေးပညာရေးကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားတဲ့ ကျောင်း၊ သင်တန်းတွေဆိုပြီး သတ်မှတ်ထားပါတယ်။ အဲဒီသင်တန်းတွေ၊ ကျောင်းတွေ၊ သိပ္ပံတွေ၊ သင်တန်းအမျိုးအစားတွေဟာ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ် နည်းပညာကျွမ်းကျင်သူတွေ၊ သက်မွေးပညာကျွမ်းကျင်သူတွေကို လုပ်သားဈေးကွက် လိုအပ်ချက်တွေနဲ့အညီ မွေးထုတ်နိုင်ရပါမယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှာ သက်မွေးပညာကဏ္ဍတစ်ခုလုံးကို ခြုံငုံမိစေဖို့ ရည်ရွယ်ပြီး စက်မှုနဲ့ သက်မွေးပညာဦးစီးဌာနကို နည်းပညာနဲ့ သက်မွေးပညာဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့တာပါ"ဟု နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ထွန်းက နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပြောသည်။

နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနကို နိုင်ငံသားတိုင်း သက်မွေးပညာသင်ယူနိုင်သည့် အခွင့်အလမ်းရရှိရန်အတွက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်၊ အလုပ်အကိုင်ရရှိမှုနှင့် တစ်ဦးချင်းဝင်ငွေမြင့်မားရေးကို အထောက်အကူပြုနိုင်ရန်နှင့် ဒေသတွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်မှုတွင် ပါဝင်နိုင်မည့် ကျွမ်းကျင်သူများအား လေ့ကျင့်ပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဦးစီးဌာနမှ လက်ရှိဆောင်ရွက်နေသော နည်းပညာနှင့် သက်မွေးပညာသိပ္ပံနှင့်ကျောင်းများအပြင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူနိုင်ငံနှင့် ပူးပေါင်း၍ Singapore Myanmar Vocation Training Institute တည်ထောင်ရေးအတွက် ဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံ NPO Institute for Environmental Technology promotion in Asia ပူးပေါင်း၍ Japan Myanmar Vocation Training Institute တည်ထောင်နိုင်ရေးဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံ Kake Education Institution ပူးပေါင်း၍ Technical High School တည်ထောင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်း၍ Technical Teachers Training Institute တည်ထောင်နိုင်ရေး ဆောင်ရွက်ခြင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်း၍ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်း၊ ထိုင်းအသက်မွေးဝမ်းကျောင်း ပညာရေးကော်မရှင်နှင့် ပူးပေါင်း၍ ထိုင်း-မြန်မာ နယ်စပ်ဒေသရှိ လူငယ်များ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအား ဆောင်ရွက်ခြင်း၊ German Government-owned Development Bank ဖြစ်သော KfW နှင့် ပူးပေါင်း၍ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်း ကျောင်းများတွင် သင်ကြားရေးအဆင့်မြှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ဩစတြီးယားနိုင်ငံ Bilfinger VAM Gmbh နှင့် ပူးပေါင်း၍ အစိုးရနည်းပညာအထက်တန်းကျောင်းများ အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ NGOs များဖြစ်သည့် ACTED နှင့် ADRA တို့နှင့် ပူးပေါင်း၍ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် သက်မွေးပညာကျွမ်းကျင်မှု ကာလတိုသင်တန်းများကို ဖွင့်လှစ်သင်ကြားခြင်းအစရှိသဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

နည်းပညာနှင့် သက်မွေးပညာကဏ္ဍများမှ လေ့ကျင့်သင်ကြားပေးမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် လုပ်သားများအတွက် ကျွမ်းကျင်မှုစံများနှင့် အခြေခံကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်လုပ်သား၊ ဘက်စုံကျွမ်းကျင်လုပ်သားနှင့် ကြီးကြပ်သူနည်းပညာရှင်ဟူ၍ ကျွမ်းကျင်မှုအဆင့်များ အဆင့်လေးဆင့် ခွဲခြားသတ်မှတ်ထားကြောင်းလည်း သိရသည်။

"ကျွမ်းကျင်မှုစံဆိုတာလုပ်ငန်းခွင်ထဲမှာ သတ်မှတ်ထားတဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို စံချိန်စံညွှန်းနဲ့အညီ လုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ အသိပညာ၊ ကျွမ်းကျင်မှု၊ လုပ်ဆောင်နိုင်စွမ်းရည်နဲ့ အလုပ်အပေါ် ခံယူချက်သဘောထားတွေပါဝင်တဲ့ လုပ်ဆောင်မှုအဆင့်ဆင့်ကိုခေါ်တာပါ။ ကျွမ်းကျင်မှုစံမှာ အလုပ်တွင် ပါဝင်လုပ်ဆောင်မှု၊ လုပ်ဆောင်ရန် လိုအပ်တဲ့ ကျွမ်းကျင်မှု၊ လိုအပ်တဲ့ ကျွမ်းကျင်မှုအဆင့်၊ လုပ်ဆောင်ရမယ့်အခြေအနေနဲ့ ကျွမ်းကျင်မှုရှိကြောင်း အထောက်အထားတွေ ပါဝင်တယ်၊ လက်ရှိမှာတော့ အစိုးရနည်းပညာကောလိပ်တွေ၊ အစိုးရစက်မှုလက်မှု သိပ္ပံတွေနဲ့ အစိုးရအထက်တန်းကျောင်းတွေမှာ ဘက်စုံသက်မွေးပညာသင်ဌာန (Polytechnic Center)တွေကို တိုးချဲ့ဖွင့်လှစ်ပြီး နိုင်ငံတော်အတွက် လိုအပ်တဲ့ နည်းပညာကျွမ်းကျင်သူတွေကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်" ဟု နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦးက ရှင်းပြသည်။

ယခုဖွင့်လှစ်လျက်ရှိသည့် Polytechnic Center များတွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ နေစွမ်းအင်အသုံးချနည်းပညာသင်တန်း၊ မြေတိုင်းပညာဘာသာရပ်၊ Autocad Drawing၊ ဂဟေဆက်၊ လျှပ်စစ် (အဆောက်အအုံ)၊ လေအေးပေးစက်တပ်ဆင်မှု၊ လက်သမား(အဆောက်အအုံ)၊ ပရိဘောဂပြုလုပ်ခြင်း၊ ကွန်ကရစ်လုပ်သား၊ Mason၊ Steel Reinforcement၊ Industrial Wiring Installation၊ Plumbing and Pumping စသည့် သင်တန်းများကို သင်ကြားပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသလိုအပ်ချက်များနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပအတတ်ပညာရှင်များပူးပေါင်း၍ သင်တန်းများတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နည်းပညာနှင့် အသက်မွေးပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စနစ်တကျမြှင့်တင်ခြင်းအားဖြင့် အတတ်ပညာပိုင်းဆိုင်ရာကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားကဏ္ဍများ၌လည်း ကောင်းမွန်တိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လုပ်သားဈေးကွက် ပြောင်းလဲမှု၊ လုပ်ငန်းအသိုင်းအဝိုင်း၏ နည်းပညာတောင်းဆိုမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မည့် နည်းဗျူဟာများနှင့် ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များကိုအခြေခံ၍ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍများကို အဆင့်မြှင့်တင်သွားရေးသည် နိုင်ငံတော်အစိုးရ အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## အသေးစား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာ တွေ့ဆုံပွဲကျင်းပ

ပုလဲ ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ မြောက်ယမားဆည်အနီး ဆည်မြောင်းထိန်းသိမ်းရေးရုံး၌ မေလကုန်ပိုင်းက အိန္ဒိယနိုင်ငံ Delta Construction System Limited မှ တာဝန်ယူတည်ဆောက်မည့် အိမ်ခြေ ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီးထုတ်ပေးနိုင်သည့် ယမားအဆင့်-၃ (၇ ဒသမ ၀၅ မဂ္ဂါဝပ်) အသေးစား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာ လူထုတွေ့ဆုံရှင်းလင်းပွဲ(IEE/SIA) ကိုကျင်းပခဲ့ကြောင်း သိရသည်။ အသေးစားရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၅ အောက်တိုဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ရာ ကျေးရွာ ၁၅ ရွာမှ အိမ်ခြေ ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအခမ်းအနားတွင် Resource and Environment Myanmar မှ Director ဦးဝင်းနိုင်ထွန်းက အသေးစားရေအားလျှပ်စစ်စီမံကိန်းအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ Delta Construction System Limited မှ Mr. Murari Yerneni (Project Head)နှင့် ဦးဝင်းနိုင်ထွန်း (REM) တို့က လုပ်ငန်းများဆောင်ရွက်ပေးမည့် အစီအမံများနှင့် ပတ်သက်၍ အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)



# မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**ပြည် ဇွန် ၈**

ပြည်ခရိုင်အတွင်းရှိ ရပ်ကွက် ကျေးရွာများမှ ပြည်သူများ မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များကို ပိုမိုသိရှိစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီး ကာကွယ်ရေး အသိပညာများရရှိရေး၊ စာပေဖတ်ရှုသည့် အလေ့အထကောင်း များရရှိပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာ ပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲကို ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်မြို့နယ် ငါးရွာအုပ်စု၊ ငါးရွာကျေးရွာ၌ ဇွန် ၆ ရက်တွင် ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များအား စာဖတ်ခြင်းမှရရှိသော အသိပညာဖြင့် တားဆီးကာကွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာများနှင့် ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးဟော ပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပြည်သူများအား အသိပညာပေး စာအုပ်စာစောင်များ ဝေငှဖတ်ရှုစေခဲ့ပြီး မူးယစ်ဆေးဝါးအသိ ပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**လှိုင်ကော် ဇွန် ၈**

၂၀၁၅ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကို ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်အောင်က ပြည်သူအများဆင်းရဲမှုလျော့နည်းကျဆင်းရေးအတွက် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ် လုံးကျန်းမာကြံ့ခိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုလျော့ကျပြီး သူတစ်ပါးသောက်သုံးသောဆေးလိပ်ငွေ့ကို ရှူရှိုက် ရခြင်းမှလည်း ကင်းဝေးသွားမည်ဆိုပါက ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် ဖြစ်ရသည့်ရောဂါများကို ကုသစရိတ်များစွာ လျော့နည်းသွားပြီး အသက်ရှည် ကျန်းမာလာကာ ကုန်ထုတ်စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း အမှာ စကားပြောကြားသည်။

ထို့နောက် ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းအောင်ကြည်က ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ် လွှာကို ဖတ်ကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးသော် တာမွန်က ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ ဆိုးကျိုးများကိုရှင်းလင်းတင်ပြကာ ခရိုင်ဥပဒေအရာရှိ ဒေါ်လွင်လွင်သန်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက် သုံးခြင်းနှင့်ဆိုင်သော ဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။

**ရဲနောင်(လှိုင်ကော်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အင်းလေးကန်ဝန်းကျင်၌ စုပေါင်းသစ်ပင်စိုက်ပျိုး



**ညောင်ရွှေ ဇွန် ၈**

၂၀၁၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ညောင်ရွှေမြို့နယ် အင်းလေးကန်အနောက်ဘက်ရှိ လွယ်ငြိမ့်ကျေးရွာ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရှမ်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်း အိုက်ပေါင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ လျှပ်စစ်နှင့် စက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အင်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် ဒေသခံပြည်သူများက ကျွန်း၊ ခါတော်မီ၊ မယ်ဇလီ၊ ပြည်လုံးချမ်းသာ၊ ယူကလစ် စသည့် သစ်ပင်ပေါင်း ၈၅၃ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြတ်သူ(ပြန်/ဆက်)**

## သတင်းတို

### မူးယစ်ဆေးဝါးတားဆီးရေး ပညာပေးဟောပြော

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဟားခါး အထက(၁) ဗိုလ်တိုက်ချွန်းခန်းမ၌ ဇွန် ၄ ရက်က ကျင်းပခဲ့ရာ ချင်းပြည်နယ် မူးယစ် ဌာန တပ်စု(၄)မှ ဒုရဲမှူးတိုးနိုင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ခရိုင် ဥပဒေအရာရှိ ဦးသန်းထွဋ်က မူးယစ် ဆေးဝါးဆိုင်ရာ ဥပဒေများ၊ ခရိုင် တရားသူကြီး ဦးစိုးက မူးယစ်ဆေးဝါး ဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များအကြောင်း တို့ကို ဟောပြောခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## မဲဆန္ဒရှင်စာရင်းကြေညာခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲ ဆားလင်းကြီးမြို့၌ကျင်းပ

**ဆားလင်းကြီး ဇွန် ၈**

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက် ပွဲကြီးအတွက် မဲဆန္ဒရှင်စာရင်းကြေညာခြင်းများကို မြို့နယ်အလိုက်ဆောင်ရွက်နေပြီဖြစ်ရာ စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းနှင့် ရွေးကောက်ပွဲ ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ဇွန် ၅ ရက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဆားလင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဖေတို့က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးသူရ၊ မြို့နယ်ပညာရေးမှူး ဒေါ်လှလှအေး၊ မြို့နယ်ဥပဒေဦးစီးအရာရှိ ဒေါ်စိုးစိုးမိုး၊ မြို့နယ်စာရင်းစစ်ဦးစီးအရာရှိ ဒေါ်စိုးစိုးနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်တို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်အဖွဲ့ ဝင်များအကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ အကြောင်း မဲစာရင်းကြေညာခြင်းနှင့် ရွေးကောက်ပွဲ တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှု စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြပြီး ဆွေးနွေးတက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ရှင်းလင်းဖြေကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူ များ၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေး ပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## ကျွဲ၊ နွားကောင်ရေ ၃၀၀ ကျော်ကို ကာကွယ်ဆေးများ အခမဲ့ထိုးပေး

**ကလေး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် သဖန်းအိုင် ကျေးရွာမှ ပြည်သူများမွေးမြူထားသော ကျွဲ၊ နွား ၃၀၂ ကောင်ကို ကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်းနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇွန် ၆ ရက် တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွေးမြူရေးအသိပညာပေးဟောပြောပွဲကို ကျေးရွာဓမ္မာ ရုံ၌ ပြုလုပ်ခဲ့ပြီး သဖန်းအိုင်ကျေးရွာတာဝန်ခံ ဦးသိန်းဟန် က အမှာစကားပြောကြားကာ မွေးမြူရေးနှင့် တောင်သူ လုပ်ငန်းလုပ်ကိုင်သူ ၇၀ အား မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ လက်ထောက်ကထိက ဒေါက်တာယုယုယမင်း က တိရစ္ဆာန်ရောဂါရှာဖွေရေးနှင့် ကာကွယ်ထိန်းချုပ် ရေးအကြောင်း၊ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ၏ အဓိကလုပ်ငန်းတာဝန်၊ စားကျက်ဖွံ့ဖြိုးရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ၊ တိုင်းရင်းဆေးအသုံးပြုနည်း၊ ကျောင်းနေ အရွယ်ကလေး ငယ်များအား အာဟာရဖြည့်နို့တိုက်ကျွေးရေးအစီအစဉ် စသည့်အကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများကို ပေါင်ပုပ်လက်ပုပ်၊ လည်ချောင်းကွဲရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့သည်။ ထို့အပြင် ကျန်းမာရေးဝန်ဆောင်မှု မြှင့်တင်ခြင်းအဖြစ် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်များကို သန်ချဆေးနှင့် အားဆေးများ ထိုးပေးခဲ့ကြောင်းလည်း သိရသည်။

**ချင်းတွင်းသား(iprd)**



# ကျွန်းသစ်ခွဲသား အချောင်း ၁၀၀၀ ခန့် ဖမ်းမိ

**ကောလင်း ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ဥတုံးပင်ကျေးရွာ အနီး၌ ကျွန်းသစ်ခွဲသား အချောင်းရေ ၁၀၀၀ ခန့်အား တရားမဝင်သယ်ဆောင်လာသော ယာဉ်တစ်စီးကို ဇွန် ၆ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဥတုံးပင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်၌ ယာဉ်မောင်း သိန်းသန်းဘို မောင်းနှင်လာသည့် မီနီဘတ်စ်ပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသား ဆိုက်စုံ ၁၀၀၄ ချောင်း(အလေးချိန် တစ်တန်) ကာလတန်ဖိုးငွေကျပ်နှစ်သိန်းခွဲခန့်ကို မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့်အဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းသိန်းသန်းဘိုနှင့် ယာဉ်ပေါ်ပါသူ ချစ်တိုးတို့အား ကောလင်းမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြော

**သံတွဲ ဇွန် ၈**

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီခွဲက သံတွဲမြို့ အထက (ခွဲ) မြို့မ၌ ကျင်းပရာ သံတွဲခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာအဇ္ဈာမေခက်ကျော်က မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေးအကျိုးဆက်များကိုလည်းကောင်း၊ သံတွဲမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်ညွန့်ကမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများသည် ခင်းကျင်း ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဖြန့်ဝေ

**မူဆယ် ဇွန် ၈**

ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း (ယင်းမာ)စီမံချက်ကို အကောင်အထည်ဖော်သောအားဖြင့် မူဆယ်မြို့ သိန်းသန်းချီ အဆင့်မြင့်အဝေးပြေး မော်တော်ယာဉ်ကားကြီးဝင်း၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေးစာတန်းပါ စတစ်ကာများ၊ လက်ကမ်းစာစောင်များကို လိုက်လံဝေငှခြင်း၊ အဝေးပြေးနှင့် ခရီးတို ပြေးဆွဲသော မော်တော်ယာဉ်ကိုယ်ထည်များတွင် စတစ်ကာ ငါးမျိုးကပ်ခြင်းတို့ကို ဇွန် ၆ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မူးယစ်တပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းနိုင်နှင့်အဖွဲ့၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူနှင့် ဝန်ထမ်းများက မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်၊ ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကို ဝိုင်းကူစို့၊ မူးယစ်နွံတွင်း ကျွံဆင်းခြင်း ဘဝနိဂုံးချုပ်လိမ့်မည်၊ မျှော်လင့်ချက်တို့ ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာစသော ဆောင်ပုဒ်များပါသည့် စတစ်ကာများကို ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ကိုယ်ထည်တွင် ကပ်ပေးခြင်း၊ အဝေးပြေးဂိတ်အတွင်း ခရီးသွားပြည်သူများကို လိုက်လံဝေငှခြင်းကို ဆောင်ရွက်ခဲ့ခြင်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ လူထုပညာပေးလှုပ်ရှားဆောင်ရွက်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်တို့က လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**အယ်လ်စိုး(iprd)**

# စစ်ကိုင်းတိုင်းဒေသကြီးမှ အပူပိုင်းဇုန်အတွင်း ကျရောက်နေသည့် မြို့နယ် ၁၇ မြို့နယ်ကို စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မည်

**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ မုံရွာနှင့် စစ်ကိုင်းခရိုင်များမှ မြို့နယ် ၁၇ မြို့နယ်သည် အပူပိုင်းဇုန်အတွင်း ပါဝင်လျက်ရှိရာ အဆိုပါမြို့နယ်များတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအဖြစ် သစ်တောစိုက်ခင်းများ၊ သဘာဝတောထိန်းလုပ်ငန်းများ၊ ဖာထေးစိုက်ပျိုးခြင်း၊ ရေကန်များနှင့် မြေအောက်ရေတွင်းတူးဖော်ပေးခြင်း၊ တောင်တန်းများတွင် ကွန်တိုသစ်ပင်စိုက်ပျိုးခြင်း စသည့် လုပ်ငန်းများကို တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့်ပတ်သက်၍ "စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ အပူပိုင်းဇုန်အတွင်း ကျရောက်လျက်ရှိတဲ့ မုံရွာမြို့နယ် ဗောဓိတစ်ထောင်မှာ တောင်တန်းစိုက်ခင်းတွေနဲ့ ကွန်တိုစိုက်ခင်းများ စိုက်ပျိုးမှာပါ။ ယင်းမာပင်မြို့မှာ အပင် ၁၀၀၀၊ မြောင်မြို့နယ် ဆင်ဂေါင်းတောင်မှာ ၁၂၃၀ ပင်၊ ခင်ဦးမြို့နယ်အတွင်းရှိ ခင်ဦး-သင်ပေါင်းလမ်းမှာ အပင် ၁၀၀၀၊ ဝက်လက်မြို့နယ်အတွင်းရှိ ဝက်လက်-ရှိမ္မကား လမ်းမှာ အပင် ၁၀၀၀၊ ဝက်လက်-သစ်ဆိမ့်ကြီးလမ်းမှာ အပင် ၁၅၀၀ ကို ဖာထေးစိုက်ပျိုးမယ်။ သဘာဝတောထိန်းလုပ်ငန်းတွေအဖြစ် ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ယင်းမာပင်၊ ပုလဲနဲ့ စစ်ကိုင်းမြို့နယ်တွေမှာ ဧကတစ်သောင်းကို ဆောင်ရွက်မယ်"ဟု တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေကန်တူးဖော်ခြင်းလုပ်ငန်းများအဖြစ် ရွှေဘို၊ ဝက်လက်၊ ဘုတလင်၊ ဆားလင်းကြီး၊ ယင်းမာပင်နှင့် မြင်းမူမြို့နယ်များ၌ တစ်မြို့လျှင် ရေကန်တစ်ကန် တူးဖော်ပေးမည်ဖြစ်ကြောင်း၊ ပုလဲမြို့နယ် ဇောင်းခြမ်းကုန်းကျေးရွာ၌ မြေအောက်ရေတွင်းတစ်တွင်းတူးဖော်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအဖြစ် စံပြကျေးရွာများနှင့် ကျေးရွာများတွင် ထင်းအစားထိုးလောင်စာ သုံးစွဲရန် အသိပညာပေးဟောပြောပွဲများပြုလုပ်ကာ စွမ်းအားမြင့်မီးဖို အလုံး ၅၀၀၀ ကိုလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာဘက်စုံသုံး စိုက်ခင်း ဧက ၆၀၀၊ ရေဝေစိုက်ခင်း ဧက ၁၃၀၊ တောင်တန်းစိုက်ခင်း ဧက ၂၀၀၊ အခြားစိုက်ခင်း ဧက ၇၀၊ စုစုပေါင်း ဧက ၁၀၀၀ ကိုလည်း ယခုနှစ်အတွင်း ထပ်မံအကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိကြောင်း အဆိုပါတာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ အပူပိုင်းဇုန်အတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ စိုက်ခင်းများတွင် စိုက်ပျိုးရန်နှင့် စိုက်ပြီးစိုက်ခင်းများမှ သေဆုံးသစ်ပင်များနေရာတွင် ဖာထေးစိုက်ပျိုးရန်အတွက် ယူကလစ်နှင့် ဒေသသစ်မျိုးများဖြစ်သော ယင်းမာ၊ ရှား၊ တမာ အပါအဝင် သစ်ပင်ပေါင်း သုံးသိန်းကျော်ကို ပျိုးထောင်ထားကြောင်း၊ ပျိုးပင်များကို ကျေးရွာဘက်စုံသုံးစိုက်ခင်း၊ ရေဝေစိုက်ခင်း၊ တောင်တန်းစိုက်ခင်းများနှင့် အခြားစိုက်ခင်းများ၊ ကွန်တိုစိုက်ခင်းများတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# တရားမဝင် ရွှေမျှောတိုက်ထုတ်ယူနေသူများ ဆက်တိုက်ဖမ်းဆီးရမိ

**ကသာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အင်းရွာနယ်မြေရဲစခန်းအပိုင် လှေဘိုကျေးရွာအနီး၌ တရားမဝင် ရွှေမျှောလုပ်ကိုင်နေသူ ခုနစ်ဦးအား ဇွန် ၆ ရက်တွင် ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် လှေဘိုရွာအနီး၌ တရားမဝင် ရွှေမျှောတိုက်နေကြောင်းသတင်းအရ အင်းရွာနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ရဲအောင်နှင့် တပ်ဖွဲ့ဝင်များက ဇွန် ၆ ရက်က တရားမဝင် ရွှေမျှောတိုက်လုပ်ငန်းလုပ်နေသူများကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

ကောလင်းမြို့နယ် ပေတပင်ကျေးရွာနေ ဇော်လွင်အား တရုတ်နိုင်ငံလုပ် လေးလုံးထိုးအင်ဂျင်တစ်လုံး၊ လေးလက်မခန့်ရှိ ရေခရူတစ်ခု၊ အချင်းလေးလက်မ အရှည်ပေ ၁၀၀ ခန့်ရှိ အဝါရောင်ပိုက်ပျော့တစ်ခွေ၊ ၁၈ ပေခန့်ရှိ လည်ချောင်းပိုက်တစ်ချောင်းတို့နှင့်လည်းကောင်း၊ ထီးချိုင့်မြို့နယ် ရွှေကျီးသာကျေးရွာနေ အောင်ကိုဝင်းအား တရုတ်နိုင်ငံလုပ် တစ်လုံးထိုးအင်ဂျင်တစ်လုံး၊ လေးလက်မခန့်ရှိ ရေခရူတစ်ခု၊ အချင်းလေးလက်မ အရှည်ပေ ၁၀၀ ခန့်ရှိ အဝါရောင်ပိုက်ပျော့တစ်ခွေ၊ အစိမ်းရောင် ကော်ဇောအဝိုင်းတစ်ချပ်တို့နှင့်လည်းကောင်း၊ ရေစကြိုမြို့နယ် ဟသ်ာကျေးရွာနေ မြင့်နိုင်အား တရုတ်နိုင်ငံလုပ် တစ်လုံးထိုးအင်ဂျင်တစ်လုံး၊ လေးလက်မခန့်ရှိ ရေခရူတစ်ခု၊ အချင်းလေးလက်မ အရှည်ပေ ၁၀၀ ပေခန့်ရှိ အဝါရောင်ပိုက်ပျော့နှစ်ခွေ၊ အစိမ်းရောင်ကော်ဇောဝိုင်းတစ်ချပ်တို့နှင့်လည်းကောင်း၊ မိုးညှင်းမြို့နယ် ညောင်ပင်သာကျေးရွာနေ မောင်မတ်လ(ခ)လှဆိုင်းနှင့် ရွှေဘိုမြို့နေ ခင်မောင်ထွန်းတို့အား တရုတ်နိုင်ငံလုပ် လေးလုံးထိုးအင်ဂျင်တစ်လုံး၊ လေးလက်မခန့်ရှိ ရေခရူတစ်ခု၊ အချင်းလေးလက်မ အရှည်ပေ ၁၀၀ ခန့်ရှိ အဝါရောင်ပိုက်ပျော့တစ်ခွေ၊ အချင်းလေးလက်မ အရှည် ၁၈ ပေခန့်ရှိ လည်ချောင်းပိုက်တစ်ချောင်း၊ အစိမ်းရောင် ကော်ဇောအဝိုင်းတစ်ချပ်တို့နှင့်လည်းကောင်း၊ ကသာမြို့နယ် လှေဘိုရွာနေ ဦးအောင်ဝင်း(၆၃ နှစ်)နှင့် ဝင်းဆွေတို့အား တရုတ်နိုင်ငံလုပ်တစ်လုံးထိုးအင်ဂျင်တစ်လုံး၊ လေးလက်မခန့်ရေခရူတစ်ခု၊ အချင်းလေးလက်မ အရှည်ပေ ၁၀၀ ခန့်ရှိ အဝါရောင် ပိုက်ပျော့တစ်ခွေ၊ အစိမ်းရောင်ကော်ဇောအဝိုင်းတစ်ချပ်တို့နှင့်လည်းကောင်း ဆက်တိုက်ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများအား အမှုဖွင့်အရေးယူထားပြီး စခန်းမှူး ရဲအုပ်ရဲအောင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# စစ်တောင်းမြစ်ရေကာတာ အဆင့်မြှင့်တင်မှုများ မကြာမီပြီးစီးမည်

**ကျောက်တံခါး ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ စစ်တောင်းမြစ် ရေကာတာ၌ ပုံစံကျအဆင့်မြှင့်တင်ပြုပြင်ခြင်း၊ မြေသားပြန်ဖို့ခြင်းနှင့် ရေကာတာလမ်းပေါ်၌ ဂဝံကျောက်ခင်းခြင်းများကို ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စစ်တောင်းမြစ်ရေကာတာ အဆင့်မြှင့်တင်ပြုပြင်ခြင်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၆၃၆၀ သိန်းဖြင့် ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ် ဆည်မြောင်း ဦးစီးဌာနများက ကြီးကြပ်၍ မြတ်အိန္ဒြေကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျောက်တံခါးမြို့နယ် စစ်တောင်းမြစ်ရေကာတာလမ်းပေါ် မိုင်တိုင်အမှတ်(၆/၂) ဖိုးတရွာအနီးမှ မိုင်တိုင်အမှတ် (၁၅/၆)ကညင်ကျိုးကျေးရွာအနီးအထိ ဂဝံကျောက်ခင်းခြင်းကို ဆောင်ရွက်လျက်ရှိကာ ညောင်လေးပင်မြို့နယ် အပိုင်း၌လည်း ဂဝံကျောက်ခင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ကျောက်တံခါးမြို့နယ် စစ်တောင်းမြစ်ကမ်းဘေးက ကျောက်စရစ်ကျေးရွာမှာ မွေးဖွားနေထိုင်တာပါ။ စစ်တောင်းမြစ်ဟာ မိုးတွင်းမှာ အမြဲရေကြီး ရေလျှံပြီး ဒီမှာရှိတဲ့ စစ်တောင်းမြစ်ရေကာတာကြီးက မကြာခဏ တာကျိုးပေါက်တာရယ်၊ တာတမံရေကျော်တာရယ်ကြောင့် ဒေသခံပြည်သူတွေက အပင်ပန်းခံပြီး သဲအိတ်တွေနဲ့ ထပ်ဆင့်ဖို့ပြီးတော့ ပြုပြင်ခဲ့ရပါတယ်။ အခုလို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေနဲ့ အဆင့်မြှင့်တင်ပေးတဲ့အတွက် ရေဘေးက ကင်းဝေးမှာဖြစ်သလို ကျောက်တံခါးနဲ့ ညောင်လေးပင်မြို့နယ်ကြား လမ်းပန်းဆက်သွယ်ရေးလည်း ချောမွေ့သွားမှာဖြစ်ပါတယ်" ဟု ရေကာတာအဆင့်မြှင့်တင်ပေးခြင်းနှင့် ရေကာတာလမ်းပြုပြင်ပေးခြင်းကြောင့် ဒေသခံပြည်သူများအတွက် အဆင်ပြေလာပုံကို ကျောက်စရစ်ကျေးရွာမှ ဦးသောင်းညွန့်က ပြောသည်။




**ခင်ကို(ကျောက်တံခါး)**

# ကချင်ပြည်နယ်အတွင်းမှ သမဝါယမအသင်းများအတွက် ကျပ်သန်းပေါင်း ၃၅၀၀ ကျော် ထုတ်ချေး

**မြစ်ကြီးနား ဇွန် ၈**

ကချင်ပြည်နယ်အတွင်းမှ သမဝါယမချေးငွေ မရရှိသေးသည့် သမဝါယမအသင်းများအတွက်ချေးငွေနှင့် ချေးငွေရပြီးအသင်းဟောင်းများအတွက် တိုးမြှင့်ချေးငွေများအပါအဝင် ချေးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၃၅၀၀ ကျော်ကို သက်သာသောအတိုးနှုန်းဖြင့် သမဝါယမဝန်ကြီးဌာနမှ ဇွန် ၆ ရက်တွင် ထုတ်ချေးခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စိုက်ပျိုးစရိတ်၊ မွေးမြူရေးစရိတ်နှင့် ချေးငွေမရရှိသေးသည့် သမဝါယမအသင်းသစ်များအတွက် ချေးငွေကျပ် ၁၆၁၁ ဒသမ ၄၉ သန်းနှင့် ချေးငွေရရှိပြီး အသင်းများအတွက် တိုးမြှင့်ချေးငွေကျပ် ၁၉၄၂ ဒသမ ၁၁ သန်း စုစုပေါင်းကျပ်သန်း ၃၅၅၃ ဒသမ ၆၀ ကို အတိုးတစ်လလျှင် ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ယခင်ထုတ်ချေးပေးထားသည့် ငွေကျပ် ၆၆၈ ဒသမ ၁၆ သန်းနှင့် ချေးငွေသစ်များ ပေါင်းပါက စုစုပေါင်းကျပ် ၄၂၂၁ ဒသမ ၇၆ သန်းကို ထောက်ပံ့ပေးနိုင်ပြီဖြစ်၍ ပြည်သူများအတွက် တစ်လလျှင် ကျပ် ၃၇၁ ဒသမ ၂၉ သန်းကျော် အတိုးနှုန်းထားသက်သာမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဇွန် ၆ ရက်တွင် ကျင်းပသည့် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေးအခမ်းအနား၌ ပြောသည်။

ယခင်ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ပြီးပါက ယခုအတိုးနှုန်းသစ်ဖြင့် တစ်ပြေးညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အသင်းသား ၆၀၄ ဦးအတွက် လယ်ယာသုံးနှင့် လုပ်ငန်းသုံးစက်ပစ္စည်း ၆၀၄ ခုကို အရစ်ကျစနစ်(Hire Purchase)ဖြင့်ဝယ်ယူနိုင်ရန် ကျပ် ၁၃၆၇ ဒသမ ၅၅ သန်းကိုလည်း ပံ့ပိုးပေးထားကြောင်း၊ ယနေ့အခမ်းအနားတွင် တောင်ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးပစ္စည်းနှင့် အခြားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်အောင် ဆောင်ရွက်ထားကြောင်းလည်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေး အခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့်အမျှ အသင်းသားများ၏ စုဆောင်းငွေ၊ အရင်းအနှီး၊ ကိုယ်ပိုင်စက်ကိရိယာများနှင့် တစ်ပိုင်တစ်နိုင်ရပ်တည်လာနိုင်မည်ဖြစ်ပြီး မိမိအကျိုးသာမက အများအကျိုး နိုင်ငံတော်အကျိုးကိုပါဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်းနှင့် ဖားကန့်မြို့နယ်များမှ သမဝါယမအသင်း ၃၅၅ သင်းသို့ ပံ့ပိုးငွေကျပ် ၃၅၂၉ ဒသမ ၂၈ သန်းကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူ၊ ပူတာအိုနှင့် မချမ်းဘောမြို့နယ်များရှိ ၁၉၈ သင်းသို့ ပံ့ပိုးငွေကျပ် ၁၃၉၁ ဒသမ ၈၇ သန်းကို ဒုတိယဝန်ကြီးကလည်းကောင်း၊ မြို့နယ် ၁၁ မြို့နယ်ရှိ အသင်း ၁၀၃ သင်းမှ အသင်းသား ၆၀၄ ဦးအား လယ်ယာသုံးနှင့် လုပ်ငန်းသုံးစက်ကိရိယာ အစီးရေ ၆၀၄ စီးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရန် ပံ့ပိုးငွေကျပ် ၁၃၆၇ ဒမသမ ၅၅ သန်းကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းကလည်းကောင်း သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ရာ စုစုပေါင်းပံ့ပိုးချေးငွေ ကျပ် ၄၉၂၁ ဒသမ ၅၅ သန်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ မြို့နယ်များမှ သမဝါယမအသင်းသား အသင်းသူများနှင့် ဒေသခံတောင်သူများသည် အရစ်ကျစနစ်ဖြင့် ရောင်းချရန် ပြည်နယ်အားကစားဝင်းအတွင်း ခင်းကျင်းပြသထားသည့် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ အင်ဂျင်စက်များ၊ Truck ကားများနှင့် ရက်ကန်းစက်များစသည့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်တန်း အောင်ချက် ၃၈ ရာနှုန်းကျော်ရှိ

**မန္တလေး ဇွန် ၈**

ယခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို ဇွန် ၆ ရက်မနက်ပိုင်းက ထုတ်ပြန်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး၌ ဖြေဆိုခဲ့သည့် ကျောင်းသား ၈၇၂၀၁ ဦးအနက် ၃၃၆၂၅ ဦးအောင်မြင်ခဲ့ကာ အောင်ချက် ၃၈ ဒသမ ၅၆ ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် ဂုဏ်ထူးရသူစုစုပေါင်း ၇၀၀၀ နီးပါးရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်အောင်ချက်ရာခိုင်နှုန်းမှာ ၃၄ ဒသမ ၄၀ သာရှိခဲ့သဖြင့် ယခုနှစ်တွင် အောင်ချက် ၄ ဒသမ ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဘာသာစုံဂုဏ်ထူးရသူ ၁၉၂ ဦး၊ ငါးဘာသာ ဂုဏ်ထူးရသူ ၄၃၂ ဦး၊ လေးဘာသာဂုဏ်ထူးရသူ ၈၉၆ ဦး၊ သုံးဘာသာ ဂုဏ်ထူးရသူ ၈၂၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရသူ ၁၂၀၉ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရသူ ၃၃၈၅ ဦး၊ စုစုပေါင်း ဂုဏ်ထူးရသူ ၆၉၄၃ ဦးရှိသည်။

ခရိုင်အလိုက် ဖြေဆိုအောင်မြင်မှုအနေဖြင့် မန္တလေးခရိုင်တွင် ၂၆၄၇၁ ဦး ဖြေဆိုခဲ့ပြီး ၁၁၄၇၃ ဦး အောင်မြင်သဖြင့် အောင်ချက် ၄၃ ဒသမ ၃၄ ရာခိုင်နှုန်းရှိကာ ဘာသာစုံဂုဏ်ထူးရသူ ၁၄၃ ဦး၊ ငါးဘာသာဂုဏ်ထူးရသူ ၂၆၇ ဦး၊ လေးဘာသာ ဂုဏ်ထူးရသူ ၄၈၆ ဦး၊ သုံးဘာသာ ဂုဏ်ထူးရသူ ၃၉၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရသူ ၅၇၈ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရသူ ၁၁၉၂ ဦး စုစုပေါင်း ဂုဏ်ထူးရသူ ၃၀၆၇ ဦးရှိသည်။

ပြင်ဦးလွင်ခရိုင်တွင် ၁၄၅၄၈ ဦးအနက် ၅၆၆၉ ဦး အောင်မြင်ခဲ့ပြီး အောင်ချက် ၃၈ ဒသမ ၉၇ ရာခိုင်နှုန်းရှိကာ ဂုဏ်ထူးရသူ ၁၀၆၅ ဦးရှိသည်။

ကျောက်ဆည်ခရိုင်တွင် ၇၃၆၁ ဦး အနက် ၂၄၄၆ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ၃၃ ဒသမ ၂၃ ရာခိုင်နှုန်းနှင့် ဂုဏ်ထူးရသူ ၃၄၅ ဦးရှိသည်။

မြင်းခြံခရိုင်တွင် ဖြေဆိုသူ ၁၀၉၂၀ ဦး အနက် ၃၂၂၄ ဦး အောင်မြင်ခဲ့ပြီး ၂၉ ဒသမ ၅၂ ရာခိုင်နှုန်း အောင်ချက်ရှိကာ ဂုဏ်ထူးရသူ ၅၆၀ ရှိသည်။ မြင်းခြံခရိုင်သည် အောင်ချက်အနည်းဆုံးခရိုင်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးခရိုင်တွင် ၉၀၆၃ ဦး ဖြေဆိုသည့်အနက် ၃၂၇၈ ဦး အောင်မြင်သဖြင့် အောင်ချက် ၃၆ ဒသမ ၁၇ နှင့် ဂုဏ်ထူးရသူ ၄၅၇ ဦး ရှိသည်။

မိတ္ထီလာခရိုင်တွင် ၁၂၈၇၁ ဦးအနက် ၅၅၇၃ ဦး အောင်မြင်ပြီး အောင်ချက် ၄၃ ဒသမ ၃၀ ရာခိုင်နှုန်းရှိကာ ၁၂၀၅ ဦး ဂုဏ်ထူးရရှိသည်။

ရမည်းသင်းခရိုင်တွင် ၅၉၆၇ ဦးအနက် ၁၉၆၂ ဦး အောင်မြင်သဖြင့် ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းအောင်မြင်ခဲ့ကာ ဂုဏ်ထူးရသူ ၂၄၆ ဦးရှိကြောင်း ပညာရေးဦးစီးဌာနမှ သိရသည်။

ခရိုင်များအနက် မန္တလေးခရိုင်သည် အောင်ချက်အကောင်းဆုံးနှင့် ဂုဏ်ထူးရသူအများဆုံးဖြစ်ကာ ဂုဏ်ထူးရသူဦးရေ၏ တစ်ဝက်နီးပါးမှာ မန္တလေးခရိုင်အတွင်းမှ ဖြစ်သည်။ ဘာသာစုံဂုဏ်ထူးရှင် ဦးရေမှာလည်း မန္တလေးခရိုင်က အများဆုံးဖြစ်ကာ အနည်းဆုံးမှာ မြင်းခြံနှင့် ရမည်းသင်းခရိုင်များဖြစ်ပြီး တစ်ဦးစီသာရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထက(၁၆) စာဖြေဌာနတွင် ဝင်ရောက်ဖြေဆိုခဲ့သည့် ဘာသာစုံဂုဏ်ထူးရ ကျောင်းသူလေးဦးကို အောင်စာရင်းကြည့်ပြီးချိန် တွေ့ရစဉ်။


## အလုပ်ကြိုးစားလုပ်ကိုင်လိုသော ဝန်ထမ်းကောင်းများ အမြန်အလိုရှိသည်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်နိုင်မည့် အရည်အချင်းမြင့် လူငယ်(ကျား/မ)ဝန်ထမ်းကောင်းများ အလိုရှိသည်။

လူငယ်များအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ၊ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(၄င်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့်ရည်မှန်းချက် အပြည့်အစုံ စသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်ဆဲ ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) | Warehouse Operation | မန္တလေး | ကျား ၂၀ဦး |
| (၂) | Warehouse Documentation | မန္တလေး | ကျား/မ ၁၀ဦး |
| (၃) | Logistics Assistant | ရန်ကုန်/မန္တလေး | ကျား/မ ၂၀ဦး |
| (၄) | Logistics Officer | ရန်ကုန်/မန္တလေး | ကျား/မ ၅ ဦး |

အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Center Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။

၃။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅။ ၂၀၁၅ ဇူလိုင်လတွင် တန်းခွဲသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 730 31302, 01 504632

# ၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲတွေလာပြီ

❐ မိုးမြင့်လင်းလက် ❐

၂၀၁၈ ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲတွေကို ဇွန် ၁၁ ရက်မှာ စတင်ကစားကြမှာဖြစ်ပါတယ်။ ခြေစွမ်းအဆင့်အတန်းတိုးတက်လာကြတဲ့ အာရှအသင်းတွေဟာ တစ်ဖက်စောင်းနင်း အနိုင်ယူ၊ အရှုံးပေးရတဲ့အနေအထားမဟုတ်တော့တဲ့အတွက် ပွဲစဉ်တိုင်း အကြိတ်အနယ်ရှိလာနေပြီဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားစင်မြင့်ကို တက်ရောက်ကြမယ့် အာရှအသင်းတွေရဲ့ကြိုးစားအားထုတ်မှုကို အားပေးသုံးသပ်ခွင့်ရဦးမှာဖြစ်ပါတယ်။

## အိန္ဒိယနှင့် အိုမန်

အာရှဇုန်ခြေစစ်ပွဲရဲ့ အုပ်စု(D) မှာ ပါဝင်တဲ့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် အိုမန်တို့က ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ အိန္ဒိယရဲ့နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်လည်း တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ အိုမန်တို့ကလည်း ပွဲရလဒ်ကောင်းဖို့ အားထုတ်မှုလျှော့လို့မရတာမို့ အိုမန်တို့ပဲ နိုင်ပွဲရယူသွားမယ်လို့ ယူဆပါတယ်။

## ဂူအမ်နှင့် တာ့မင်နစ္စတန်

တစ်ပွဲတိုးကစားတတ်တဲ့ တာ့မင်နစ္စတန်တို့ဟာ ဂူအမ်ကို တွန်းတွန်းတိုက်တိုက်နဲ့ ဖိအားပေးကစားဖို့ ကြိုးစားပါလိမ့်မယ်။ တာ့မင်နစ္စတန်တို့က လာအိုကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပေမယ့် ဖိလစ်ပိုင်နဲ့ အာဖဂန်နစ္စတန်တို့ကိုတော့ ရှုံးပွဲကြုံထားပါတယ်။ ဂူအမ်တို့ကတော့ စင်ကာပူလိုအသင်းကို နှစ်ဂိုးစီသရေကစားထားခဲ့ပေမယ့် ခြေစွမ်းက အတက်အကျမြန်တာမို့ ယုံကြည်လို့မရပါဘူး။ တာ့မင်နစ္စတန်တို့ နိုင်ပွဲဖြစ်သွားပါလိမ့်မယ်။

## မလေးရှားနှင့် အရှေ့တီမော

ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူခဲ့ပေမယ့် အိုမန်ကို ခြောက်ဂိုးပြတ်ရှုံးထားတဲ့ မလေးရှားရဲ့ ခြေစွမ်းကလည်း စိတ်ပူပင်စရာတော့ ကောင်းနေပါတယ်။ ပါဝါသုံးကစားနိုင်ပေမယ့် အဆုံးသတ်ပိုင်းနဲ့ တစ်ဦးချင်း ကျွမ်းကျင်မှုပိုင်းအားနည်းတဲ့ တီမောကို မလေးရှားတို့ အနိုင်ရအောင်ကြိုးစားပါလိမ့်မယ်။ လက်ရှိမလေးရှားရဲ့ ခြေစွမ်းက တီမောကို အသာစီးရယူနိုင်တဲ့ အနေအထားရှိနေတာအမှန်ပါပဲ။



အာဆီယံဒေသတွင်းမှ ပြိုင်ဘက်များဖြစ်သော မြန်မာနှင့် လာအိုတို့လည်း ခြေစစ်ပွဲတွင် တွေ့ဆုံစဉ်။

## ကမ္ဘောဒီးယားနှင့် စင်ကာပူ

ခြေစွမ်းပိုင်းတိုးတက်လာတဲ့ ကမ္ဘောဒီးယားကို စင်ကာပူတို့ လျှော့တွက်လို့တော့မရပါဘူး။ စင်ကာပူဟာ ၂၀၁၄ ခုနှစ်က ကမ္ဘောဒီးယားနဲ့ တွေ့ဆုံခဲ့တဲ့ပွဲမှာ လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရယူထားပါတယ်။ ကမ္ဘောဒီးယားဟာ မကာအို၊ လာအိုတို့ သရေပွဲတွေကစားထားနိုင်ပြီး အခုလောလောဆယ်မှာလည်း အသင်းလိုက် ကစားပုံကောင်းမွန်နေတာမို့ စင်ကာပူတို့နိုင်ရင်တောင် ရလဒ်မပြတ်နိုင်ပါဘူး။

## ဖိလစ်ပိုင်နှင့် ဘာရိန်း

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဘာရိန်းတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဖိလစ်ပိုင်ရဲ့ ခြေစွမ်းက လောလောဆယ်မှာ အားရစရာတော့မရှိပါဘူး။ ဒါပေမယ့် ဘာရိန်းတို့ကလည်း ကစားသမားစုဖွဲ့မှုအပိုင်းမှာ လိုအပ်ချက်တွေရှိနေတာမို့ ဖိလစ်ပိုင်တို့ သေသေချာချာအားထည့်ကစားရင် အခြေအနေကောင်းနိုင်ပါတယ်။

## ဘင်္ဂလားဒေ့ရှ်နှင့် ကာဂျစ္စတန်

ဘင်္ဂလားဒေ့ရှ်အသင်းဟာ ခြေစွမ်းပိုင်းတိုးတက်မှု သိသာထင်ရှားတာမရှိသေးပါဘူး။ ကာဂျစ္စတန်တို့ကတော့ ဘင်္ဂလားဒေ့ရှ်နဲ့ နှစ်ကြိမ်ဆုံတွေ့ခဲ့တဲ့ရလဒ်ကတော့ နှစ်ကြိမ်စလုံးနိုင်ပွဲရယူထားနိုင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်တို့က သီရိလင်္ကာကို နိုင်ပွဲရထားပေမယ့် စင်ကာပူကိုတော့ ရှုံးထားပါတယ်။ ကာဂျစ္စတန်တို့ကတော့ ကာဇက်စတန်နဲ့ တရုတ်တို့ကိုရှုံးထားပြီး ရလဒ်ကောင်းအောင် ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။

## လာအိုနှင့် မြန်မာ

မြန်မာနဲ့ရင်ဆိုင်ကြုံတွေ့တိုင်း လာအိုတို့ ရလဒ်မကောင်းတတ်ပါဘူး။ မြန်မာတို့က ခြေစွမ်းကောင်းမွန်နေတာမို့ ရလဒ်တွေလည်း ကောင်းနေပါတယ်။ ဒီပွဲမှာ မြန်မာတို့နိုင်ပွဲကို ဖော်ဆောင်ပြီး သုံးမှတ်အပြည့်ယူနိုင်မယ့်ပွဲဖြစ်ပါတယ်။ ။



# ဘော်ဘီချာလ်တန်ရဲ့ ဂိုးသွင်းစံချိန်ကိုချိုးမယ့် ရွန်းနေ

ဥရောပလိဂ်ပွဲစဉ်များပြီးဆုံးချိန် ချစ်ကြည်ရေးပွဲများ စတင်ကစားတော့မှာဖြစ်ပါတယ်။ အင်္ဂလန်တိုက်စစ်မှူး ရွန်းနေက သူ့အနေနဲ့ ဘော်ဘီချာလ်တန်ရဲ့ အင်္ဂလန်အသင်းအတွက် စံချိန်တင် သွင်းယူထားတဲ့ဂိုးကို ကျော်ဖြတ်နိုင်ဖို့ ကြိုးစားသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ မန်ယူတိုက်စစ်မှူး ရွန်းနေအနေနဲ့ ဘော်ဘီချာလ်တန်ရဲ့ အင်္ဂလန်အသင်းအတွက် သွင်းယူခဲ့တဲ့ ဂိုးအများဆုံးစံချိန် ၄၉ ဂိုးကိုမီဖို့ နှစ်ဂိုးသာလိုတော့တယ်လို့ ဆိုပါတယ်။ လာမယ့် ချစ်ကြည်ရေးပွဲတွေမှာ ရွန်းနေအနေနဲ့ နှစ်ဂိုးသွင်းယူနိုင်မယ်ဆိုရင်တော့ ဘော်ဘီချာလ်တန်ရဲ့ သွင်းဂိုးစံချိန်ကို အမီလိုက်နိုင်ပြီဖြစ်ပါတယ်။ လာမယ့် သီတင်းပတ်ထဲမှာ ချစ်ကြည်ရေးပွဲတွေအပြင် ယူရို ၂၀၁၆ ခြေစစ်ပွဲတွေပြန်လည်စတင်ဖို့ရှိပါတယ်။ လာမယ့်ပွဲတွေမှာ တိုက်စစ်မှူး ရွန်းနေအနေနဲ့ ဂိုးတွေသွင်းယူမယ့်အနေအထားရှိပါတယ်။ ရွန်းနေဟာ အင်္ဂလန်အသင်းနဲ့အတူ ပွဲပေါင်း ၁၀၄ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။

**ကောင်းမြတ်သူ – စုစည်းသည်။**

# ဟယ်ရီကိန်းကိုခေါ်ယူဖို့ မန်ယူကြိုးစားနေ

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကို မန်ယူက ပေါင်သန်း ၅၀ ပေးပြီး ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သတင်းများထွက်ပေါ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ စပါးအသင်းနဲ့အတူ ခြေစွမ်းပြခဲ့တဲ့ လူငယ်တိုက်စစ်မှူး ဟယ်ရီကိန်းကို နည်းပြဗန်ဟားလ်က အရခေါ်ယူသွားမယ့် အနေအထားရှိပါတယ်။ ဗန်ဟားလ်အနေနဲ့ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ ဟယ်ရီကိန်းကို ဟာနန်ဒက်ဇ်၊ နာနီတို့နဲ့ အစားထိုးမယ့် အနေအထားရှိပါတယ်။ ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ ဂိုးပေါင်း ၃၀ အထိသွင်းယူနိုင်ခဲ့တဲ့အတွက် ခေါ်ယူဖို့ အတော်လေးစိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ မန်ယူက ဟယ်ရီကိန်းကို တစ်ပတ်ပေါင် ၃၅၀၀၀ နဲ့ ငါးနှစ်ခွဲစာချုပ်ဖို့ စဉ်းစားနေပြီလို့ ဆိုပါတယ်။

မန်ယူမှာ ပြီးခဲ့တဲ့ရာသီက နာမည်ကြီး ကစားသမားတွေရှိခဲ့ပေမယ့် ဂိုးသွင်းနိုင်မှုအားနည်းခဲ့ပါတယ်။ ဒီအတွက် ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးကောင်းတစ်ဦး အလိုရှိနေပါတယ်။ လာမယ့်ရာသီအတွက် နည်းပြဗန်ဟားလ်အနေနဲ့ မန်ယူရဲ့ တိုက်စစ်ကို ပြန်လည်တည်ဆောက်ရာမှာ ဟယ်ရီကိန်းလည်း ပါဝင်လာဖွယ်ရှိပါတယ်။





# ရီးရဲမက်ဒရစ်သို့ ပြန်လိုတဲ့ ဟာနန်ဒက်ဇ်

ရီးရဲမက်ဒရစ်သို့ တစ်နှစ်ကြာအငှားသွားရောက်သွားကစားခဲ့တဲ့ ဟာနန်ဒက်ဇ်ဟာ လာမယ့်ရာသီမှာ ဘယ်အသင်းမှာ ကစားရမယ်ဆိုတာ မသိသေးပါဘူး။ သူ့အနေနဲ့ကတော့ ရီးရဲမက်ဒရစ်မှာပဲ ဆက်လက်ကစားလိုတယ်လို့ ဆိုပါတယ်။ မက္ကဆီကိုကစားသမား ဟာနန်ဒက်ဇ်ဟာ အားလပ်ရက်များအပြီး မန်ယူသို့ ပြန်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာသီကတော့ မန်ယူနည်းပြ ဗန်ဟားလ်က ဟာနန်ဒက်ဇ်ကို အလိုမရှိခဲ့ပါဘူး။ ဟာနန်ဒက်ဇ် မန်ယူမှာ ဆက်ရှိဖို့ဆိုတာ နည်းပြဗန်ဟားလ်အပေါ်မှာ မူတည်နေပါတယ်။ တိုက်စစ်မှူး ဟာနန်ဒက်ဇ်အနေနဲ့ ရီးရဲမက်ဒရစ်မှာ ဆက်လက်ကစားဖို့ နည်းပြသစ်ဖြစ်လာတဲ့ ဘင်နီတက်ဇ်နဲ့ ဆွေးနွေးနေတယ်လို့ ဆိုပါတယ်။ လောလောဆယ်မှာတော့ ဟာနန်ဒက်ဇ်ဟာ မက္ကဆီကိုအသင်းနဲ့အတူ ချီလီနိုင်ငံမှာ ကျင်းပမယ့် ကိုပါအမေရိကဖလားပွဲမှာ ကစားဖို့ ရောက်နေပါတယ်။ နိုင်ငံကိုယ်စား ပြိုင်ပွဲများအပြီးမှာတော့ ဟာနန်ဒက်ဇ်ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

# PERTAMINA LUBRICANTS

## ဖြန့်ဖြူးရောင်းချရန်အတွက် အရောင်းကိုယ်စားလှယ် ရှာဖွေခြင်း

မြန်မာပြည်တွင်းရှိ ပြည်နယ်နှင့်တိုင်းအသီးသီး(ရန်ကုန်နှင့် မွန်ပြည်နယ်မှအပ)တွင် PERTAMINA LUBRICANTS ဖြန့်ဖြူးရောင်းချရန်အတွက် စိတ်ပါဝင်စားသူများ အောက်ပါအချက်အလက်များကို ပြည့်စုံစွာဖြည့်ပြီး ၃၀-၆-၂၀၁၅ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ပေးပို့ရပါမည်။

မှတ်ချက်။ ။ပြည်နယ်နှင့်တိုင်းတစ်ခုစီအတွက် ကိုယ်စားလှယ်တစ်ဦးစီသာပေးမည်။

အသေးစိတ်သိလိုသည်များကို Tel: 09 73019900, 01 653021 သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁)အမည် (၂)မှတ်ပုံတင်အမှတ် (၃)နေရပ်လိပ်စာ

(၄)လုပ်ငန်းအမျိုးအစား(လုပ်ငန်းနှင့်ပက်သက်သောအချက်အလက်များ)

**လိပ်စာ - အမှတ်(ဂ၂-A)ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကျွမ်းကျင်ပညာရှင်များ အလိုရှိသည်

ပန်းပေါင်းဘုရားဆင်းတုတော်များကို ကျွမ်းကျင်စွာ ထုဆစ်နိုင်သောပညာရှင်များနှင့် ရွှေအစစ်ကို ကျွမ်းကျင်စွာ ရွှေချပူဇော်နိုင်သော ပညာရှင်များ အလိုရှိပါသည်။

| | | |
|---|---|---|
| ဉာဏ်တော်အမြင့် ၈လက်မ (သို့) ၉လက်မ | | ၅၀၀ ဆူ |
| ဉာဏ်တော်အမြင့် ၁၈လက်မ | | ၁၀ ဆူ |
| | ၃၆ လက်မ | ၁၀ ဆူ |

ထုဆစ်ပူဇော်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၅၁၀၄၀၈၅၊ ၀၉-၇၉၈၄၈၅၁၇၈**

## အမြန်အလိုရှိသည်

တရုတ်စကားပြန် **ကျား/မ ၅ ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံတွင် လုပ်ကိုင်ရမည်။

နေ/စား စရိတ်ငြိမ်း စီစဉ်ပေးမည်။

လစာကို ညှိနှိုင်းပေးမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၅၉၈၇၅၅၆ ၀၉-၇၉၈၄၈၅၁၇၈**

ဝါ့ဆိုသက်န်းများကိုဝယ်ယူလှူဒါန်းနိုင်ကြပါစေ။

***စိစိထံဆိပ်နှင့်ရောင်းချလိုသော သင်္ကန်းဆိုင်ရှင်များထို လက်ကားဈေးနှင့် ရောင်းပေးဝါသည်။***

**သုခချမ်းသာသင်္ကန်းတိုက်**

☎:01-512443,09-73017656,09-5055574,09-799933315

## ငြင်းချက်ထုတ်ရန် သမ္မာန်စာ

တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀
ပဲခူးမြို့နယ်တရားမရုံး၌
၂၀၁၅ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၂

၁။ဦးကျော်သီဟ ၂။ဒေါ်အေးမိုးဦး — တရားလိုများ
နှင့်
၁။ဦးမောင်တင် ၂။ဒေါ်တန် ၃။ဒေါ်ဝင်းနု — တရားပြိုင်များ

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၅)လမ်း၊ အမှတ်(၇၅၃/၁)နေ ၁။ ဦးမောင်တင်၊ ၂။ ဒေါ်တန်၊ ၃။ ဒေါ်ဝင်းနု(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေကွက်အား လက်ရှိဖြစ်သူက ပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးစေလိုသူ ရလိုကြောင်းဖြင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ဖြေဆိုပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ဖြေဆိုပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ(၂၃)ရက် (၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်) နေ့မွန်းမတည့်မီ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီမိုးငြိမ်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပဲခူးမြို့နယ်တရားရုံး

**မဆလာ** (ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ ဝက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

**မိတ်ကပ် ညီညီမောင် (စမ်းချောင်း)** B.Sc (Botany)

မိတ်ကပ်၊ ဆံထုံးသင်တန်း ဇူလိုင်(၁)ရက်နေ့ စဖွင့်ပါမည်။

အမှတ်(၆၁)၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၂၃၇၆၊ ၀၉ ၄၂၅၂၈၅၀၂၅

**Photo ATK**
Creator Group
DIGITAL PHOTO & VIDEO STUDIO

- Graduate photo
- Wedding & Pre-wedding ရိုက်ကူးခြင်းများကို လူကြီးမင်းတို့စိတ်တိုင်းကျ ဆောင်ရွက်ပေးပါမည်။

အမှတ်(၄၂)၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၄၂၀၀ ၂၉၇၃၇

**ဦးယျာဉ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ**

***DSMA, DSTA, DSA*** အင်္ဂလိပ်၊ သင်္ချာ၊ ဓါတု၊ အထွေထွေ

တာမွေ၊ရွှေဗဟိုလ်အထူးကုရှေ့။ 09 5114804, 09 420042800

## အမည်ပြောင်း

ဦးနေလင်းထက်၏သမီး အထက(၁) သင်္ဃန်းကျွန်း အဌမတန်းမှ မသက်ဦးစံအား ယနေ့မှစ၍ မသီရိရတနာဟု ပြောင်းလဲခေါ်ပါရန်။

မသီရိရတနာ

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၄-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၁၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတောင်ဥက္ကလာပမြို့နယ်ဦးသက်ဝေ+၂၏ဂရန်သစ်တွင်မြေကွက်အမှတ်(၆၉၆)အစား(၆၉၆/က)ဟုပြင်ဆင်ဖတ်ရှုပါရန်။

**ပို့ပေးမှာပဲဗျို့**

မိုးရွာရွာ နေပူပူ ချန်ပီယံကတော့ တာဝန်ယူပို့ပေးမှာပဲဗျို့
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါင်မုန့်ဆိုင်

# CHINDWIN COLLEGE
*helping you engineer your future*

## CHINDWIN BUSINESS SCHOOL



- 2015 2nd intake အတန်းများအတွက် စတင် အပ်နှံနိုင်ပါပြီ။
- ၁၀တန်းအောင်ပြီးသူများ ပထမနှစ်တက်နေသူများ၊ Foundation တန်း တက်ရောက်နိုင်သည်။ Foundation ပြီးလျှင် Management, Accounting, Hospitality ၃မျိုးရွေးချယ်ခွင့်ရှိသည်။
- - Foundation ပြီးသူများ
  - ဒုတိယနှစ်တက်နေသူများ
  - LCCI Level 3 ပြီး သူများ
  - ABE Advanced Diploma ပြီးသူများ

  BTEC Higher National Diploma လ၂၀သင်တန်းတက်ရောက်နိုင်သည်။
- BTEC HND ပြီးလျှင် UK တက္ကသိုလ်များတွင်ဖြစ်စေ၊ Chindwin TU International College တွင်ဖြစ်စေ နောက်ဆုံးနှစ် တက်ရောက်နိုင်သည်။

www.facebook.com/chindwincollege

**Yangon** | No. (75), Thein Phyu Road, (Lower Block), Botahtaung Township, Yangon. ☎ 01 297673, 298137

**Mandalay** | Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 72179, 74179

# သခွတ်တနယ် ဘုရားကြီး

မောင်သာ(ရှေးဟောင်းသုတေသန)

*ယခင်အပတ်မှအဆက်*

ဘုရားကြီးကျေးရွာ ဘုရားကြီးတိုက် ဦးစီးနာယက ဆရာတော်ဘဒ္ဒန္တဉက္ကံသက ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာလက်ရာများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားမှသာ နောင်လာနောက်သားများသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာအဆင့်အတန်း မြင့်မြင့်မားမားတည်ရှိခဲ့မှုကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း မိန့်ကြားခဲ့ဖူးပေသည်။

ကျောက်ထွင်းရုပ်ကြွများကို လူတစ်ရပ်ခန့်မြင့်သော အင်္ဂတေနံရံများ၏ တစ်ဖက်စီတွင်ကပ်ထားသည်။ ထိုအင်္ဂတေနံရံများကို ပြတိုက်အတွင်းတွင် ခန်းဆီးများအဖြစ် စိုက်ထူထားသည်။ တစ်တန်းလျှင် ကျောက်ထွင်းရုပ်ကြွကားချပ် ၂၈ ချပ်စီရှိသော အတန်း ၁၀ တန်း၊ တစ်တန်းလျှင် ရုပ်ကြွ ၁၆ ချပ်စီရှိသော အတန်းနှစ်တန်း စုစုပေါင်း အင်္ဂတေနံရံ အတန်း ၁၂ တန်းတွင် ရုပ်ကြွ ၃၁၂ ချပ်ပြသထားသည်ကို တွေ့မြင်ရသည်။ သဲကျောက်ပြားတစ်ခုစီပေါ်တွင် ရာမဇာတ်လာဇာတ်ကွက်များကို ဖောင်းကြွထုလုပ်ထားပြီး အရုပ်များသည် လက်မဝက်ခန့် ကြွတက်နေပေသည်။ အချို့အရုပ်များကို ဆေးအနီရောင်သုတ်လိမ်းထားသည်။ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် မြန်မာတို့၏ ၁၉ ရာစုအလယ် လက်ရာများအဖြစ် ဝင့်ထယ်စွာတည်ရှိနေပေသည်။ အများစုမှာမူလအနေအထားအတိုင်း ကောင်းမွန်စွာရှိနေပြီး ကျောက်ချပ်အချို့မှာ ဖောင်းကြွရုပ်များ ပဲ့ကြွေနေသည်ကိုလည်းကောင်း၊ ပက်ကြားများ အက်နေသည်ကိုလည်းကောင်း တွေ့ခဲ့ရသည်။

ကျောက်ရုပ်ကြွအချို့တွင် ဇာတ်ကွက်တစ်ခုစီ၏ အပေါ် အင်္ဂတေနံရံပေါ်၌ အမှတ်စဉ်များရေးထိုးထားပြီး အချို့ကျောက်ပြားများပေါ်တွင် ဇာတ်ကွက်အမည်များကို ရေးထိုးထားသည်။ သီတာမိဖုရား၊ ဟနုမာန်၊ မှော်ရုံဝင်၊ လက်စွပ်ဆက်စသည်ဖြင့် စာလုံးဝိုင်းများရေးထားသည်ကို ရှင်းလင်းပီသစွာ မြင်ကြရပေသည်။

ရာမ၊ လက္ခဏနှင့် မယ်သီတာတို့၏ ဇာတ်လမ်းဖြစ်သည့် ရာမဇာတ်တော်သည် မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုစသည့် အရှေ့တောင်အာရှနိုင်ငံများတွင် ထင်ရှားသည့် ဇာတ်တော်တစ်ခုဖြစ်သည်။ ဇာတ်လမ်းမူကွဲများသည် နိုင်ငံအသီးသီးတွင် ရှိကြသော်လည်း အဓိကဇာတ်ကျောရိုးမှာမူ အတူတူပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရာမဇာတ်တော်ကို ကပြကြသကဲ့သို့ ယင်းနိုင်ငံများတွင်လည်း ကပြလေ့ရှိကြသည်။

ရာမဇာတ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကရှိခဲ့သည့် ဇာတ်လမ်းဖြစ်သော်လည်း ဘုရားကြီးမှ ရာမဇာတ်ကွက်များကို ပန်းပုဆရာက ၁၉ ရာစုအလယ်၊ ကုန်းဘောင်ခေတ် ဝတ်စားဆင်ယင်ပုံများဖြင့် ထုထားခြင်းဖြစ်သဖြင့် ထိုခေတ်ကာလယဉ်ကျေးမှုလက္ခဏာများကို လေ့လာနိုင်ကြသည်။ ရုပ်ကြွများသည် လက်ရာမြောက်ကာ အသက်ဝင်လှပနေကြပြီး ၁၉ ရာစုအလယ်ပိုင်း မြန်မာ့ယဉ်ကျေးမှုအနုလက်ရာများကို ပီပြင်ထင်ရှားစွာဖော်ပြနေပေသည်။



ဘုရားကြီးဝင်း၏ အရှေ့မြောက်ထောင့်တွင် ဆရာတော်ဦးညေယျ တည်ထားခဲ့သည့် ရှေးဟောင်းကျောင်းတော်ကြီးကို ယနေ့တိုင်မြင်တွေ့နိုင်သည်။ မူလက ပေ ၅၀ ပတ်လည်ရှိခဲ့သည်ဟု ဆိုသော်လည်း ရှေးဟောင်းသုတေသနကျောင်းသားများ တိုင်းထွာကြည့်ရာတွင် အလျား ၄၂ ပေ ကိုးလက်မ၊ အနံ ပေ ၄၀ ကိုးလက်မခန့်ရှိကြောင်း တွေ့ရသည်။ ကျောင်းကြီးသည် အမိုးများမရှိတော့သည့်အပြင် မျက်နှာစာအုတ်နံရံများ ကွဲအက်နေကာ အနောက်ဘက်သို့ အနည်းငယ်ယိုင်နေသည်။ တံခါးရွက်များကိုလည်း မတွေ့ရှိရတော့ပါ။ သို့သော်လည်း ခမ်းနားစွာတည်ဆောက်ထားသည့် ကျောင်းကြီး၏ ဝင်ပေါက်အမိုးခုံးများ၊ အမိုးတန်းအောက်နဖူးစီးအနုလက်ရာများ၊ ကနုတ်များ၊ အမိုးပိတ်နဖူးစီးပန်းပုရုပ်များကို တွေ့မြင်ကြရပေသည်။ ကျောင်းတိုက်ကြီးအတွင်း ခေါင်းရင်းပိုင်း (တောင်ဘက်)တွင် ဘုရားစင်ပလ္လင်ခုံလုံးကိုတွေ့ရှိကြရသည်။ ရုပ်ပွားတော်ကိုကား မတွေ့ရှိခဲ့ရပါချေ။

ကျောင်းတိုက်အိုကြီး၏အတွင်း နံရံများပေါ်တွင် ရောင်စုံဆေးရေးပန်းချီများကိုတွေ့ရသည်။ သို့သော်လည်း ဆေးရေးပန်းချီများ ရေးဆွဲထားသည့် အင်္ဂတေသားအချို့မှာကွာကျနေကာ ဆေးရေးပန်းချီများမှာ ပျက်စီးနေပြီဖြစ်သည်။ ပလ္လင်ပေါ်မှ မင်းသမီးတစ်ပါးကို ပလ္လင်ပေါ်မှဆင်းရန် မင်းသားဖြစ်ဟန်တူသူနှင့် နောက်ပါတစ်ယောက်က လက်ကမ်းနေသည့်ပုံကို ထင်ထင်ရှားရှားတွေ့ရသည်။ တစ်နေရာတွင် ဆေးရေးပန်းချီကားအောက်ဝယ် အနက်ရောင်စာလုံးဝိုင်းရေးထိုးထားသည့် မင်စာများကို မြင်ရသည်။ "ဟိမဝန္တာသို့လာသည်တွင်" ဟူသည့် စာသားမှလွဲ၍ ကျန်စာသားများမှာ သဲကွဲမှုမရှိသဖြင့် တိကျစွာမဖတ်နိုင်ခဲ့ပါချေ။

ဘုရားကြီး၏ အရှေ့မြောက်ထောင့်တွင်ရှိသည့် အဆောက်အအုံဟောင်းတစ်ခုသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မူလက မြေစိုက်အဆောက်အအုံဇရပ်တစ်ခုဟုယူဆရပြီး ယခုအခါတွင် အုတ်တံတိုင်းအသစ်ကာရံထားသည်။ နှစ်ထပ်အမိုးမှာ မူလလက်ရာများဖြစ်နိုင်သည်။ ဝင်ပေါက်အဆုံးတွင် ဘုရားဆောင်နေရာဟောင်းကို တွေ့ရှိရသည်။ အဆောက်အအုံအတွင်းတွင် တိုင်ပေါင်း ၂၈ တိုင်ရှိပြီး တိုင်တစ်တိုင်စီသည် ပျမ်းမျှလုံးပတ် ၆၃ လက်မရှိသည်။ တိုင်များပေါ်တွင် အခြေမှ ၄၃ လက်မအထက်တွင် ၁၃ လက်မအမြင့်ရှိသော သဲပန်းပုချပ်များကို တိုင်လုံးများ ပတ်လည်တွင်ကပ်ထားသည်။ အများစုသည် ရာမဇာတ်တော်လာ ဇာတ်ကွက်များဟု ယူဆရပေသည်။ အချို့သော ပန်းပုရုပ်များသည်လည်း ခေါင်းကျိုးခြေပြတ်ဖြင့် ပျက်စီးနေကြသော်လည်း အများစုမှာမူ ယခုတိုင် မူလအနေအထားအတိုင်း ထိန်းသိမ်းထားနိုင်သည်ကို တွေ့ရပေသည်။

မူလ အမိုးနှစ်ထပ်ကိုလည်း ကောင်းမွန်စွာတွေ့ရှိရသည်။ အမိုးအောက်ခြေတွင် ကပ်ထားသည့် မှန်စီရွှေချမျက်နှာကြက်များကိုလည်း မြင်ကြရသည်။ ဇရပ်ဆောင်ဟုယူဆရသော ယင်းခန်းမ၏မြောက်ဘက်တွင် သံဃာစင်ဖြစ်နိုင်သည့်နေရာကိုလည်း တွေ့ကြရသည်။ တစ်ချိန်သောကာလက တရားသဘင်များကျင်းပသော ဓမ္မသာလာအဆောက်အအုံတစ်ခုဟု ယူဆမိပါသည်။ ယခုအခါတွင်အောက်ကြမ်းခင်းများကို ပြန်လည်ခင်းကာ အဆောက်အအုံကြံ့ခိုင်မှုအတွက် ကောင်းစွာထိန်းသိမ်းထားပေသည်။

နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအဆင့်ကို ကြွင်းကျန်နေသော ရှေးဟောင်းပစ္စည်းများက ညွှန်းဆိုပြသမြဲဖြစ်ပေရာ မြန်မာနိုင်ငံနေရာအနှံ့တွင်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများသည် မြန်မာတို့၏ မြင့်မားသောယဉ်ကျေးမှုကို သက်သေထူလျက်ရှိနေသည်။ ယင်းတို့အနက် သခွတ်တနယ်ဘုရားကြီးအတွင်းမှ ရှေးဟောင်းလက်ရာများသည် ပျက်စီးမှုများ အနည်းငယ်ရှိနေသော်လည်း လက်ရာမြောက်လှသည့် ကုန်းဘောင်ခေတ် ပန်းပုလက်ရာများကို လေ့လာကြည့်ရှုလိုသူများအား မြန်မာတို့၏ ယဉ်ကျေးမှုအနုလက်ရာများကို ဂုဏ်ယူစွာ ဖော်ညွှန်းပြသလျက်ရှိနေပေတော့သည်။

STUDY OVERSEAS & CAREER FAIR 2015
နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ
Organized by: RVi INSTITUTE
Developing Management & Education Excellence
12th June 2015 | 12:00 NN to 4:00 PM | MCTA: RVi Academy Mandalay
14th June 2015 | 10:00 am to 4:00 pm | Novotel Hotel Yangon
For registration, please call: 01-230 5998, 536 260, 09-252 483 600 | 02-733 25, 733 26, 09-201 1406

စင်ကာပူနိုင်ငံတွင်ကျင်းပလျက်ရှိသော (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်လျက်ရှိသော နိုင်ငံဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသူရဲကောင်းများအနေဖြင့် ရွှေတံဆိပ်ဆုမြောက်များစွာဖြင့် အောင်မြင်မှုများ ရယူနိုင် ပါစေကြောင်း မြန်မာပြည်သူ/ပြည်သားများအားလုံး နှင့်အတူ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
Nice Fare Travel Co.,Ltd နှင့်မိသားစု

## သဲကုန်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

**သဲကုန်း ဇွန် ၈**

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၉ နာရီက သဲကုန်းမြို့နယ် သဖန်းချိုအုပ်စု ဖွံ့ဖြိုးရေးလမ်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကွျန်း၊ ယူကလစ်၊ မဲဇလီ၊ မဟော်ဂနီနှင့် ရေတမာပင် စုစုပေါင်း သစ်ပင် ၁၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နွားလှည်း၊ မြင်းစီးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဆုံး ဝေရောစနကျောက်စိမ်းစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်ပြိုင်ပွဲများကို ဇွန် ၅ ရက် ညနေ ၄ နာရီက ပြိုင်ပွဲကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့ရိုးရာ နွားလှည်းဒိုး အငယ်တန်းပြိုင်ပွဲ၊ အကြီးတန်း နွားလှည်းဒိုးပြိုင်ပွဲ၊ အငယ်တန်း ခြေအလှအသားကျ နွားလှည်းပြိုင်ပွဲ၊ အကြီးတန်း ခြေအလှ အသားကျ နွားလှည်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာအသားကျ မြင်းစီးပြိုင်ပွဲ၊ မြန်မာ့ရိုးရာမြင်းစီးဒိုးအငယ်တန်းပြိုင်ပွဲ၊ အကြီးတန်းမြင်းစီးဒိုးပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြသည်။

မြင်းအကဲဖြတ် ဒိုင်လူကြီးအဖြစ် ညှိခံဖျော်ဖြေပေးသည့် ရှမ်းပြည်နယ် ဟဲဟိုးမြို့မှ ဦးစိုးနိုင်၊ မြင်းစီးပြိုင်ပွဲတွင် အသက်အကြီးဆုံးမြင်းစီးအားကစားသမား ဦးကျောက်ခဲ(၈၂ နှစ်)၊ ဦးတင်မောင်(၈၁ နှစ်)၊ အသက်အငယ်ဆုံးဆုရမြင်းဗိုလ်(၁၄ နှစ်)တို့ကို ငွေသားဆုများနှင့် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ရှစ်သိန်း၊ တတိယဆု ငါးသိန်းတို့ကို မြင်းစီးဥက္ကဋ္ဌ ဒေါက်တာဆန်းထွန်းဦးနှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။ နွားလှည်းပြိုင်ပွဲ ပထမဆု ၂၂ သိန်း၊ ဒုတိယဆု ၁၅ သိန်း၊ တတိယဆု ၁၀ သိန်း၊ နှစ်သိမ့်ဆု သုံးသိန်းတို့ကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ အလှူရှင်ဦးစိုးနိုင်၊ နွားလှည်းပြိုင်ပွဲ ဥက္ကဋ္ဌ ဦးလှိုင်နှင့် တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြော

**ပုဏ္ဏားကျွန်း ဇွန် ၈**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်(ငြိမ်း)က မိုးဦးကာလတွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် သန့်(၄)သန့်ဖြစ်သည့် လက်သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ရေသန့်ရှင်းရေး၊ အိမ်သာသန့်ရှင်းရေးတို့နှင့် ပတ်သက်သည့် ဂရုပြုလိုက်နာရမည့် အချက်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ရေသန့်ရှင်းရေးအတွက် ရေသန့်ဆေးဖျော်စပ်နည်းကို လက်တွေ့သရုပ်ပြသသည်။

ထို့နောက် ရေရှားပါးလျက်ရှိသည့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် အသုံးပြုရန်အတွက် ရေသန့်ဆေးများကို မြို့နယ် ကျန်းမာရေးမှူးများထံ ပေးအပ်လှူဒါန်းပြီး စစ်တွေခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်စိုးက ပုဏ္ဏားကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ သောက်သုံးရေ ရေသန့်ဘူးများ လှည့်လည် လှူဒါန်းပြီး ပုဏ္ဏားကျွန်းမြို့နယ်တွင် အပူချိန်မြင့်မား၍ သောက်သုံးရေများ ရှားပါးလျက်ရှိသဖြင့်စစ်တွေမြို့နှင့် ကျောက်တော်မြို့တို့မှ ရေအလှူရှင်များက မော်တော်ယာဉ်များဖြင့် လာရောက်ကာ သောက်ရေ၊ သုံးရေများလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်ထွန်း(iprd)**

## မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သင်တန်းပို့ချ

**ကျိုက်လတ် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ကြီးမှူးသင်ကြားပေးသည့် အရေးပေါ်အခြေအနေ၏ အစောပိုင်းကာလမှစ၍ မဖြစ်မနေ ဆောင်ရွက်ပေးရမည့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်း သင်တန်းကို ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်း၏ ရည်ရွယ်ချက်မှာ အရေးပေါ်အခြေအနေတစ်ခု၏ အစောပိုင်းရက်များနှင့် ရက်သတ္တပတ်များတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု၏ အကျိုးဆက်များကို ကာကွယ်ရန်နှင့် စောင့်ရှောက်ကုသရန်၊ မွေးကင်းစကလေးနှင့် မိခင်နာမကျန်းမှုနှင့် သေဆုံးနှုန်းမြင့်မားခြင်းကို ကာကွယ်ရန်၊ HIV ကူးစက်မှုကို လျှော့ချရန်၊ ပြည့်စုံသော မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုအတွက် အစီအစဉ်ရေးဆွဲညှိနှိုင်း ဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေတစ်ခုတွင် မရှိမဖြစ် လိုအပ်သော ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို ပစ္စည်းပုံးများအဖြစ် ကြိုတင်ထုပ်ပိုးထားသဖြင့် အရေးပေါ်အခြေအနေတွင် အသုံးပြုတတ်ရန်၊ သင်တန်းပြီးနောက်ပိုင်းတွင် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။ သင်တန်းကို သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



**ဇလွန် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ပညာပေးဟောပြောခြင်း၊ ကာကွယ်နှိမ်နင်းရေး၊ဆေးမှုတ်ခြင်း၊ ပိုးလောက်လမ်းကာကွယ်ရေး (အဘိတ်) ဆေးခတ်ခြင်း အခမ်းအနားကို ဇလွန်မြို့နယ် လမိုင်းကျေးရွာ အမကကျောင်းတွင် ဇွန် ၅ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းသန်းနှင့် တာဝန်ရှိသူများက ပညာပေး ပြောကြားခဲ့သည်။

ဆက်လက်၍ လမိုင်း အမကကျောင်းနှင့် လမိုင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်း (လွန်) ကျောင်းတို့ကို သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကျောင်းဝင်း ကျောင်းပြင်ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ ဆေးများပက်ဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မူဆယ် ဇွန် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် မော်တောင်းကျေးရွာတွင် သောက်သုံးရေရရှိရေးနှင့် ရွာချင်းဆက် ကျောက်ချောလမ်းခင်းနိုင်ရေးအတွက် ဇွန် ၆ ရက်က တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ တွေ့ဆုံပွဲကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့သည် မော်တောင်းကျေးရွာတွင် ဂါလန်၂၀၀၀ ဆံ့ ရေကန်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မော်တောင်းကျေးရွာနှင့် ခိုတိန်ရွာသို့ ဆက်သွယ်သောလမ်းကို ကျောက်ချောလမ်း တစ်မိုင်ခွဲလမ်းခင်းနိုင်ရန်အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

**ကျေးဇူး ဆပ်ပါမည်**

ဦးမောင်လှ၏သား ကျွန်တော်ဦးမျိုးအောင်လှ ၁၂/ပဘတ(နိုင်)၀၂၂၉၂၃ သည် ၁၇-၁-၂၀၁၅ရက်တွင် အငှားယာဉ်ပေါ်တွင် (နိုင်ငံကူးလက်မှတ်)စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၇၀၁၄၄၈

**ကျေးဇူး ဆပ်ပါမည်**

ဦးမောင်လှ၏သား ကျွန်တော်ဦးမျိုးဇော်လှ ၁၂/ပဘတ(နိုင်)၀၂၂၉၂၂ သည် ၁၇-၁-၂၀၁၅ရက် အငှားယာဉ်ပေါ်တွင် (နိုင်ငံကူးလက်မှတ်)စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၅၅၈၂၈၉

မြန်မာနိုင်ငံ၏အောင်မြင်မှုအရှိဆုံး ပုဂ္ဂလိကတက္ကသိုလ်

**Victoria University College**

'တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား လှိုက်လှဲစွာကြိုဆိုပါသည်'

- **Engineering**
- **Business**
- **Computer Science**
- **Medical Study**

အထက်ဖော်ပြပါ ဘာသာရပ်များအနက် မိမိ စိတ်အားထက်သန်ဆုံး ဘာသာရပ်ကို ရွေးချယ် လျှောက်ထားနိုင်ပါပြီ။

တက္ကသိုလ်ဝင် အမှတ်စာရင်းမလိုပါ။ ဝါသနာနှင့် ကြိုးစားအားထုတ်ရန်သာ လိုပါသည်။

အင်္ဂလန်နိုင်ငံ အစိုးရပိုင် University of Wolverhampton မှ တိုက်ရိုက်ချီးမြှင့်သည့် ဒီဂရီဘွဲ့များကို Victoria University College မှာပင် သင်ယူ တက်ရောက်ရယူ နိုင်ပါသည်။

ကျောင်းသားရေးရာဌာန – အမှတ်(၁၆၆)အထက်ပန်းဆိုးတန်းလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၀၉ ၂၆၃၀၃၆၀၄၄၊ ၀၉ ၂၅၄၅၇၄၇၃၈။

ငြင်းချက်ထုတ်ရန် သမ္မာန်စာ။
(တရားမကျင့်ထုံးကို ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၅ခုနှစ်၊ တရားမကြီးမှု အမှတ် -၅၄၆)

| | | |
|---|---|---|
| ၁။ ဦးရဲထွန်း | နှင့် | ၁။ ဒေါ်စန်းရီ(ကွယ်လွန်) |
| ၂။ ဦးဇော်ဝင်း | | ဒေါ်ရီရီမြင့် (သမီး) |
| | | ၂။ ဦးဝင်းဖေ |
| | | ၃။ ဒေါ်သီရိမြင့် |
| တရားလို | | (တရားပြိုင်များ) |

အမှတ်-၇၊ ရာဇာဒိရာဇ်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်စန်းရီ(ကွယ်လွန်)၊ ဒေါ်ရီရီမြင့် (သမီး) (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။ သင့်အပေါ် တရားလိုက အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုစားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဇွန်လ(၂၆)ရက်။ (၁၃၇၇ခုနှစ်၊ ပထမဝါဆို၊ လဆန်း(၁၀)ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့် အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မန်ဟောက်ချန်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆပ်ပြာစက်ရုံခွဲ (ရမည်းသင်း)မှ
## ပစ္စည်းအဟောင်း(၈)မျိုးတို့အား ရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆပ်ပြာစက်ရုံ(ရမည်းသင်း) ကြီးကြပ်မှုအောက်ရှိ ဝင်းသူဇာ အရောင်းဆိုင်နှစ်ဆိုင်မှ ပစ္စည်းအဟောင်း(၈)မျိုးတို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါသည်-

| | | | |
|---|---|---|---|
| (က) အလူမီနီယံကောင်တာ | ၂၀ လုံး | (င) ပွတ်လုံးတိုင် | ၄ တိုင် |
| (ခ) ဆိုင်းဘုတ်အကြီး | ၂ ချပ် | (စ) ပစ္စည်းတင်စင် | ၁၀ ခု |
| (ဂ) ဆိုင်းဘုတ်အသေး | ၁၂ ချပ် | (ဆ) ဗီွနိုင်း | ၁ ခု |
| (ဃ) နံရံကပ်ဆိုင်းဘုတ် | ၁၄ ချပ် | (ဇ) အခြားဆက်စပ်ပစ္စည်းများ | |

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၆-၂၀၁၅ ရက်(ကြာသပတေးနေ့)
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆း၀၀ နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၈-၆-၂၀၁၅ ရက် ၁၀း၀၀ နာရီ (ကြာသပတေးနေ့)
(ဃ) တင်ဒါတင်သွင်းမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းများဖြင့် စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၄၀၈၀၆၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်ပဓာတ်အားခွဲရုံများရှိ 25 Mvar Capacitor Bank များတွင် အသုံးပြုရန်လိုအပ်သော Capacitor Unit နှင့် Current Transformer များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင်ဓာတ်အားလိုင်းနှင့် ၂၃၀ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း တို့အတွက် လိုအပ်သော Fitting ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### တောင်ကြီးမြို့နယ်တရားရုံး၌
### ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉ နှင့်ဆက်သွယ်သည့်
### ၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၇

| | | |
|---|---|---|
| ဦးစောထွန်းကြာ | **နှင့်** | ဒေါ်ထွေးထွေးအောင် |
| အမှတ်(၃၅/၁၂)၊ | | အမှတ်၃၅/၁၂၊ |
| ကြံတိုင်းအောင်လမ်း၊ ရေအေးကွင်းရပ်၊ | | ကြံတိုင်းအောင်လမ်း၊ ရေအေးကွင်း |
| တောင်ကြီးမြို့။ | | ရပ်၊ တောင်ကြီးမြို့။ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကြံတိုင်းအောင်လမ်း၊ အိမ်အမှတ် (၃၅/၁၂)နေ တရားရှုံး ဒေါ်ထွေးထွေးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၉/၂၀၁၄တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစောထွန်းကြာ (တရားနိုင်)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၁၉ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုရတနာလှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ရပ်စောက်မြို့တွင် (ပေ ၉၀×ပေ ၁၂၀×ပေ ၄၁)ရှိ မိုးလုံလေလုံအားကစားရုံ(၁)ရုံ တည်ဆောက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်လိုသူများ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့်အဆောက်အအုံ အသေးစိတ်ကို ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ (က) **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၅-၆-၂၀၁၅ ရက် (သောကြာနေ့)
(ခ) **တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၁၈-၆-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန**
**တောင်ကြီးမြို့**

## လေလံတင်ရောင်းချရန်ကြော်ငြာ

မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ သစ်ထုတ်ရေးဒေသများနှင့် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှ အသုံးမပြုတော့သည့် တာယာ၊ ဘက်ထရီ၊ ပီပါခွံ၊ ယာဉ်/ယန္တရား ပစ္စည်းဟောင်းနှင့် လွှဝိုင်းဟောင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုသိမ်မြို့
(ခ) **လေလံတင်ရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
(ဂ) **လေလံပုံစံစတင်ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုသိမ်မြို့
(ဃ) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၆-၂၀၁၅ ရက်

လေလံပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင်ကျပ် ၅၀၀၀ိ/ ဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့**
**ဖုန်း-၀၄၂-၂၄၃၈၆**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆ နှင့်ဆက်သွယ်သည့်
### ၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃၈

| | | |
|---|---|---|
| ဦးသက်ထွန်း | **နှင့်** | ၁။ ဒေါ်နီလာအေး |
| လမ်း ၇၀၊ ၃၂×၃၃ လမ်းကြား၊ | | ၂။ ဦးစိန်မောင်မောင်(ခ) ဦးစိန်မောင် |
| ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ | | ၃။ ဒေါ်ထွေးထွေး(ခ) ဒေါ်ထွေးထွေးမြင့် |
| **တရားနိုင်** | | **တရားရှုံးများ** |

(၁)ဒေါ်နီလာအေး၊ (၂)ဦးစိန်မောင်မောင်(ခ)ဦးစိန်မောင်၊ (၃)ဒေါ်ထွေးထွေး(ခ)ဒေါ်ထွေးထွေးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မန္တလေးခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၁၃၈/၂၀၁၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၂၉ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးထွန်းထွန်းအောင်**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တရားရုံး
### ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၀မှာ ပေါ်ပေါက်လာသော
### ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်လှမြင့် | **နှင့်** | ၁။ ဦးကျော်ကျော် ၂။ ဦးအလီဘိုင် |
| **တရားနိုင်** | | **တရားရှုံးများ** |

ဦးကျော်ကျော်၊ ဦးအလီဘိုင် ယခုနေရပ်လိပ်စာမသိရှိသူများ သိရှိစေရမည်။

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၀တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**တာမွေမြို့နယ်တရားရုံး**
**ရန်ကုန်တိုင်းဒေသကြီး**

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန
## ရုံးသုံးလုံခြုံမှုစနစ်ပါ ရောင်စုံပုံနှိပ်စက္ကူများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးလုံခြုံမှုစနစ်ပါ ရောင်စုံပုံနှိပ်စက္ကူ ၁၁ မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၆-၂၀၁၅ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ် ၄၆၊ နေပြည်တော်တွင် တစ်စောင်လျှင် ၂၀၀၀ိ/- ကျပ်ဖြင့် လာရောက်ဝယ်ယူပြီး ၁၆-၆-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်တင်သွင်းရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၀၂၂ နှင့် ၀၆၇-၄၃၀၄၀၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့၊**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော်**

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံး/ရဲစခန်းသုံးပုံစံများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်မှာ ၈-၆-၂၀၁၅ ရက်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ရက်မှာ ၁၈-၆-၂၀၁၅ ရက် ၁၃း၀၀ နာရီဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၈-၆-၂၀၁၅ ရက်မှ ၁၇-၆-၂၀၁၅ ရက်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ထောက်ပံ့ဌာန၊ ရုံးအမှတ် ၄၅ တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပစ္စည်းများ ဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ထောက်ပံ့ဌာန၊ ရုံးအမှတ် ၄၅၊ ဖုန်း-၀၆၇-၄၁၂၅၁၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## အငယ်တန်းအင်ဂျင်နီယာ (၃)
## (လျှပ်စစ်၊ စက်မှု၊ ရေသန့်) ရာထူးများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ(၃) (လျှပ်စစ်၊ စက်မှု၊ ရေသန့်) လစာနှုန်း (၁၆၅၀၀၀ိ-၂၀၀၀ိ-၁၇၅၀၀၀ိ) ရာထူးနေရာများတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အနည်းဆုံးစက်မှုလက်မှုအထက်တန်းကျောင်းကို (လျှပ်စစ်၊ စက်မှု၊ ရေသန့်) ဖြင့် အောင်မြင်သူဖြစ်ရမည်။ နည်းပညာတက္ကသိုလ် ကျောင်းဆင်းများလည်း လျှောက်ထားနိုင်သည်။
(ခ) သက်ဆိုင်ရာလုပ်ငန်းအတတ်ပညာကို ကျွမ်းကျင်သူဖြစ်ရမည်။

၂။ လျှောက်ထားလိုသူများသည် ၃၀-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်နှင့်အောက် ဖြစ်ရမည်။
(ဂ) ခြောက်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ အောင်လက်မှတ်မိတ္တူ၊ အသက်မှန်ကန်ကြောင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာ
(င) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ
(စ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပါက အစမ်းခန့်ကာလ သုံးလခန့်ထားမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် အောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သူနာပြုတက္ကသိုလ် ရန်ကုန် ဖုန်း-၀၁-၂၂၂၈၈၃၊ ၂၂၂၈၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကလောမြို့နယ်တရားမရုံး၌
### ၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၇

| | | |
|---|---|---|
| ဒေါ်နှင်းယုလွင် | **နှင့်** | ဦးတင်မောင်စိုး |
| **တရားလို** | | **တရားပြိုင်** |

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့နယ်၊ ကျိုင်းတောင်မြို့၊ သစ်တောဦးစီးဌာနနေ ဦးတင်မောင်စိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းယုလွင်က လင့်ဝတ္တရားပျက်ကွက်သည့်အပြင် မချစ်မနှစ်သက်၍ ငါးနှစ်ကျော်အထောက်အပံ့မပေးဘဲ စွန့်ပစ်ခံထားရသဖြင့် ကွာရှင်းလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၃၀ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၄ခုနှစ်(သို့မဟုတ်)၂၀၁၅ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကမ္ဘာ့ဘောလုံးလောက၏ အသိအမှတ်ပြုခြင်းခံရသည့် မြန်မာ ယူ-၂၀ အသင်း အမိမြေသို့ ရောက်ရှိ

■ တွေ့ဆုံမေးမြန်း - မောင်မောင်မြင့်ဆွေ၊ မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မိုးမခ



ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် မြန်မာယူ-၂၀ အသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

ရန်ကုန် ဇွန် ၈

နယူးဇီလန်နိုင်ငံတွင် ကျင်းပလျက်ရှိသော ယူ- ၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ -၂၀ ဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် ကမ္ဘာ့ဘောလုံးလောက၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရပြီး ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ ပြန်လည်ရောက်ရှိလာသည့် မြန်မာယူ-၂၀ ဘောလုံးအသင်း စိတ်ဓာတ်ခွန်အားအပြည့်ဖြင့် ယှဉ်ပြိုင်ခဲ့မှုကြောင့် ပြည်သူများက သောင်းသောင်းဖြဖြ နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

မြန်မာ ယူ-၂၀ ဘောလုံးအသင်းသည် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်၌ အင်အားကြီးအမေရိကန်၊ ယူကရိန်းနှင့် အိမ်ရှင်နယူးဇီလန်တို့ကို ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသော်လည်း မြန်မာ့ဘောလုံးသမိုင်းတွင် ကမ္ဘာသိ မှတ်တမ်းသစ်တစ်ခုကို ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ အာရှတိုက်တွင် လေးသင်းတည်း ပါဝင်ခွင့်ရသော ကမ္ဘာ့ဖလားတွင် မြန်မာအသင်းပါဝင်ခွင့်ရရှိခဲ့သည်။ ယခုပြိုင်ပွဲမှ အတွေ့အကြုံကို သင်ခန်းစာယူပြီး နောင်ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ရလဒ်ကောင်းများရရှိအောင် ကြိုးစားသွားကြရမည် ဖြစ်သည်။ ယနေ့ပြန်လည်ရောက်ရှိလာသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာအသင်းကိုကြိုဆိုသူများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်များဆွတ်ခူး

SINGAPORE 2015

28th SEA GAMES

5 – 16 JUNE 2015





ဓာတ်ပုံ-စိုးညွန့်

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၈) ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲများကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာအားကစားသမားများ ရွှေတံဆိပ်ဆုများ ဆွတ်ခူးလျက်ရှိကြောင်း သိရသည်။

ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ စန္ဒီဦး၏ ပြိုင်ပွဲဝင်ဟန်။

+ ၇၈ ကီလိုတန်းအမျိုးသမီး ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ခင်မျိုးသူ ဆုတံဆိပ်နှင့်အတူ တွေ့ရစဉ်။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

